# သစ္စာအာစွမ်း အံ့မခန်း

## (ရတနသုတ် ပရိတ်)




ဘဒ္ဒန္တနာရဒါဘိဝံသ(လှုရတနာ)

ပထမကျော်၊ အဂ္ဂမဟာအကျော်၊ အဋ္ဌကထာမြန်အကျော်

သ·စ·အ မမ္မာစရိယ၊ ဝင်္ဂသကာ၊ ပါဠိပါရဂူ၊



သာသနာ-၂၅၆၀

ကောဇာ-၁၃၇၈

## သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ

## အလှူတကာတွင် တရားဓမ္မအလှူသည်
## အမြတ်ဆုံး

သို့

----------------------

----------------------

----------------------

မှ

----------------------

----------------------

----------------------

အမှတ်တရ ဓမ္မဒါနလက်ဆောင်မွန်

နေ့စွဲ--------------

# သစ္စာအစွမ်း
# အံ့မခန်း

(သစ္စာဆိုင်ရာများနှင့် ရတနသုတ်အစွမ်း
အံ့မခန်းတို့ကို ဖော်ပြထားသည်)

**လှုရတနာ စာစဉ် (၅၈)**

ဘဒ္ဒန္တနာရဒါဘိဝံသ (လှုရတနာ)
ပထမကျော်,အဂ္ဂမဟာအကျော်,အဋ္ဌကထာပြန်အကျော်,
ဝဋံသကာ,ပါဠိပါရဂူ,သ-စ-အ ဓမ္မာစရိယ

**သာသနာ- ၂၅၆၁- ကောဇာ- ၁၃၇၉- ခရစ်- ၂၀၁၇၊**

# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပုံနှိပ်ခြင်း | - | ဒုတိယအကြိမ် ၂၀၁၇-ဩဂုတ်လ။ |
| အုပ်ရေ | - | ၁၀၀၀ |
| စီစဉ်သူ | - | ဘဒ္ဒန္တနာရဒါဘိဝံသ (လှရတနာ) |
| ပုံနှိပ်သူ | - | ဦးမြင့်ဦး (သိန်းသန်းဦး အောက်ဖ်ဆက်)<br>အမှတ်(၁၂၀/၁၁၉)၊ ၃၄-လမ်း။<br>ကျောက်တံတားမြို့နယ်၊ ရန်ကုန်။<br>ဖုန်း-၂၅၂၆၂၀၊ ၃၉၈၀၃၁။ |
| ထုတ်ဝေသူ | - | ဦးမြင့်ဦး (ရွှေကျေးစာပေ) |
| မျက်နှာဖုံးဒီဇိုင်း | - | ကိုမြင့်မောင်၊ |

ဘဒ္ဒန္တနာရဒါဘိဝံသ- သစ္စာအစွမ်း အံ့မခန်း

ရွှေကျေးစာပေ ၂၀၁၆-ခုနှစ်၊ အောက်တိုဘာလ၊ ဒုတိယအကြိမ်

၄၁၉- စာ၊ ၁၃၊ ၂၂။×၂၀-စင်တီ

သစ္စာအစွမ်း အံ့မခန်း

# သစ္စာအစွမ်း အံ့မခန်း

## မာတိကာ

### (က) အမှန်သစ္စာဟူသည်


၁။ သစ္စာအမျိုးအစား ၁

၂။ သစ္စာစွမ်းအင် အာနိသင်များ ၉


### (ခ) ဒီမိုကရေစီအစ ဝေသာလီက


၃။ ဒီမိုကရေစီ ဝေသာလီနိုင်ငံ ၁၄

၄။ ရတနသုတ်ဆိုင်ရာ အမေး(၄)ပုဒ် ၂၈

၅။ ရတနာစစ်တမ်း ထုတ်ခြင်း ၂၉


### (ဂ) သစ္စာအစွမ်း အံ့မခန်း


၆။ ရတနသုတ်ပါဠိတော် (အနုလုံ) ၃၂

၇။ ပရိတ်ရွတ်စဉ် ဆင်ခြင်ဖွယ်နှင့် စိတ်ထား ၃၇

၈။ ရတနသုတ် ဂုဏ်ရည်အစွမ်း ၄၇

၉။ နတ်တို့အား တိုက်တွန်းချက် ၄၈

၁၀။ ယံ ကိဉ္စိ-ဂါထာ ဗုဒ္ဓရတနာဖြင့် သစ္စာပြု မေတ္တာပို့ခြင်း ၅၂

၁၁။ ခယံ-ဂါထာ ဓမ္မရတနာဖြင့် သစ္စာပြု မေတ္တာပို့ခြင်း ၅၅

၁၂။ ယံ ဗုဒ္ဓ-ဂါထာ ဓမ္မရတနာဖြင့် သစ္စာပြု မေတ္တာပို့ခြင်း ၅၇
၁၃။ ယေပုဂ္ဂလာ-ဂါထာ သံဃာရတနာဖြင့်
သစ္စာပြု မေတ္တာပို့ခြင်း ၆၁
၁၄။ ယေသုပ္ပယုတ္တာ-ဂါထာဖြင့် သံဃာရတနာဖြင့်
သစ္စာပြု မေတ္တာပို့ခြင်း ၆၄
၁၅။ ယထိန္ဒခီလော-ဂါထာ သံဃာရတနာဖြင့်
သစ္စာပြု မေတ္တာပို့ခြင်း ၆၇
၁၆။ ယေ အရိယ-ဂါထာ သံဃာရတနာဖြင့်
သစ္စာပြု မေတ္တာပို့ခြင်း ၇၀
၁၇။ သဟာဝဿ-ဂါထာ သံဃာရတနာဖြင့်
သစ္စာပြု မေတ္တာပို့ခြင်း ၇၂
၁၈။ ကိဉ္စာပိ-ဂါထာ သံဃာရတနာဖြင့်
သစ္စာပြု မေတ္တာပို့ခြင်း ၇၅
၁၉။ ဝနပ္ပဂုမ္ဗေ-ဂါထာ ဗုဒ္ဓရတနာဖြင့်
သစ္စာပြု မေတ္တာပို့ခြင်း ၇၇
၂၀။ ဝရော-ဂါထာ ဗုဒ္ဓရတနာဖြင့်
သစ္စာပြု မေတ္တာပို့ခြင်း ၇၉
၂၁။ ခီဏံ-ဂါထာ သံဃာရတနာဖြင့်
သစ္စာပြု မေတ္တာပို့ခြင်း ၈၂
၂၂။ သိကြားနတ်မင်း ဘုရားရှိခိုးနှင့် ဆုတောင်းမေတ္တာ ၈၄

၂၃။ သိကြားနတ်မင်း တရားရှိခိုးနှင့် ဆုတောင်းမေတ္တာ ၇၅
၂၄။ သိကြားနတ်မင်း သံဃာရှိခိုးနှင့် ဆုတောင်းမေတ္တာ ၇၆
၂၅။ ရတနသုတ်အချုပ် ၇၇

## (ဃ) ရတနသုတ်မြတ် ရွတ်ဖတ်ရကျိုး

၂၆။ ဆရာတော်ကြီးများ၏ တိုက်တွန်းချက် ၈၈
၂၇။ ကိုယ်တွေ့အကျိုးများ ၉၀
၂၈။ ပရိတ်တန်ခိုး အကျိုးများစွာ ၉၄
၂၉။ အင်္ဂလိပ်ဘာသာပြန် ပါဠိတော်နှင့် မြန်မာပြန် ၉၇
၃၀။ ရတနသုတ် ပဋိလုံ ပါဠိတော် ၁၀၁
၃၁။ သစ္စာပါရမီတာ ပါဠိတော်များ ၁၀၅
၃၂။ ပါဒပိဋကာဝတ္ထုလာ သစ္စာပြုဂါထာများ ၁၀၈
၃၃။ ရတနာသုံးပါးနှင့် စပ်သော သစ္စာပြုပုံများ ၁၁၀
၃၄။ ဗုဒ္ဓဂယာ ခရီးစဉ် ၁၁၂
၃၅။ ဗုဒ္ဓခြေတော်ရာအလှူရှင်များ ၁၁၇

ဒုတိယအကြိမ်

**သဒ္ဓါအစွမ်း၊ အံ့မခန်း၊**

**စာအုပ် ဓမ္မဒါန**

**အလှူရှင်**

ကိုဌေးအောင်+မချို

သား-မောင်အောင်ပြည့်

မောင်စွမ်းပြည့်

သမီး-မစောယုနန္ဒီ

ဝေမြို့-ကောင်းမှု

နိဗ္ဗာန်ဆု

(၁၆-၆-၂၀၁၇)

# နိဒါန်း၊ အာမုခ

## သစ္စာစကား

သစ္စာစကားဟူသည် "သစ္စံ ဝေ သာဒုတရံ ရသာနံ-မြေပြင်မှာ ရှိသမျှ အရသာဟူသမျှတွင် သစ္စာစကားသည်သာလျှင် အချိုမြိန်ဆုံးသော အရသာဖြစ်သည်" ဟူသည်နှင့်အညီ စကားဟူသမျှတွင် သစ္စာစကားသည် အမြတ်ဆုံး အရသာအရှိဆုံးစကား ဖြစ်ပေသည်။

မိလိန္ဒပဥှာ၌ ရဟန္တာအရှင် နာဂသေနမထေရ်က "နတ္ထိ တံ ဌာနံ၊ ယံ သစ္စေန နပတ္တဗ္ဗံ-အမှန် သစ္စာဖြင့် မရောက်အပ်သော အရာမည်သည် မရှိချေ"ဟူ၍လည်းကောင်း၊ "သစ္စေ ဌိတာ နကိဉ္စိ အတ္ထံ နဝိန္ဒန္တိ -အမှန်သစ္စာ၌ ရပ်တည်လျှင် ကောင်းကျိုးကိစ္စဟူသမျှ အကုန်ရကြ၏" ဟူ၍လည်းကောင်း မှတ်ချက်ချထား၏။ ထို့ကြောင့် စာဆိုရှင်တို့ကလည်း

**စကားသစ္စာ မှန်သောခါကား ဩဇာလေးနက် ပေါ်ဆီတက်၍ နှယ်မြက်သစ်ပင် ဆေးဘက်ဝင်၏** (ပါရမီတော်ခန်းပျို့) ဟူ၍လည်းကောင်း

**သစ္စာနတ်သီး မန္တာန်ကြီးကား သေပြီးသော်မှ ရှင်ပြန်ရ၏** (မဃဒေဝ) ဟူ၍လည်းကောင်း မှတ်တမ်းတင် ထားကြခြင်း ဖြစ်သည်။

## သစ္စာမန္တန်တော်ကြီး

ဘုရားအလောင်းတော်သည် ပါရမီဖြည့်စဉ်ဘဝတို့ဝယ် မျောက်မင်း၊ငုံးမင်း၊ငါးရံ့မင်း၊ သိဝိမင်း၊ သစ္စရသေ့၊ ကဏှဒီပါယန ရသေ့၊ သုပ္ပါရကမာလိန်မှူး၊ မဟာသုတသောမမင်းဘဝ စသည်တို့၌ သစ္စပါရမီကို ဘဝများစွာ ဖြည့်ကျင့်တော်မူခဲ့ရ၏။ ဘုရားအဖြစ်သို့ ရောက်သောအခါ၌ကား ဝေသာလီပြည်တွင် ကပ်ဘေးကြီး(၃)ပါး

ဖြစ်ပေါ်လာသောအခါ သစ္စာကို (၁၂)ကြိမ် ပြုတော်မူလျက် မေတ္တာပွားများပို့သခဲ့ရာ ကပ်ဘေးကြီးသုံးပါး ပျောက်ကင်းခဲ့ပေသည်။ ထို့အပြင် တရားနာပရိတ်သတ်ပေါင်း ငါးသိန်းရှစ်သောင်း ရှစ်ထောင် (၅၈၈၀၀၀)တို့ မဂ်ဖိုလ်နိဗ္ဗာန်ရလျက် ကျွတ်တန်းဝင်ခဲ့ကြ၏။ ရတနသုတ်ပရိတ်၏ အမိန့်အာဏာကိုလည်း စကြာဝဠာကမ္ဘာပေါင်း ကုဋေတစ်သိန်းမှ နတ်ဗြဟ္မာအပေါင်းတို့ ခံယူကြရ လေသည်။ရတန သုတ် ပရိတ်တော်သည်ကား ဤမျှအထိ တန်ခိုးရှိန်ဝါကြီးမားလှ ပါပေသည်တကား။

ဘုရားရှင်သည် ရတနသုတ်ပရိတ်တော်တွင် (၁၂)ကြိမ်သစ္စာ ပြုလျှက် (၁၃)ဂါထာကို ဟောကြားခဲ့၏ ဂါထာတစ်ပုဒ် ဂါထာတစ် ပုဒ်စီတွင် (၃)ပိုင်းပါရှိခဲ့ရာ ပထမပိုင်းတွင် ဘုရားဂုဏ်ဖြစ်စေ၊ တရား ဂုဏ်ဖြစ်စေ၊ သံဃာဂုဏ်ဖြစ်စေ ဖော်ပြပြီးမှ ဒုတိယပိုင်းအနေဖြင့် "ဧတေန သစ္စေန"ဟု သစ္စာပြုလျက် တတိယပိုင်းမှာ"သုဝတ္ထိ ဟောတု" ဖြင့်မေတ္တာပို့သလေသည်။ တချက်ခုတ် သုံးချက်ပြတ်နည်းဖြင့် ဟောတော်မူခြင်းဖြစ်သည်။

ဤသို့လျှင်သစ္စာပြုသည့် ဂါထာတိုင်းတွင် ဗုဒ္ဓါနုဿတိ ဘာဝနာ ဓမ္မာနုဿတိဘာဝနာ သံဃာနုဿတိဘာဝနာ သစ္စာပါရမီ မေတ္တာပါရမီတို့ ပါရှိနေကြသဖြင့် ရတနသုတ်ပရိတ်တော်သည် ရတနာ ရှိရာ ရတနာ့စုနေသည့် လိုတရ ဘက်စုံရသည့် **"သစ္စာမန္တန် တော်ကြီး"**ဖြစ်၏။

## ရတနသုတ်ပရိတ်သင်တန်း

ထိုရတနသုတ် ပရိတ်တော်ကို ရွှေဝါရောင်နှစ်ဖြစ်သော (၂၀၀၇)ခုနှစ်တွင် တစ်ကြိမ်၊ ဤ (၂၀၁၆) ခုနှစ်တွင် တစ်ကြိမ် အားဖြင့် (၂) ကြိမ်တိုင်တိုင် သင်တန်းအနေဖြင့် ပို့ချပူဇော်ခဲ့ပါသည်။ သင်တန်း တွင် ရတနသုတ်ပရိတ်ပါဠိတော်၏ မြန်မာပြန်ကိုပါ ဖော်ပြထားရာ တွံတေးနိဿယ - မြင်းခြံ-ကိုးဆောင်နိဿယ -သပြေကန်နိဿယ- မဟာဂန္ဓာရုံ နိဿယတို့ကို အမှီပြုပြီး ပြန်ထားခြင်းဖြစ်ပါသည်။

သစ္စာအမျိုးအစား များကိုမူ မင်းကွန်းတိပိဋက ဆရာတော်ကြီး၏ မဟာဗုဒ္ဓဝင် အနုဒီပနီမှ ယူ၍ပြထားပါသည်။

ဘုရားရှင် ထိုရတနသုတ်ပရိတ်ကို ဟောကြားခဲ့ရာ ဝေသာလီ ပြည်မှ ကူဋာဂါရကျောင်း၌ လှုရတနာဆရာတော်နှင့် ဝေါမြို့မှ အောင်စိုး မိုး ဆန်စက်၊ ဆီစက်ပိုင်ရှင် ဦးဌေးအောင်တို့ ဘုရားဖူး အဖွဲ့က ဘုရားခြေတော်ရာ (၂)ဆူကို လှူဒါန်းကြပါမည်။ ထို့အပြင် စာရေးသူ၏ မွေးနေ့ ရက်မှာလည်း အိန္ဒိယမှာပင် ကျရောက်တိုက် ဆိုင်နေရာ မွေးနေ့ပွဲကိုပါ ဆင်နွှဲကျင်းပမည်ဖြစ်၏။ ဝေသာလီမှာ ဘုရားခြေတော်ရာ လှူခြင်းနှင့် မွေးနေ့ပွဲ အထိမ်းအမှတ်အဖြစ် ဝေသာလီမှာ ဘုရားရှင်ဟောကြားခဲ့သောရတနသုတ် ပရိတ်ကိုပင် **"သစ္စာအစွမ်း ဖုံ့မခန်း"** ဟူသော နာမည်ဖြင့် ရေးသားပူဇော်ရ ခြင်းဖြစ်သည်။

**ကျေးဇူးစကား**

ဝေသာလီပြည် ကူဋာဂါရကျောင်း၌ တည်ထားမည့် ဘုရားခြေတော်ရာ (၂)ဆူကို လှူဒါန်း ကြသော ဘုရားဖူးအလှူရှင် တို့ကိုလည်းကောင်း **"သစ္စာအစွမ်း ဖုံ့မခန်း"** စာအုပ်ကို ဓမ္မဒါန အနေဖြင့် လှူဒါန်းပေးသော ကိုဌေးအောင်+မချို မိသားစုကို လည်းကောင်း၊ ဤစာအုပ်ကို ကွန်ပျူတာစာစီစာရိုက် ပေးကြသော သီတင်းသုံးဖော်သံဃာတော်များကိုလည်းကောင်း၊ ဓာတ်ပုံဒီဇိုင်း ဆရာများနှင့် အချိန်မှီ ပုံနှိပ်ပေးသော သိန်းသန်းဦး ပုံနှိပ်တိုက်ကို လည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း ဂုဏ်ပြုမှတ်တမ်း တင်ရပါ၏။ ရတနသုတ်ပရိတ်၏အစွမ်းတေဇော် အာနုဘော်ကြောင့် မြန်မာနိုင်ငံနှင့်တကွ ကမ္ဘာသူ၊ ကမ္ဘာသားတို့ ဘေးရန်အန္တရာယ် ကပ်ကြီးများ ကင်းဝေးကြပါစေ၊ ချမ်းသာကြပါစေဟူ၍ မေတ္တာ ဆန္ဒပြုရပါ၏။

*အရှင်နာရဒါဘိဝံသ (လှုရတနာ)*

*(၂၄-၁၀-၂၀၁၆)*

# (က) အမှန်သစ္စာ ဟူသည်မှာ

## သစ္စာအမျိုးအစားများ

ဗုဒ္ဓဝံသပါဠိတော်လာသည့်အတိုင်း မည်သည့်အချိန်အခါမှာ မဆို သောကြာဂြိုလ်သည် မိမိသွားမြဲလမ်းမှ တိမ်စောင်းပြောင်း လွဲခြင်းမရှိ တည့်မတ်ဖြောင့်တန်းစွာသာသွားသည့်အတူ ဖြောင့်မှန်စွာ သာပြောဆိုရမည်၊ ဤသို့ပြောဆိုမှသာ သစ္စာဖြစ်သည်။

## (က) သစ္စာနှစ်ပါး

သစ္စာဟူသည် ပညာတရား ဝီရိယတရားတို့ကဲ့သို့ ပရမတ္ထ တရား သီးခြားတခုမဟုတ်၊ မချွတ်မယွင်းမှန်ကန်ခြင်း (တရားကိုယ် အားဖြင့် ဝိရတီစေတသိက် စေတနာစေတသိက်စသည်) သဘောကို သာ သစ္စာဟုခေါ်ခြင်းဖြစ်၏။ မှန်ကန်ခြင်းသဘောကလည်း အရာသို့လိုက်၍ကွဲပြားသည့်အတွက် သစ္စာတရားလည်း ကွဲပြားရ လေသည်။ ကွဲပြားဟန်မှာ-

(၁) သမ္မုတိသစ္စာ

(၂) ပရမတ္ထသစ္စာ-ဟူ၍ အရင်းခံသစ္စာနှစ်ပါးရှိ၏။

ထိုနှစ်ပါးတို့တွင် (၁) သမ္မုတိသစ္စာဟူသည် လောက၌ လူအများတို့ ခေါ်ဝေါ်ပြောဆို သမုတ်အပ်သည့်အတိုင်း မှန်ကန်ခြင်းပင် ဖြစ်၏။

လူအများတို့ သမုတ်ရုံသမုတ်ထားသည့် အရာမျိုးမဟုတ်ပဲ ဧကန်မုချဆတ်ဆတ် ထင်ရှားရှိသော သဘောတရားကို ပရမတ္ထသစ္စာဟု ခေါ်၏။

**ဒုဝေ သစ္စာနိ အက္ခာသိ၊ သမ္ဗုဒ္ဓေါ ဝဒတံ ဝရော၊**
**သမ္မုတိံ ပရမတ္ထဉ္စ၊ တတိယံ နုပလဗ္ဘတိ။**

*(သီလက္ခန် အဋ္ဌကထာ-၃၁၆)*

## (ခ) သဘာဝသစ္စာနှင့် အရိယသစ္စာ

ထို သစ္စာနှစ်ပါးတို့တွင် ပရမတ္ထသစ္စာကမှ တဖန်(က) သဘာဝသစ္စာ(ခ)အရိယသစ္စာဟူ၍ နှစ်ပါးပြားပြန်သည်။ စိတ်စေတသိက် ရုပ်နိဗ္ဗာန်တည်းဟူသော ပရမတ္ထတရားအားလုံးသည်ပင်လျှင် သဘာဝသစ္စာဖြစ်၏။ အရိယာပုဂ္ဂိုလ်တို့ထိုးထွင်း၍သိအပ်သော အမှန်တရား(၄)ပါးသည် အရိယသစ္စာမည်၏။

## (ဂ) အရိယသစ္စာ(၄)ပါး

ထိုအရိယသစ္စာသည် ဓမ္မစကြာပါဠိတော်မှာလာသည့် အတိုင်း ၁-ဒုက္ခသစ္စာ၊ ၂-သမုဒယသစ္စာ၊ ၃-နိရောဓသစ္စာ၊ ၄-မဂ္ဂသစ္စာ အားဖြင့် (၄)ပါးရှိလေသည်။

## (ဃ) ပရိယတ္တိသစ္စာနှင့် ပဋိပတ္တိသစ္စာ

ဤပြဆိုအပ်ပြီးသော သစ္စာစုသည်သိမြင်နားလည်ရန် သင်ကြားထားအပ်သော ပရိယတ္တိသစ္စာစုတို့ဖြစ်ကုန်၏။ ဘုရားအလောင်းစသော သူတော်ကောင်းကြီးများဖြည့်ကျင့်အပ်သော ပဋိပတ္တိ

သစ္စာကိုသာ သစ္စာပါရမီအရာ၌ အလိုရှိအပ်၏။ ထိုပဋိပတ္တိသစ္စာဟူသည်မှာ မှန်ကန်စွာမြွက်ဆိုအပ်သောစကား (သို့) စကားကို မချွတ်မယွင်း မှန်ကန်စွာပြောဆိုခြင်းတည်းဟူသော ဝစီသစ္စာဖြစ်ပေသည်။ ဤဝစီသစ္စာကို မိမိသန္တာန်၌ပြည့်စုံအောင် ဖြည့်ကျင့်ခြင်းကို "သစ္စပါရမီဖြည့်သည်" ဟုခေါ်ဆိုအပ်၏။ ဤဝစီသစ္စာကိုပင် ဘုရားအလောင်းတော်စသော သူတော်ကောင်းတို့အထူးဖြည့်ကျင့်ဆည်းပူးတော်မူကြ၏။

## (င) ဝစီသစ္စာ(၃)ပါး

ဝစီသစ္စာသည်လည်း-

(၁) သဒ္ဒဟာပနသစ္စာ

(၂) ဣစ္ဆာပူရဏသစ္စာ

(၃) မုသာဝိရမဏသစ္စာ - ဟူ၍ သုံးပါးအပြားရှိပြန်၏။

(၁) သူတပါးတို့ မိမိကိုယုံကြည်စေရန် အမှန်ပြောကြားအပ်သော ဝစီသစ္စာသည် သဒ္ဒဟာပန သစ္စာမည်၏။

(၂) မိမိအလိုရှိအပ်သော အရာကိုပြည့်စုံစေရန် အမှန်ပြောကြားအပ်သော ဝစီသစ္စာသည် ဣစ္ဆာပူရဏသစ္စာမည်၏။

(၃) မဟုတ်မမှန်သောစကားကို ပြောကြားမှုမှ ရှောင်ကြဉ်ရန်ပြောကြားအပ်သော ဝစီသစ္စာသည် မုသာဝိရမဏသစ္စာမည်၏။

## (၁) သဒ္ဒဟာပနသစ္စာ

(၁) ထိုသုံးပါးတို့တွင် အလောင်းတော်ကြီးများ သဒ္ဒဟာပနသစ္စာ ပြည့်စုံရန် ဖြည့်ကျင့်တော်မူကြပုံကို ပကိဏ္ဏကနိပါတ်လာ ဘိသဇာတ်၊ အသီတိနိပါတ်လာ သုတသောမဇာတ်တို့ဖြင့် သိအပ်၏

*(အကျယ်ကို ထိုဇာတ်တော်တို့၌ ရှုပါ)*

(၂) အလိုရှိအပ်သည့်အရာကို ပြည့်စုံစေရန်ဆိုအပ်သော ဣစ္ဆာပူရဏ သစ္စာကို မဟာနိပါတ် သုဝဏ္ဏသာမဇာတ်၊ ဧကာ ဒသက နိပါတ်သုပ္ပါရကဇာတ်၊ ဝီသတိနိပါတ် သိဝိဇာတ်၊ ဧကနိပါတ် ငါးရံ့မင်း ဇာတ်၊ ငုံးမင်းဇာတ်စသည်တို့ဖြင့် သိနိုင်ပေသည်။

(၃) မဟုတ်မမှန်သောစကားကို ပြောကြားမှုမှရှောင်ကြဉ်ရန် ပြောကြားအပ်သော မုသာဝိရမဏသစ္စာကို မဟာနိပါတ် ဝိဓုရဇာတ်၊ သုဝဏ္ဏသာမဇာတ်လာ သုဝဏ္ဏသျှံ၏စကား၊ ဘူရိဒတ်ဇာတ်လာ ဘူရိ နဂါးမင်း၏စကားတို့ဖြင့်သိနိုင်လေသည်။

## အထူးမှတ်ဖွယ်မှာ

သုဝဏ္ဏသာမဇာတ်တော်စသည်တို့၌ မိဘနှစ်ပါးနှင့်တော စောင့်နတ်သမီးတို့ သစ္စာပြုကြရာမှာ ကုသိုလ်တရားကိုအခြေခံထား၍ ပြုသဖြင့်လိုအပ်သည့်အကျိုးပြည့်စုံခြင်းမှာ သင့်လျော်လှပေ၏၊ အ လောင်းတော်ငုံးမင်း၏သစ္စာတော်အခြေခံစကားတွင် ကုသိုလ်တရား အထူးမပါ၊ အတောင်ရှိပါ၏ မပျံနိုင်၊ ခြေရှိပါ၏ မသွားနိုင်၊ မိဖတို့လည်း ထွက်ပြေးကြပြီ၊ ဤမျှသောစကားသာပါရှိရာ ကုသိုလ်ရေး မဟုတ် သည့်အကြောင်းအရာကို အခြေပြုကာသစ္စာပြုခြင်းသည် အဘယ့် ကြောင့် လိုအပ်သောအကျိုးကိုပြည့်စုံစေနိုင်ပါသနည်းဟုစဉ်းစားဖွယ်ရှိ လေသည်။

သစ္စာ၏သဘောမှာ အခြေခံအကြောင်းအရာက ကုသိုလ် ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ မှန်ကန်ခြင်းသာ အရင်းခံဖြစ် သည်။ ကုသိုလ်ရေးနှင့်စပ်သော စကားပင်ဖြစ်စေကာမူ မမှန်မကန် ပြောလျှင် ဝစီသစ္စာလည်းမမြောက်၊ တစုံတရာအကျိုးတန်ခိုးလည်း မရှိနိုင်၊ မှန်ကန်စွာပြောဆိုခြင်းသစ္စာဖြင့်သာလိုအပ်သော အကျိုးပြည့်ဝ ၍ တန်ခိုးရှိနိုင်သည်။

အလောင်းတော်ငုံးမင်းဆိုသောစကားသည် မှန်ကန်သော အချက်ဖြစ်၍ ဝစီသစ္စာမြောက်ပြီးလျှင် လိုအပ်သောအကျိုးကို ပြီးစေနိုင်သည်ဟု မှတ်သားအပ်၏။ ဤအလောင်းတော်ငုံးမင်း၏သစ္စာစကားတွင်ပါဝင်သောအကြောင်းအရာမှာ ကုသိုလ်ရေးမဟုတ်စေကာမူ အကုသိုလ်ရေးလည်း မဟုတ်ပါပေ။ အကုသိုလ်ရေးနှင့်ပင်စပ်၍ ဆိုအပ်စေကာမူ မှန်ကန်စွာပြောဆိုပါက ဝစီသစ္စာထမြောက်လိုအပ်သော အကျိုးပြီးမြောက်နိုင်ကြောင်းကို ဒသကနိပါတ်တော်လာ ကဏှဒီပါယနဇာတ်ဖြင့်သိအပ်၏။

*(အကျယ်အကြောင်းကို ဇာတ်တော်ဝတ္ထုမှာ ကြည့်ရှုရာ၏)*

## သစ္စာသုံးပါး အလောင်းတော်ကြီးများသုံးစွဲပုံ

အလောင်းတော်ကြီးများသည် သူတပါးတို့က မိမိအပေါ်မှာ မယုံမကြည်ရှိနေမည်ကို စိုးရိမ်ရသော အကြောင်းနှင့် ကြုံကြိုက်သော အခါမှသာ(၁)အမှတ်ပြ သဗ္ဗဟာပနသစ္စာကို ပြုမူသုံးစွဲတော်မူကြသည်၊ ဤအခါမျိုးမဟုတ်လျှင် ပြုတော်မူလေ့မရှိကြ။

ဤအတူ မိမိမှာလိုလားအပ်သော အကြောင်းကိစ္စတခုခု ရှိလာသောအခါ ထိုလိုလားချက်ပြည့်ဝစေရန်(၂)အမှတ်ပြ ဣစ္ဆာပူရဏဝစီသစ္စာကို ပြုမူသုံးစွဲတော်မူကြသည်၊ လိုလားအပ်သော အကြောင်းကိစ္စတခုခုမရှိခဲ့လျှင် ဤသစ္စာကိုပြုနေဖွယ်ပင်မလိုတော့ပြီ။

(၃)အမှတ်ပြ မုသာဝိရမဏ ဝစီသစ္စာကိုကား အစဉ်အမြဲ လက်စွဲဖြည့်ကျင့်တော်မူကြ၏။ ဘုရားအလောင်းတော်များ ကျင့်ထုံးများကိုနှလုံးသွင်းကာ သူတော်ကောင်းဖြစ်သောသူတို့သည် မုသားပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်းတည်းဟူသော မုသာဝိရမဏ ဝစီသစ္စာကို အထူးကြိုးစားစောင့်ရှောက်ဖြည့်ကျင့်ကြရာ၏။

## (စ) သစ္စာနှစ်မျိုးထပ်ခွဲပုံ

ဆိုအပ်ပြီးသော သစ္စာတို့ကိုသိမ်းရုံးကာ အကျဉ်းဝေခွဲပြန်သည်ရှိသော် . . .

(၁) ဝစီဘေဒသိဒ္ဓိသစ္စာ-(နှုတ်မြွက်သဖြင့် ကိစ္စပြီး သောသစ္စာ)

(၂) ပဋ္ဌာနုရက္ခဏသစ္စာ- (ပြောဆိုပြီးနောက် စောင့် ရှောက်ပြုလုပ်ရသေးသော သစ္စာ) ဟူ၍ နှစ်ပါးသာရှိ၏။

ဘိသဇာတ်လာ သဒ္ဒဟာပနသစ္စာ၊ သုဝဏ္ဏသာမဇာတ်၊ သုပ္ပါရကဇာတ်၊ သိဝိဇာတ်၊ မစ္ဆဇာတ် ဝဋ္ဋကဇာတ်၊ ကဏှဒီပါယနဇာတ်၊ နဠပါနဇာတ်၊ သမ္ဗုလာဇာတ်၊ တေမိယဇာတ်၊ ဇနကဇာတ်၊ ကဏှဝါဟနဇာတ်၊ မဟာမောရဇာတ်တို့၌လာသော ကုဏ္ဍာပူရဏဝစီသစ္စာ။

ဝိဓုရဇာတ်၊ သုဝဏ္ဏသာမဇာတ်၊ ဘူရိဒတ် ဇာတ်တို့၌လာသော မုသာဝိရမဏဝစီသစ္စာတို့သည် အသီးအသီး မြွက်ဆိုပြီးသည်နှင့် တပြိုင်နက် သစ္စာကိစ္စထမြောက်ပြီးစီးသွား၏။ နောက်ထပ် သစ္စာမြောက်အောင်စောင့်ရှောက်စီမံရန် ကိစ္စတစုံတရာမကျန်သောကြောင့် ဖော်ပြရာပါ သစ္စာတို့ကို ဝစီဘေဒသိဒ္ဓိသစ္စာဟူ၍ မှတ်ယူအပ်ကုန်၏။

ဤနည်းအတူ တိကနိပါတ် ဇယဒိသဇာတ်လာ ဇယဒိသမင်း ပြုအပ်သောသစ္စာနှင့် ဧကာဒသကနိပါတ်ဒသရထဇာတ်လာ အလောင်းတော်ရာမမင်းပြုအပ်သောသစ္စာတို့မှာလည်း အချိန်ကို ဆွဲ၍စောင့်ရှောက်ရသောကြောင့်- ပဋ္ဌာနုရက္ခဏသစ္စာပင်ဖြစ်၏။

## (ဆ) ကာလနှင့်ဆိုင်ရာ သစ္စာများ(၄)ပါး

ဤ ဝစီဘေဒသိဒ္ဓိသစ္စာနှင့် ပဋ္ဌာနုရက္ခဏသစ္စာနှစ်မျိုးတို့ကို အလွယ်တကူခွဲခြားနိုင်ရန် အကျဉ်းချုပ်သဘောကို မှတ်ပြန်လျှင် (၄)ပါးမှတ်ရာ၏။

သစ္စာသည်-

(၁) အတိတ်အခါနှင့်သာ သက်ဆိုင်သောသစ္စာ၊

(၂) အတိတ်ပစ္စုပ္ပန်အခါတို့နှင့် သက်ဆိုင်သောသစ္စာ၊

(၃) အနာဂတ်အခါနှင့်သာ သက်ဆိုင်သောသစ္စာ၊

(၄) အခါအထူး မမှတ်အပ်သောသစ္စာ

အားဖြင့် လေးမျိုးရှိလေသည်။ ဤလေးမျိုးတို့တွင် အနာဂတ်အခါနှင့် သက်ဆိုင်သော သစ္စာတမျိုးသာ ပဏ္ဍာနုရက္ခဏသစ္စာဖြစ်၍၊ ကျန်သစ္စာ သုံးမျိုးတို့မှာ ဝစီဘေဒသိဒ္ဓိသစ္စာချည်းသာ ဖြစ်ကြ၏။

လေးမျိုးတို့ အသီးအသီးဖြစ်ကြပုံမှာ သုဝဏ္ဏသာမဇာတ်လာ သစ္စာတို့တွင် မယ်တော်ခမည်းတော်တို့က "သာမသည် ရှေးက တရားကိုသာကျင့်ပါသည်၊ မြတ်သောအကျင့်ကိုသာ ကျင့်လေ့ရှိပါ သည်။ မှန်သောစကားကိုသာဆိုလေ့ရှိပါသည်၊ မိဖတို့ကို လုပ်ကျွေး ခဲ့ပါသည်။ အသက်အရွယ်ကြီးသူတို့ကိုရိုသေခဲ့ပါသည်" ဟူ၍ ဆိုအပ် သော သစ္စာစုသည် အတိတ်အခါနှင့်သာ သက်ဆိုင်သောသစ္စာများ ဖြစ်ကြ၏။

"သုဝဏ္ဏသာမကို ကျွန်ုပ်တို့အသက်ထက်ပို၍ ချစ်ပါသည်" ဟူသောသစ္စာသည်၄င်း၊ ဗဟုသုန္ဒရီ နတ်သမီးပြောဆိုအပ်သည့် "သာမ ထက်ပို၍ ချစ်သောသူမရှိ" ဟူသော သစ္စာ "ဤဂန္ဓမာဒနတောင်မှာ တောသစ်ပင်ဟူသမျှသည် နံ့သာပင်ချည်းသာဖြစ်သည်" ဟူသော သစ္စာသည်၄င်း ဤသစ္စာစုသည် အခါအထူးမမှတ်အပ်သော သစ္စာများဖြစ်ကြ၏

သုပ္ပါရကဇာတ် သိဝိဇာတ်တို့မှာလာသော ကုဏ္ဍာပူရဏ သစ္စာစုသည် အတိတ်အခါနှင့်သာ သက်ဆိုင်သောသစ္စာစုဖြစ်ကြ၏။

ထို့အတူ ကဏှဒီပါယနဇာတ် နင်္ဂပါနဇာတ်လာ ဣန္ဒာပူရဏာသစ္စာစု လည်း အတိတ်နှင့်သာ သက်ဆိုင်သောသစ္စာစုဖြစ်၏။

ဝဋ္ဋကဇာတ်၌ "အတောင်ရှိလျက် မပျံနိုင်၊ ခြေရှိလျက် မသွားနိုင်" ဟူသော စကားရပ်သည် အတိတ်ပစ္စုပ္ပန်နှစ်ပါးနှင့် သက်ဆိုင်၏။ အနာဂတ်ဖြစ်သော နောက်အခါမှာကားအတောင်ဖြင့်ပျံနိုင်မည် ခြေဖြင့်သွားနိုင်မည်ဖြစ်၍ အနာဂတ်နှင့်မသက်ဆိုင်။

သမ္ဗုလာဇာတ်၌"အရှင့်သားထက် ပို၍ချစ်သောအခြားသူ မရှိပါ" ဟူသောသစ္စာနှင့် တေမိယဇာတ်လာစန္ဒာဒေဝီမိဖုရားကြီး၏ သစ္စာတို့သည် ကာလအထူးမမှတ်အပ်သောသစ္စာတို့ဖြစ်ကုန်၏။

ဤသို့ အစရှိသည်ဖြင့် ထိုထိုသစ္စာတို့၏ ထိုထိုကာလတို့နှင့် သက်ဆိုင်ပုံကို စဉ်းစားဆင်ခြင်သိမြင်မှတ်သားရာ၏။

## ပရမတ္ထ သစ္စာပါရမီ

သစ္စာပါရမီနှင့်စပ်၍ အဋ္ဌသာလိနီအဋ္ဌကထာ ဗုဒ္ဓဝင်အဋ္ဌကထာတို့၌ ပေါရိသာဒထံမှာပြန်လာခဲ့ပါမည်ဟု ဝန်ခံထားခဲ့သည့်အတိုင်း အသက်ကိုစွန့်၍ မိမိစကားမှန်ကန်အောင်စောင့်ရှောက်သော မဟာသုတသောမမင်း၏သစ္စာပါရမီသည် ပရမတ္ထပါရမီဖြစ်ကြောင်းကိုဖွင့်ဆိုကုန်၏။ မဟာသုတသောမမင်း၏အကြောင်းအရာတွင် သစ္စာဆိုခြင်းက ပေါရိသာဒထံမှာဖြစ်၍ ထိုသို့ဆိုရုံမျှဖြင့် သစ္စာကိစ္စမပြီးဆုံးသေး၊ ပြီးဆုံးအောင်မြောက်စေရန်နောက်ထပ်စောင့်ရှောက်ရသေး၏၊ ပြန်ခဲ့ပါမည်ဟုဆိုခဲ့သည့်အတိုင်း ဣန္ဒပတ္တမြို့တော်သို့ရောက်ပြီးမှတဖန် ပြန်လာတော်မူရ၏၊ သို့ဖြစ်၍ ရှေးဦးစွာ ပေါရိသာဒထံမှာ ငါပြန်ခဲ့ပါမည်ဟုဆိုစဉ်က အသက်ကိုစွန့်လွှတ်ရမှု မထင်ရှားသေး၊ ဣန္ဒပတ္တမြို့တော်မှတဖန် မိမိသစ္စာကိုစောင့်ရှောက်

သောအားဖြင့် ပြန်လာသောအခါမှာမှ အသက်ကိုစွန့်လွှတ်ရမှု ထင်ရှားပေ၏။

## (၂) သစ္စာစွမ်းအင် အာနိသင်များ

မှန်ကန်စွာပြောဆိုလေ့ရှိကြသော သစ္စဝါဒီပုဂ္ဂိုလ်တို့သည် သစ္စာဆို၍ ကိစ္စကြီးငယ်ကိုအောင်မြင်ကြ၏ သစ္စာတရားဖြင့် လောကကြီးကို စောင့်ရှောက်ကြလေသည်။ ထိုသစ္စဝါဒီ ပုဂ္ဂိုလ်တို့မှာ လူသားရသေ့ရဟန်းတို့အပြင် တိရစ္ဆာန်တို့ပင်ပါဝင်ကြပေသည်။ ထိုပုဂ္ဂိုလ်တို့ကို အမြွက်မျှထုတ်ပြပါမည်။

၁။ ငါးရာငါးဆယ်ဇာတ်နိပါတ်တော်လာ မစ္ဆဇာတ်၌ ငါးရံ့မင်းသည် သစ္စာပြု၍မိုးကြီးရွာသွန်းစေခဲ့၏။

၂။ ဝဋ္ဋကဇာတ်တော်၌ ငုံးကလေးသည်သစ္စာဆိုကာ တောမီးကြီးကို ငြိမ်းစေခဲ့၏။

၃ ကဏှဒီပါယနဇာတ်တော်၌ မိဘနှစ်ပါးနှင့် ကဏှဒီပါယနရသေ့တို့သည် သစ္စာပြုကြလျက် သားငယ်ယညဒတ္တမှာ တက်နေသောမြွေဆိပ်ကိုဖြေဖျောက်စေခဲ့ကြ၏

၄။ သီရိလင်္ကာနိုင်ငံ ကဋမ္ဗရအရပ်နေ မိခင်တစ်ဦးသည်လည်း မြွေဆိပ်တက်နေသော သားငယ်ကို သစ္စာဆို၍အသက်ကယ်ခဲ့လေသည်။

၅။ မဟာကပ္ပိနမင်းကြီးသည်ကား "ဘဝသောတံ" စသော (၃)ဂါထာကို သစ္စာပြုရွတ်ဆိုလျက် မြစ်ရေပြင်ပေါ်မှာ မြင်းစီး၍သွားခဲ့၏။

၆။ သုပ္ပါရကဇာတ်တော်၌ ကပ္ပတိန်သုပ္ပါရကသည် သစ္စာပြုကာ ပင်လယ်တွင်း ဗလဝါမုခဝဲကြီးမှသင်္ဘောသားတို့၏ အသက်ကို ကယ်တင်စောင့်ရှောက်ခဲ့ပေသည်။

၇။ စိန့်တိုင်း(တရုတ်ပြည်)မှ ဘုရင်မင်းကြီးသည်ကား လေးလ (၁) ကြိမ် ပင်လယ်သမုဒ္ဒရာထဲမှာ ရထားစီး၍ရေကစားခဲ့လေသည်။

၈။ ဗန္ဓုမတီပြည့်တန်ဆာမကမူ ကမ်းလုံးပြည့်စီးနေသော ဂင်္ဂါမြစ်ရေကို သစ္စာဖြင့်ရေညာဆန်၍ပြန်စီးအောင် လုပ်ပြခဲ့ပေသည်။

၉။ နဠပါနဇာတ်၌ မျောက်မင်းသည် သစ္စာဖြင့် ကျူပင်ကျူရိုးတို့အလယ်၌ အပိတ်မရှိ ဒိုလျှိုပေါက်အောင်လုပ်ဆောင်ပြခဲ့လေသည်။

၁၀။ ကဏှဝါဟနဇာတ်၌မူမိခင်ထင်းခွေသည်မ၏ သစ္စာစကားကြောင့် သားငယ်သည် အထက်ကောင်းကင်မှာတင်ပလ္လင်ခွေ၍ နေနိုင်ခဲ့ပေသည်။

၁၁။ သီရိလင်္ကာနိုင်ငံမှ တိဂုဏသာရဒါယကာ၏ သစ္စာပြုစကားကြောင့် သက်မဲ့ဖြစ်သော ဗုဒ္ဓဆင်းတုရုပ်ပွားတော်သည် အထက်ကောင်းကင်သို့ပျံတက်၍ တန်ခိုးပြာဋိဟာကိုပြတော်မူခဲ့၏။

၁၂။ မြန်မာနိုင်ငံမှ တိသဘုရင်လက်ထက်၌ ဟံသာဝတီ (ပဲခူး) မြို့သူ မွန်အမျိုးသမီးလေး တလထော်သည် သစ္စာပြုလိုက်သဖြင့် မိမိအိမ်မှ ဘုရားဆင်းတုရုပ်ပွါး(၈)ဆူတို့သည် နန်းရင်ပြင်သို့ကောင်းကင်ခရီးဖြင့် ကြွလာတော်မူခဲ့ကြ၏။

၁၃။ မြန်မာနိုင်ငံမှပင် စစ်ကိုင်းသာလွန်မင်းလက်ထက်တွင် ဝိနယာလင်္ကာရဋီကာကျမ်းပြုတောင်ဖီလာဆရာတော်သည် သစ္စာဆိုလိုက်သဖြင့် သက်မဲ့သံဓားမကြီးသည် ရေကန်ထဲတွင်သက်ရှိအလားကူးသွားခဲ့သောကြောင့် "ဓားမကူးဆရာတော်"ဟု နာမည်တွင်ခဲ့လေသည်။

၁၄။ မဟာဇနကဇာတ်တော်၌ အိမ်ရှေ့မင်းပေါလဇနကသည် သစ္စာစကားကြောင့် သံခြေကျဉ်းများကျွတ်ကာ နှောင်အိမ်တံခါးပွင့်သွားလျက် အချုပ်အနှောင်အဖွဲ့မှလွတ်မြောက်ခဲ့လေသည်။

၁၅။ မဟာမောရဇာတ်လာ ဘုရားလောင်းဥဒေါင်းမင်း၏ နည်းပေးချက်အရ ပစ္စေကဗုဒ္ဓါ ဘုရားငယ်သည်သစ္စာပြုလိုက်သောအခါ ငှက်အပေါင်းတို့ လှောင်အိမ်အတွင်းမှလွတ်မြောက်ခဲ့ကြရ၏။

၁၆။ တေမိယဇာတ်၌ စန္ဒာဒေဝီမိဖုရားသည် သီလစောင့်ထိမ်းပြီး သစ္စာပြုသဖြင့် သားတော်တေမိယမင်းသားကို ဖွားမြင်ရရှိခဲ့လေသည်။

၁၇။ သမ္ဗုလာဇာတ်၌ သမ္ဗုလာမင်းသမီးသည် သစ္စာဆို၍ ခင်ပွန်းလင်သောတ္ထိသေနမင်းသား၏နူနာရောဂါကိုပျောက်ကင်းစေခဲ့သည်။

၁၈။ သီရိလင်္ကာနိုင်ငံမှ စောရကကျောင်းနေ မဟာမိတ္တမထေရ်သည်လည်း သစ္စာဆို၍မယ်တော်၏အဆိပ်အိုင်းအနာကို ပျောက်ကင်းစေခဲ့၏။

၁၉။ သီရိလင်္ကာနိုင်ငံမှပင် သားငယ်ဇဂ္ဂန၏သစ္စာစကားကြောင့် မိခင်၏ရောဂါသည် ယုန်သားစိုကို မစားရတော့ဘဲပျောက်ကင်းခဲ့လေသည်။

၂၀။ ဘင်္ဂတိုင်းသံသုမာရဂိရမြို့မှ နကုလမာတာအမျိုးသမီးကြီးသည် သစ္စာဆိုကာ ခင်ပွန်းလင်နကုလပိတာ၏ရောဂါကို ပျောက်ကင်းအောင် ကုစားပေးခဲ့ပေသည်။

၂၁။ သိဝိဇာတ်တော်၌ သိဝိမင်းကြီးသည် မျက်မမြင်ဘဝမှာ သစ္စာ (၂) ကြိမ်ပြုလိုက်သဖြင့် သစ္စာမျက်စိ (၂) လုံးရကာ ပကတိမျက်စိတို့ထက်သာလွန်စွာမြင်ခဲ့ရလေသည်။

၂၂။ သုဝဏ္ဏသာမဇာတ်တော်၌မြွားဆိပ်ကြောင့် သေငယ်ဇောမျောနေသောသုဝဏ္ဏလျှံမင်းသားသည် မိဘနှစ်ပါးနှင့်တောင်စောင့်နတ်သမီး၏ သစ္စာစကားကြောင့် အသက်ရှင်လာခဲ့ရ၏။

ဤမျှသာမကသေးပါ သစ္စာဖြင့်ပင် အိုး နာ၊ သေရေးဒုက္ခဘေးတို့၏တစ်ဖက်ကမ်းဖြစ်သောနိဗ္ဗာန်သို့တိုင်အောင်ပင် ကူးမြောက်နိုင်ပေသည်။

၂၃။ မှန်ပါသည်၊ မြတ်စွာဘုရားရှင်သည် ဝေသာလီပြည်၌ ရတနာသုတ်ကို သစ္စာ(၁၂)ကြိမ်ဆိုလျက် ဟောကြားလိုက်သောအခါ ရောဂါဘေး၊ ဘီလူးဘေး၊ စီးပွားပျက်ကပ်ဘေးကြီးတို့ ငြိမ်းပျောက်သွားကြ၏။ တရားပရိတ်သတ်ပေါင်း ငါးသိန်းရှစ်သောင်းရှစ်ထောင် (၅၈၈၀၀၀) တို့ မဂ်ဖိုလ်နိဗ္ဗာန်ရရှိသွားခဲ့ကြပေသည်။

## မဃဒေဝလင်္ကာကြီး

**သစ္စာနတ်သီး၊ မန္တန်ကြီးကား၊ သေပြီးသော်မှ၊ ရှင်ပြန်ရ၏၊ ရှေးကဖြစ်ဟန်၊ လောင်သုဝဏ်ကို၊ ငြိုးမာန်တစိ၊ ရန်စယိုသို့၊ ပိဋိယကွ၊ ဗာရာသခင်၊ လေးကြိုးငင်၍၊ နင်သို့ယောက်ျား၊ ဘယ်သူ့သားနည်း၊ သိကြားတမုံ့၊ ဖြစ်သော်တုံ့မှ၊ လွတ်ပုံ့အရေး၊ ယှိလတ်သေးဟု၊ မနှေးလျှင်ဟူး၊ မြားဆိပ်လူးဖြင့်၊ ရွှေဒူးယာဘက်၊ မြေထက်အားထုတ်၊ ချောင်းကာတုတ်၍၊ ရွယ်ဖြုတ်ချိန်ကာ၊ ပစ်သော့ခါနှိုက်၊ သစ္စာဆိုသီး၊ သေတပြီးလျက်၊ ရှင်ကြီး ရှင်ပြန်၊ နတ်မတန်တည့်၊ ပြင်းထန်ဆိပ်တောက်၊ တောမွှေဟောက်လျှင်၊ ပေါက်၍ မြေဝယ်၊ သူငယ်စင်းစင်း၊ သေတုံလျှင်းလည်း၊ မှန်ခြင်းအရာ၊ မိမာတာတို့၊ သစ္စာဆိုကြ၊ ငုတ်ငုတ်ထ၏၊ ထိုမှတသွယ်၊ တောမြိုင်လယ်တွင်၊ ငုံးငယ်မီးရှောင်၊ ပင်လယ်ခေါင်ဝယ်၊ ရေဆောင်နစ်မျော၊ ဒရဟောဖြင့်၊ သဘော်ယဝဲစုတ်၊ ဗလဝါမုခ်မှ၊ ဆယ်ထုတ်**

**ဘေးကင်း၊ ငါးမင်းရာဇာ၊ နွေလခါနိုက်၊ သစ္စာမှန်တိုင်း၊ ရွတ်ဆိုနိုင်းတ၊ ဖျိုင်းအောက်တို့ဘိုး၊ ခါမဲ့မိုးလျှင်၊ ကြိုး၍ရွာချ၊ ဤသို့စသား၊ များလှဝတ္ထု၊ အစုစုကို၊ ရွှေဥသည်းဖူး၊ မှတ်နည်းယူလော့။** *(မဃဒေဝ)*

**စကားသစ္စာ၊ မှန်သောခါကား၊ ဩဇာလေးနက်၊ ပေါ်ဆီတက်၍၊ နွယ်မြက်သစ်ပင်၊ ဆေးဘက်ဝင်း၏။**

*(ပါရမီတော်ခန်းပျို့)*

**၁။ သစ္စေန ဝါစေနုဒကမ္ပိ[၁] ဓာဝတိ[၂]၊**
**ဝိသမ္ပိ သစ္စေန ဟနန္တိ ပဏ္ဍိတာ။**
**သစ္စေန ဒေဝေါ ထနယံ ပဝဿတိ၊**
**သစ္စေ ဋ္ဌိတာ နိဗ္ဗုတိံ ပတ္ထယန္တိ။**

**၂။ ယေ ကေစိမေ အတ္ထိ ရသာ ပထဗျာ၊**
**သစ္စံ တေသံ သာဒုတရံ ရသာနံ။**
**သစ္စေ ဋ္ဌိတာ သမဏဗြာဟ္မဏာ စ၊**
**တရန္တိ ဇာတိမရဏဿ ပါရန္တိ[၃]။(သံယုတ်အဋ္ဌကထာ)**

# (ခ) ဒီမိုကရေစီအစ ဝေသာလီက

## (၁) ဒီမိုကရေစီ ဝေသာလီနိုင်ငံ

ဝေသာလီပြည်သည် ရာဇဂြိုဟ်ပြည်, သာဝတ္ထိပြည်တို့နည်းတူပင် မြတ်စွာဘုရားသခင် ပွင့်ထွန်းဖြစ်ပေါ်တော်မူသောအခါ၌ လွန်စွာပြည့်စုံစည်ပင်ပြန့်ပြောခြင်းသို့ရောက်ရှိလေသည်။ မှန်၏ - ထိုဝေသာလီပြည်၌ မြတ်စွာဘုရားပွင့်ထွန်းတော်မူသောအခါဝယ် ဘုရင်ထီးဆောင်းမင်းအပေါင်းတို့သည်ပင် (၇၇၀၇) ခုနှစ်ထောင်ခုနှစ်ရာ၊ ခုနှစ်ယောက်ရှိကြလေသည်။ ထို့အတူ အိမ်ရှေ့မင်းသားပေါင်း, စစ်သေနာပတိပေါင်း, ဘဏ္ဍာစိုးအစရှိသော အရာရှိမင်းအပေါင်းတို့သည်လည်း (၇၇၀၇) ခုနှစ်ထောင်ခုနှစ်ရာခုနှစ်ဦးစီပင် ရှိကြသဖြင့် ထိုမင်းတို့နေထိုင်သုံးစွဲရာ ပြာသာဒ်ရှည်ပေါင်း ခုနှစ်ထောင်ခုနှစ်ရာခုနှစ်, ထိုမျှလောက်သောတရားလွှတ်ရုံး၊ ထိုမျှလောက်သောစုလစ်မွန်းချွန်အထွတ်တင်သည့် ခန်းမဆောင်များ, ထိုမျှလောက်သော အရာမ်ဥယျာဉ်ရေကန်များလည်း ထင်ရှားရှိကုန်၏။ လူနေစည်ကားအစာအာဟာရလည်း ပေါများဝပြောလှပေ၏။

မင်းအပေါင်းတို့တွင် အလှည့်ကျမင်းက အုပ်ချုပ်ရ၏၊ ထိုမင်းကိုလည်း လွှတ်တော်မှ ထိန်းချုပ်ထား၏၊ ဒီမိုကရေစီနည်းကျ ကျင့်သုံး အုပ်ချုပ်သော နိုင်ငံဖြစ်သည်။ ထို့ကြောင့် နိုင်ငံတို့တွင် **"ဒီမိုကရေစီအစ ဝေသာလီက"**ဟူ၍ တွင်ခြင်းဖြစ်သည်။ အုပ်ချုပ်သည့် မင်းတို့တွင်လည်း **"ဒီမိုကရေစီအစ လိစ္ဆဝီမင်းက"** ဟူ၍ပြော စမှတ်ပြုကြရ၏။

ထိုဝေသာလီပြည်သည် နောက်တချိန်၌ အပရိဟာနိယတရား ပျက်ပြားသဖြင့် မိုးခေါင်ရေရှား ကောက်ပဲစပါးတို့လည်း သီးနှံမထွက် ရိုးတံချက်မျှသာဖြစ်လျက် အစာအာဟာရ ငတ်မွတ်ခေါင်းပါးခြင်း စီးပွားပျက်ခြင်း ဒုဗ္ဘိက္ခန္တရကပ်ကြီး ဆိုက်ရောက်လေ၏။ (ဤကား ပဌမဘေးတည်း။)

ယင်းသို့ စီးပွားပျက်ခြင်းဒုဗ္ဘိက္ခဘေး ဆိုက်ရောက်လာသော အခါ ဆင်းရဲနွမ်းပါးသောသူတို့ ရှေးဦးစွာအသေအပျောက် များကြ လေသည်။ ထိုသူသေကောင်အလောင်းတို့ကို မြို့၏ပြင်ပ၌ ဖြစ်က တတ်ဆန်း စွန့်ပစ်ကြရကုန်၏။ ထိုသူသေကောင်အလောင်းတို့၏ စက် ဆုပ်ဖွယ်သောအနံ့ကြောင့် တစ္ဆေသူရဲဘီလူးတို့သည် မြို့တွင်းသို့ ဝင် ရောက်ကြကာ လူတို့ကို ပူးဝင်နှိပ်စက်မှု ပြုကြပြန်လေသည်။ (ဤကား ဒုတိယဘေးတည်း။)

ယင်းသို့ စီးပွားပျက်ခြင်း ဒုဗ္ဘိက္ခဘေး, တစ္ဆေသူရဲ ဘီလူးဘေး, ရောထွေးဆိုက်ရောက်လာသောအခါ၊ ရှေးကထက်တိုး၍ လူများသေ ကြေပျက်စီးကြပြန်ကုန်၏။ ထိုဘေးနှစ်ပါးကြောင့် လူအများတိုး၍ သေကြေ ပျက်စီးသောအခါ "မြွေပူရာကင်းမှောင့်သည်" ဟူသကဲ့သို့

နှလုံးထိတ်လန့်စိတ်မသန့်ကြရကား အဟိဝါတရောဂါခေါ်သော ကူးနာ(=ယဉ်းနာ)ရောဂါဘေးပါဆိုက်ရောက်၍ သတ္တဝါတို့မှာ ရှေးကထက်တိုး၍သေကြေပျက်စီးကြကုန်၏။ (ဤကား တတိယဘေးတည်း။)

ဤသို့လျှင် ဝေသာလီပြည်၌ ငတ်မွတ်ခေါင်းပါးခြင်းဘေး, တစ္ဆေသူရဲ ဘီလူးဖမ်းစားနှိပ်စက်ခြင်းဘေး, ရောဂါဘေးတည်းဟူသော ဘေးဆိုးကြီးသုံးပါးတို့ဖြင့် ဖိစီးနှိပ်စက်အပ်ကုန်သည်ဖြစ်ရကား ဝေသာလီပြည်သူပြည်သား လူအများတို့သည်အလှည့်ကျ ဘုရင်မင်းမြတ်ထံတော်မှောက်သို့ သွားရောက်ချဉ်းကပ်ကြကုန်၍ဆန္ဒကို ဖော်ထုတ်ကြကုန်၏။

"မြတ်သောမင်းကြီး . . ဤဝေသာလီပြည်၌ ဘေးကြီးသုံးပါးဖြစ်ပွား၍နေပါသည်။ ဤအခါမှ ရှေးအထက် မင်းခုနစ်ဆက်တိုင်အောင် ဤသို့သဘောရှိသော ဘေးဆိုးကြီးများမဖြစ်ပွားခဲ့စဖူးပါ။ ယခုအခါ၌ အရှင်မင်းမြတ်တို့ တရားမစောင့်ရှောက်ခြင်းကြောင့် ထိုဘေးကြီးသုံးပွား ဖြစ်ပွားလာသည်ဟုအောက်မေ့ကြပါကုန်သည်ဘုရား" ဟူ၍ ဆန္ဒဖော်ထုတ်လျှောက်ထားကြလေကုန်၏။ မင်းကြီးသည် အလုံးစုံသော လူအပေါင်းတို့ကို တရားလွှတ်ရုံး၌ စုရုံးစည်းဝေးစေပြီးလျှင် "အို . . တိုင်းသူပြည်သား လူအပေါင်းတို့ . . ငါ၏တရားမစောင့်သောအချက်ကို စိစစ်ကြကုန်လော့"ဟူ၍ ပြောဆိုလေ၏။ လူများအပေါင်းတို့သည် ပြည့်ရှင်မင်းကြီး၏အလုံးစုံသော နေ့စဉ်လုပ်ငန်းရပ်အစဉ်အဆက်ကို စိစစ်ကြသည်တွင် အနည်းငယ် စိုးစဉ်းမျှပင် မင်းကြီး၏အပြစ်ကိုမတွေ့မမြင်ကြရကုန်။ ထို့နောက် မင်းကြီး၏အပြစ်ကို မတွေ့ရ၍ "ငါတို့၏ပြည်ဝယ် ယခုဖြစ်ပွားဆိုက်ရောက်နေ

သော ဘေးကြီးသုံးပါးသည် အဘယ်နည်းဖြင့် ငြိမ်းအေးပါမည်နည်း" ဟူ၍ ကြံစည်တိုင်ပင်ကြကုန်၏။

ထိုလူများအပေါင်းတွင် အချို့သော (တိတ္ထိတပည့်)တို့က တိတ္ထိဆရာကြီး ခြောက်ဦးတို့ ငါတို့ဝေသာလီပြည်သို့ သက်ဝင်မိလျှင်ပင် ဘေးကြီးသုံးပါး ငြိမ်းအေးပေလိမ့်မည်"ဟူ၍ ညွှန်ကြားပြောဆိုကြလေကုန်၏။ အချို့သော (ရတနာသုံးပါးကို ကြည်ညိုကြသူ)များကမူ

"အို အချင်းတို့ . . . လောက၌ မြတ်စွာဘုရားသခင် ပွင့်ထွန်းတော်မူပြီတဲ့၊ ထိုမြတ်စွာဘုရားသည် ခပ်သိမ်းသောသတ္တဝါတို့ အစီးအပွါးဖြစ်စိမ့်သောငှါ တရားဟောတော်မူသတဲ့၊ တန်ခိုးအာနုဘော် ကြီးမြတ်တော်မူလှသတဲ့။ ထို မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး ငါတို့နေရာဝေသာလီပြည်သို့ ကြွရောက်သက်ဝင်တော်မူမိလျှင်ပင် ဘေးခပ်သိမ်းတို့ငြိမ်းအေးကုန်လေရာ၏" ဟူ၍ ပြောဆိုကြလေကုန်၏။ ထိုသို့ တင်ပြပြောဆိုချက်ဖြင့် လူများအပေါင်းသည် နှစ်ထောင်းအားရသဘောတူညီကြကာ"ယခုအခါ ထိုမြတ်စွာဘုရား ကိုယ်တော်မြတ်သည် အဘယ်အရပ်၌ သီတင်းသုံးနေတော်မူသနည်း၊ ငါတို့ကပင့်လျှောက်စေကာမူ မကြွရောက်ဘဲများရှိတော်မူမည်လား" ဟူ၍ ယုံမှားသံသယရှိသောစကား တချို့ကပြောကြားကြလေ၏။ ထိုအခါ အမြော်အမြင်ပညာရှိသူ အချို့လူများက "မြတ်စွာဘုရားရှင်တို့မည်သည် သတ္တဝါများအပေါင်းသတ္တလောကကို သနားစောင့်ရှောက်တော်မူကြကုန်၏။ အဘယ့်ကြောင့်မကြွရောက်ပဲရှိပါကုန်အံ့နည်း၊ ထိုမြတ်စွာဘုရားရှင်သည် ယခုအခါရာဇဂြိုဟ်ပြည်၌ သီတင်းသုံးနေတော်မူဆဲရှိပေသည်၊ ထိုမြတ်စွာဘုရားကို ဗိမ္ဗိသာရမင်းကြီးသည်

ပစ္စည်းလေးပါးတို့ဖြင့် လိုလေသေးမရှိရအောင်ပြုစုနေဆဲဖြစ်ပေသည်၊ ထို ဗိမ္ဗိသာရမင်းကြီးကသာ မြတ်စွာဘုရားရှင် ကြွလာရန်အခွင့်ကို မပေးသော်မူ မပေးပဲရှိလေရာ၏" ဟူ၍ ရှင်းလင်းတင်ပြ ပြောဆိုကြလေကုန်၏။ ထိုတင်ပြပြောဆိုချက်ကို အားလုံးသဘောတူညီကြကာ "ထိုသို့ဖြစ်လျှင် ငါတို့သည် ရာဇဂြိုဟ်ပြည့်ရှင် ဘုရင် ဗိမ္ဗိသာရမင်းကြီးကို အကြောင်းအကျိုးခွင့်ပြုနိုင်လောက်အောင် ပြောဆိုပန်ကြားသိစေပြီးလျှင် မြတ်စွာဘုရားရှင်ကို ငါတို့နေရာ ဝေသာလီပြည်သို့ ပင့်ဆောင်ကြကုန်အံ့"ဟု တညီတညွတ်တည်း စည်းဝေးတိုင်ပင်ဆုံးဖြတ်ကြကုန်၏။ ဗိမ္ဗိသာရမင်းကြီးကို ခွင့်ပြုနိုင်လောက်အောင် ပြောဆိုပန်ကြား အကြောင်းအကျိုးကိုသိစေပြီးလျှင် မြတ်စွာဘုရားရှင်ကို ပင့်ဆောင်ခဲ့ကြကုန်လော့" ဟူ၍ အမှာစကားပြောကြားကြ၍ သံတမန် လိစ္ဆဝီမင်းနှစ်ဦးတို့ကိုများစွာသောစစ်သည်ဗိုလ်ပါနှင့်တကွ လက်ဆောင်ပဏ္ဏာများကို အပ်နှင်းပေးလိုက်၍ ဗိမ္ဗိသာရမင်းကြီးထံသို့ စေလွှတ်လိုက်လေ ကုန်၏။

ထို သံတမန်လိစ္ဆဝီမင်းနှစ်ဦးတို့သည် ရာဇဂြိုဟ်ပြည်သို့ သွားရောက်ကြ၍ ဗိမ္ဗိသာရ မင်းတရားအား လက်ဆောင်ပဏ္ဏာများကို ပေးအပ်ဆက်သကြပြီးလျှင် ထိုအကြောင်းဖြစ်ရပ်အလုံးစုံကို ဗိမ္ဗိသာရမင်းကြီးအား ပြောကြားသိစေကြပြီးနောက် "မြတ်သော မင်းကြီး မြတ်စွာဘုရားရှင်ကို အကျွန်ုပ်တို့၏နေရာ ဝေသာလီပြည်သို့ ပင့်ဆောင်ပေးစေချင်ပါသည်"ဟူ၍ ပြောဆိုကြလေကုန်၏။ ဗိမ္ဗိသာရမင်းကြီးလည်း ထိုမင်းနှစ်ဦးတို့ ပြောဆိုချက်ကို လက်မခံ။ "အမောင်တို့သည်ပင် မြတ်စွာဘုရားရှင် ကြွလို မကြွလိုသည်ကို သိအောင်စုံစမ်းကြစေချင်ပါသည်"ဟု ပြောဆိုလေ၏။

ထိုလိစ္ဆဝီမင်းနှစ်ဦးတို့သည် မြတ်စွာဘုရားရှင်ထံမှောက် သွားရောက်ဝပ်လျှိုး ရှိခိုးကြ ပြီးလျှင် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား . . တပည့်တော်တို့၏နေရာဝေသာလီပြည်၌ ဘေးကြီးသုံးမျိုးတို့ လွှမ်းမိုးဖြစ်ပွားရှိနေကြပါကုန်သည်၊ အကယ်၍ မြတ်စွာဘုရားသနားသဖြင့် ကြွလာတော်မူပါလျှင် တပည့်တော်တို့၏ဝေသာလီပြည်သူပြည်သားလူများအဖို့ရာ ချမ်းသာသုခဖြစ်ပွါးပါလိမ့်မည်"ဟူ၍ လျှောက်ထားကြလေကုန်၏။

မြတ်စွာဘုရားရှင်သည် ဆင်ခြင်စဉ်းစားတော်မူလတ်သော် "ဝေသာလီပြည်၌ ငါဘုရားရတနသုတ်ကို ဟောကြားအပ်သည်ရှိသော် ထိုအစောင့်အရှောက်အရံအတားသည် စကြာဝဠာတိုက်ပေါင်း ကုဋေတသိန်းတိုင်အောင် ပြန့်နှံ့ပေလိမ့်မည်၊ ရတနသုတ်တရားဟောကြားပြီးဆုံးသောအခါ၌ သတ္တဝါပေါင်းရှစ်သောင်းလေးထောင်တို့ သစ္စာလေးပါးတရားသိမြင်ကျွတ်တမ်းဝင်ခြင်းသည် ဖြစ်ပေလိမ့်မည်" ဟု ပိုင်းခြားသိမြင်တော်မူရကား ထိုလိစ္ဆဝီမင်းနှစ်ဦးတို့ လျှောက်ထားပင့်ဖိတ်ချက်ကို လက်ခံတော်မူလိုက်လေ၏။

## ဗိမ္ဗိသာရမင်းကြီး အခမ်းအနားစီမံခြင်း

ထိုအခါ ဗိမ္ဗိသာရမင်းကြီးသည်မြတ်စွာဘုရားရှင် ဝေသာလီပြည်သို့ ပင့်လျှောက်ချက်ကို လက်ခံတော်မူကြောင်း သတင်းစကားကို ကြားသိလေလျှင် "အို လူအပေါင်းတို့ . . . မြတ်စွာဘုရားရှင်သည် ဝေသာလီပြည်သို့ ကြွရောက်ရန် လက်ခံတော်မူအပ်ပြီ" ဟု မြို့တော်အတွင်း၌ ကြွေးကြော်စည်လည်မှုပြုစေတော်မူ၏။ ထို့နောက် မြတ်စွာဘုရားရှင်ထံတော် မှောက်သို့ သွားရောက်ဆည်းကပ်၍ "မြတ်စွာဘုရား

. . ဝေသာလီပြည်သို့ကြွရောက်တော်မူရန် လက်ခံတော်မူလိုက်ပါ သလော" ဟုမေးလျှောက်လေ၏။ "လက်ခံလိုက်သည် ဒကာတော် မင်းကြီး"ဟူ၍ မြတ်စွာဘုရားက ပြန်ကြားမိန့်ဆိုတော်မူလေရာ ဗိမ္ဗိသာရမင်းကြီးသည် မြတ်စွာဘုရား . . ထိုသို့ဖြစ်လျှင် ကြွတော်မူရန် လမ်းခရီးကို စိမံပြုပြင်၍မပြီးမီ စောင့်ဆိုင်းငံ့လင့်တော်မူပါဦးဘုရား" ဟူ၍ လျှောက်ထားလေ၏။

ထိုအခါ ဗိမ္ဗိသာရမင်းကြီးသည် ရာဇဂြိုဟ်ပြည်နှင့် ဂင်္ဂါမြစ်၏ အကြား ငါးယူဇနာအလျားရှိသော မြေအရပ်ကိုညီညွတ်အောင် ပြုပြီး လျှင် တယူဇနာ တယူဇနာ၌ စံကျောင်းတော်တဆောင်တဆောင် ဆောက်လုပ်စေပြီးမှ မြတ်စွာဘုရားအားကြွရောက်တော်မူရန် အခါ ကြားလျှောက်ထားလေသည်။ မြတ်စွာဘုရားရှင်သည် ရဟန်းတော် ငါးရာခြံရံအပ်လျက် ခရီးထွက်ကြွတော်မူလေ၏။

ဗိမ္ဗိသာရမင်းကြီးသည် ငါးယူဇနာရှည်သော လမ်းခရီးကို အဆင်းငါးမျိုးရှိသော ပန်းတို့ဖြင့် ပုဆစ်ဒူးမြုပ်မျှ ကြဖြန့်စေ၍ တံခွန်, ကုက္ကား, ရေပြည့်အိုး, ငှက်ပျောပင်ရှင်စသည်တို့ကို စိုက်ထောင် တည်ထားစေလျက် မြတ်စွာဘုရားရှင်အတွက် ထီးဖြူတော် (ဝဲ-ယာ) နှစ်လက် တို့ကိုရင်း, ရဟန်းတော်တစ်ပါး,တစ်ပါးအတွက် ထီးဖြူ တော်တစ်လက်စီ တစ်လက်စီကိုင်း ဆောင်းမိုးစေတော်မူ၏။ မိမိသည် လည်း ဗိုလ်ပါပရိသတ်အခြံအရံနှင့်တကွ ပန်းနံ့သာစသည်တို့ဖြင့် ပူဇော်မှုကိုပြုလျက် စံကျောင်းတော်တဆောင်တဆောင်၌ မြတ်စွာ ဘုရားရှင်ကို ခရီးပန်းဖြေနားနေတော်မူစေ၍ အလှူကြီးများကို ပေးလှူ၍ ငါးရက်ခရီးဖြင့်သက်သက်သာသာဂင်္ဂါမြစ်ကမ်းသို့ ရောက် အောင် ပင့်ဆောင်လေ၏။

ဂင်္ဂါမြစ်ကမ်း၌ အလုံးစုံသောအဆင်တန်ဆာတို့ဖြင့် မင်္ဂလာလှေဖောင်တော်ကို တန်ဆာဆင်နေစဉ်ပင် ဝေသာလီမင်း များထံသို့ "မြတ်စွာဘုရားရှင်ကြွလာတော်မူပါပြီ၊ လမ်းခရီးကို ပြုပြင် တန်ဆာဆင်ကြပြီးလျှင် လိစ္ဆဝီမင်းအားလုံးတို့ပင် မြတ်စွာဘုရားရှင်အား ကြိုဆိုမှု ပြုလုပ်ကြစေချင်သည်"ဟူ၍ သတင်းစကား သဝဏ်လွှာ ပါးလိုက်လေ၏။ လိစ္ဆဝီမင်းတို့သည် ထိုသတင်းကိုကြားသိရ၍ "ငါတို့သည် ဗိမ္ဗိသာရမင်းကြီးထက် နှစ်ဆတိုးပူဇော်မှုကို ပြုကုန်အံ့" ဟု တိုင်ပင်ညီညွတ်ကြကာ ဝေသာလီပြည်နှင့် ဂင်္ဂါမြစ်၏အကြား သုံးယူဇနာ အလျားရှိသော မြေအရပ်ကို ညီညွတ်အောင် ပြုကြပြီးလျှင် မြတ်စွာဘုရားရှင်အတွက် ထီးဖြူတော်လေးလက်, ရဟန်းတော်တစ်ပါးတစ်ပါးအတွက် ထီးဖြူတော် နှစ်လက်စီ နှစ်လက်စီတို့ကို စီမံကြ၍ ပူဇော်သဘင်ပွဲကြီးယင်လျက် ဂင်္ဂါမြစ်ကမ်းသို့ လာရောက်ကြကာ မြတ်စွာဘုရားရှင် ကို ကြိုဆိုစောင့်ဆိုင်းနေကြလေကုန်၏။

ထိုအခါ ဗိမ္ဗိသာရမင်းကြီးသည် လှေကြီးနှစ်စင်းကို ပေါင်းစပ် (ပေါင်းကူး)၍ ထိုအထက် ဝယ် မဏ္ဍပ်ကိုဆောက်လုပ်ပြီးလျှင် ပန်းဆိုင်းနံ့သာဆိုင်းကြာယပ်စသည်တို့ဖြင့် တန်ဆာဆင်ပြီးနောက် ထိုလှေဖောင်တော်၌ အလုံးစုံသောရတနာခုနှစ်ပါးဖြင့်ပြီးသော ဘုရားနေရာ ရတနာပလ္လင်တော်ကိုခင်းထား၏။ မြတ်စွာဘုရားရှင်သည် ထိုရတနာပလ္လင်ထက်၌ ထိုင်နေတော် မူ၏။ ရဟန်းတော်ငါးရာတို့သည်လည်း လှေဖောင်တော်သို့တက်ပြီးလျှင် သင့်လျော်ရာ မိမိတို့နေရာ၌ နေထိုင်ကြကုန်၏။

ဗိမ္ဗိသာရမင်းကြီးသည် လှေဖောင်တော်ထွက်သောအခါ မြတ်စွာဘုရားရှင်ကို လိုက်ပါပို့ဆောင်လတ်သည်ရှိသော် လည်မျို ပမာဏနက်ဝှမ်းသော ရေအရပ်သို့တိုင်အောင် သက်ဆင်းလိုက်ပါ၍ "မြတ်စွာဘုရား . . မြတ်စွာဘုရား ပြန်ကြွတော်မူလာသည်တိုင်အောင် တပည့်တော်သည် ဤဂင်္ဂါမြစ်ကမ်း၌စောင့်မျှော်နေပါမည်ဘုရား" ဟူ၍ လျှောက်ထားပြီးမှ လှေဖောင်တော်ကိုလွှတ်လိုက်၍ ကမ်းသို့ပြန်နစ် လေသည်။

အထက်ကောင်းကင်၌ နတ်ဗြဟ္မာတို့သည် အကနိဋ္ဌ ဗြဟ္မာ့ပြည်တိုင်အောင် ပူဇော်မှုပြုကြလေသည်။ အောက်အရပ်၌ ဂင်္ဂါမြစ်ဝယ်နေကြသည့် ကမ္ဗလနဂါးမင်း, အဿတရနဂါးမင်း အစရှိကုန်သော နဂါးမင်းတို့သည် ပူဇော်မှုပြုကြလေကုန်သည်။

ဤသို့လျှင် ကြီးကျယ်ခမ်းနားလှစွာသော အပူဇော်ဖြင့် မြတ်စွာဘုရားရှင်သည် ဂင်္ဂါမြစ်အတွင်း တယူဇနာမျှသောခရီးကို ကြွသွားတော်မူ၍ ဝေသာလီမင်းတို့၏နယ်အတွင်းသို့သက်ဝင်တော်မူမိလေ၏။

## လိစ္ဆဝီမင်းတို့ နှစ်ဆတက်ပူဇော်ကြခြင်း

ထိုအခါ ဂင်္ဂါမြစ်ကမ်းဝယ် အသင့်စောင့်ကြိုလျက်ရှိနေကြသော လိစ္ဆဝီမင်းအပေါင်း တို့သည် ဗိမ္ဗိသာရမင်းကြီးပြုလုပ်အပ်သော ပူဇော်မှုထက် နှစ်ဆတိုးပူဇော်မှုကို ပြုကြကုန်လျက် လည်မျိုပမာဏ နက်ဝှမ်းလှသော ဂင်္ဂါမြစ်အတွင်းသက်ဆင်းကြကာ မြတ်စွာဘုရားကို ကြိုဆိုကြလေသည်။

## ပေါက္ခရဝဿမိုး ရွာသွန်းခြင်း

ထိုသို့ မြတ်စွာဘုရားရှင် စီးနင်းလိုက်ပါလာသော လှေဖောင်တော် ဝေသာလီပြည်ဖက်ဂင်္ဂါမြစ်ကမ်းသို့ ဆိုက်ရောက်သောခဏမှာပင် အရပ်လေးမျက်နှာတို့၌ တဂျုန်းဂျုန်းထစ်ချုန်းလျက် လျှပ်စစ်လျှပ်ပန်းများပြက်သန်းထွက်ပေါ်ကာကောင်းကင်အပြည့် အမိုက်မှောင်အတိဖြစ်အောင် မြေးယှက်ညိုမှောင်မိုးတိမ်တောင်တိမ်လိပ်တို့တရိပ်ရိပ်ထလျက် ကြီးစွာသောမိုးကြီးတက်၍ လာလေ၏။ ထို့နောက် မြတ်စွာဘုရားရှင်၏ ပဌမလက်ျာခြေတော်ကိုဂင်္ဂါမြစ်ကမ်း၌ချအပ်လျှင်ပင် **ပေါက္ခရဝဿမိုးကြီး ရွာသွန်းလေသည်၊ မိုးရေစိုစွတ်လိုသော သူများသာလျှင်မိုးစွတ်ကြ၍ မစိုစွတ်လိုသောသူများ မိုးတပေါက်မျှမစိုစွတ်ကြကုန်၊ ဝေသာလီပြည်အလုံး၌ အချို့နေရာဝယ် ပုဆစ်ဒူးဝန်းနစ်လုမျှ, အချို့နေရာဝယ် ပေါင်လည်မျှ, အချို့နေရာဝယ် ခါးနစ်လုမျှ, အချို့နေရာဝယ် လည်မျိုနစ်မျှ မိုးရေအယဉ်ကြီးတသွင်သွင်စီးသွားလေ၏၊ ထိုမိုးရေအယဉ်သည် ပင်ကိုယ်ပကတိက မသိမ်းနိုင်မဆည်းနိုင်ပဲ ထိုထိုအရပ်ဝယ် စွန့်ပစ်အပ်သောသူသေကောင်ပုပ်များကို ဂင်္ဂါမြစ်ရေအယဉ်အတွင်းသို့ ပို့သွင်းတိုက်မျှောအပ်ကုန်၏၊ သို့ရကား ဝေသာလီပြည်မြေတပြင်လုံး သန့်ရှင်းစင်ကြယ်၍ သွားလေသည်၊ လိစ္ဆဝီမင်းတို့သည် မြတ်စွာဘုရားရှင်ကို ဂင်္ဂါမြစ်နှင့်ဝေသာလီပြည်အကြား သုံးယူဇနာဝေးကွာသောခရီးဝယ် တယူဇနာ တယူဇနာ၌အသင့်ဆောက်လုပ်ပြီး ရှိနှင့်သောစံကျောင်းတော်များတွင် တညဥ့်တညဥ့်စီတိန်းစက်တော်မူစေပြီးလျှင် ကြီးစွာသောအလှူကြီးများကိုပေးလှူကြ၍ နှစ်ဆတက်ပူဇော်ကြကာသုံးရက်ခရီးဖြင့် ဝေသာလီပြည်သို့အရောက်ပင့်ဆောင်ကြလေကုန်၏၊**

## မြတ်စွာဘုရားရှင် ဝေသာလီပြည်သို့ရောက်တော်မူလျှင်ပင် သိကြားနတ်မင်းသည် နတ်အပေါင်းခြံရံအပ်လျက်

မြတ်စွာဘုရားရှင်ရှိရာ ဝေသာလီပြည်သို့သက်ဆင်းလာရောက်လေသည်။ သိကြားနတ်မင်းအမှူးပြုသော တန်ခိုးကြီးမြတ်သည့် နတ်အပေါင်းတို့ ဝေသာလီပြည်ဝယ်စည်းဝေးမိကြသဖြင့် (နဂိုရ်က ဝေသာလီပြည်ဝယ် ဖမ်းစားနှောက်ယှက်နေကြသော) တစ္ဆေသူရဲဘီလူးတို့သည် များစွာသောအားဖြင့်ထွက်ပြေးတိမ်းရှောင်ကြကုန်၏။

မြတ်စွာဘုရားရှင်သည် ဝေသာလီပြည်တံခါးဝ၌ ရပ်တည်တော်မူ၍ အရှင်အာနန္ဒာ မထေရ်ကို —

"ချစ်သား အာနန္ဒာ . . . ဤရတနသုတ္တန်ကို သင်ချစ်သားသင်ကြားပြီးလျှင် ဗလိနတ်စာပူဇော်ဖွယ်ရာများကို အသီးသီးယူဆောင်စေလျှက် လိစ္ဆဝီမင်းသားတို့နှင့်အတူတကွ ဝေသာလီပြည်၏ တံတိုင်းသုံးထပ်အကြား၌ လှည့်လည်၍ ပရိတ်အရံအတားကို ပြုလုပ်ရမည်၊ ရတနသုတ်ကိုရွတ်ရမည်" ဟူ၍မိန့်ကြားတော်မူပြီးလျှင် ရတနသုတ္တန်ကို ဟောကြားတော် မူလေ၏။

## အရှင်အာနန္ဒာမထေရ် ပရိတ်အရံအတား ပြုတော်မူခြင်း

ဤသို့လျှင် မြတ်စွာဘုရားရှင် ဝေသာလီပြည်သို့ ဆိုက်ရောက်တော်မူသောနေ့၌ပင် ဝေသာလီပြည် တံခါးဝယ်ဘေးကြီးသုံးပါးတို့ကို ပယ်ရှားနိုင်ရန်ဟောကြားတော်မူအပ်သောဤရတနသုတ်ကိုသင်ကြားတော်မူပြီးလျှင် အရှင်အာနန္ဒာမထေရ်သည် ပရိတ်အရံအတားအလို့ငှါ နှုတ်တော်ရွရွဋ္ဌာန်ကရိုဏ်းပီသစွာရွတ်ဆိုတော်မူလျက် မြတ်စွာဘုရား၏ သပိတ်တော်ဖြင့် ရေအပြည့်ထည့်ကာ ယူဆောင်တော်မူပြီး

လျှင် ဝေသာလီပြည်အလုံးကို ရေစင်ရေပေါက်များ ကြဖြန်းတော်မူလျက် လှည့်လည်တော်မူလေ၏။

အရှင်အာနန္ဒာမထေရ်သူမြတ်က "ယံကိဉ္စိ ဝိတ္တံ" ဟူ၍ ပဋ္ဌမဂါထာပိုဒ်ကိုစ၍ ရွတ်လိုက်လျှင်ပင် ရှေးကထွက်ပြေးတိမ်းရှောင်မှု မပြုမိကြပဲ အမှိုက်ပုံနံရံအရပ်စသည်တို့၌ မှီတွယ်ကပ်ယပ်နေကြသော ဘီလူးသဘက် ဘုတ်ပြိတ်တစ္ဆေတို့သည်လည်း မြို့တံခါးလေးပေါက်မှ ထွက်ပြေးတိမ်းရှောင်ကြလေကုန်၏။ တံခါးလေးပေါက်မဆန့်သဖြင့် အချို့မှာ တံတိုင်းကိုချိုးဖောက်၍ ထွက်ပြေးတိမ်းရှောင်ကြကုန်၏။ ဘီလူး သဘက် ဘုတ် ပြိတ် တစ္ဆေတို့ ထွက်ပြေး တိမ်းရှောင်ကြလျှင်ပင် (နဂိုရ်က ရောဂါကပ်ငြိနေသော) လူတို့၏ကိုယ်၌ အနာရောဂါသည် ငြိမ်းအေးလေတော့၏။ ထိုလူအများသည် မိမိတို့အိမ်မှ ထွက်ကြ၍ အလုံးစုံသော ပန်းနံ့သာစသည်တို့ဖြင့် အရှင်အာနန္ဒမထေရ်ကို ပူဇော်ကြလေကုန်၏။ ပရိတ်နာယူကြကုန်၏။

## မြို့လယ်ခန်းမဆောင်၌ မြတ်စွာဘုရားရှင် ရတနသုတ်ကို ဟောတော်မူခြင်း

မင်းနှင့်တကွသော ဝေသာလီပြည်သူပြည်သား လူအများသည် မြို့တော်အလယ်လွှတ်ရုံးခန်းမဆောင်ကို နံ့သာမျိုးတို့ဖြင့် အထုံအခိုး မွှမ်းမံလိမ်းကျံကြပြီးလျှင် ဗိတာန်မျက်နှာကြက်,ကြက်ကြ၍ တန်ဆာမျိုးစုံ ဆင်ယင်ကြပြီးနောက် ထိုခန်းမဆောင်၌ ဘုရားနေရာ ဗုဒ္ဓါသနမဏ္ဍပလ္လင်ကို ခင်းထားကြပြီးလျှင် မြတ်စွာဘုရားရှင်ကို ပင့်ဆောင်ခဲ့ကြလေသည်။ မြတ်စွာဘုရားရှင်သည် မြို့လယ်လွှတ်ရုံးခန်းမ

ဆောင်သို့ ဝင်တော်မူ၍ခင်းထားအပ်သော ဗုဒ္ဓါသနဓမ္မပလ္လင်၌ထိုင်နေတော်မူ၏။ ရဟန်းသံဃာအပေါင်းသည်ငင်း, မင်းတို့သည်ငင်း, တိုင်းသားပြည်သူ လူအပေါင်းတို့သည်ငင်း မိမိတို့နှင့် သင့်လျော်ရာ သင့်လျော်ရာ နေရာအသီးသီး၌ထိုင်နေကြလေကုန်၏။ သိကြားနတ်မင်းသည်လည်း စတုမဟာရာဇ်နှင့်တာဝတိံသာနတ်နှစ်ရွာမှ နတ်ပရိတ်သတ်အပေါင်းနှင့်တကွဆည်းကပ်လာလေ၏။ အခြားသော နတ်ပြဟ္မာတို့သည်လည်း ဆည်းကပ်လာကြကုန်၏။

အရှင်အာနန္ဒာမထေရ်သည်လည်း ဝေသာလီတပြည်လုံးကို လှည့်လည်တော်မူကာ ပရိတ်အရံအတားကိုပြုတော်မူပြီးလျှင် ဝေသာလီပြည်သူပြည်သား လူအများတို့နှင့်တကွ ကြွလာတော်မူ၍ သင့်လျော်ရာအရပ်၌ ထိုင်နေတော်မူလေ၏။

ထိုပရိသတ်အစည်းအဝေး၌ မြတ်စွာဘုရားရှင်သည် ခပ်သိမ်းသောလူနတ်တို့အား ထို (အရှင်အာနန္ဒာအား သင်ကြားဟောပြတော်မူအပ်သည့်) ရတနသုတ်တော်မြတ်ကိုပင် ဟောကြားတော်မူလေ၏။

ပဌမနေ့ ရတနသုတ္တန်ဒေသနာတရား ဟောကြားပြီးဆုံးနိဂုံးသတ်သောအခါ ဝေသာလီပြည်လိစ္ဆဝီမင်းအပေါင်း၏ တိုင်းသားပြည်သူ ဗိုလ်လူတို့သည် ဆင်းရဲလွတ်ကင်းချမ်းသာခြင်းဖြစ်လေ၏။ အလုံးစုံသော ဘေးရန်ဥပဒ်(ကပ်ဘေးကြီးသုံးပါး)တို့သည်လည်း ငြိမ်းအေးကြလေကုန်၏၊ သတ္တဝါအပေါင်းရှစ်သောင်းလေးထောင်တို့သည်လည်း သစ္စာလေးပါး တရားသိမြင်ကျွတ်တမ်းဝင်ကြကုန်၏။

ထိုအခါ သိကြားနတ်မင်းသည် "မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးသည် ရတနာသုံးပါး၏ ကျေးဇူးဂုဏ်ကို အမှီပြု၍ သစ္စာစကားဟောကြားမိန့်ဆိုတော်မူသဖြင့် တိုင်းသားပြည်သူ ဗိုလ်လူအပေါင်းချမ်းသာကြောင်းကို ကောင်းစွာပြုတော်မူအပ်လေပြီ၊ ငါသည်လည်းတိုင်းသားပြည်သူဗိုလ်လူအပေါင်း ချမ်းသာကြောင်းအနေဖြင့် ရတနာသုံးပါး၏ကျေးဇူးဂုဏ်ကိုအမှီပြု၍ တစုံတခုရွတ်ဆိုမှုကို ပြုသင့်လှပေ၏" ဟုကြံစည်၍ အဆုံး၌ (လာသည့်) "ယာနီဓ ဘူတာနိ" အစရှိသော (၃)ဂါထာကို ရွတ်ဆိုလေ၏။

## မြတ်စွာဘုရားရှင်သည် ခုနစ်ရက်တိုင်တိုင် ရတနသုတ်တရားကို ဟောကြားတော်မူခြင်း

ဆိုအပ်ခဲ့ပြီးသောအတိုင်း သိကြားမင်းသည် ဂါထာ၃-ပုဒ်တို့ကို ရွတ်ဆိုပြီးသောအခါ မြတ်စွာဘုရားကို လကျ်ာရစ်လှည့်လည်ရှိခိုး၍ နတ်ပရိသတ်နှင့်တကွ နတ်ပြည်သို့သာလျှင် ပြန်သွားလေ၏။

မြတ်စွာဘုရားရှင်သည်ကား ထိုရတနသုတ်ကိုပင် ဒုတိယနေ့၌လည်း ဟောကြားတော်မူ၏၊ ထိုအခါ တဖန်သတ္တဝါပေါင်း ရှစ်သောင်းလေးထောင်တို့၏ သစ္စာလေးပါးတရားသိမြင်ကျွတ်တမ်းဝင်ခြင်းသည်ဖြစ်ပြန်၏။ ဤနည်းအတူ ခုနစ်ရက်မြောက်နေ့တိုင်အောင် ရတနသုတ်ကိုပင်ဟောတော်မူ၏။ နေ့တိုင်းနေ့တိုင်းပင် ပဌမနေ့ ဒုတိယနေ့တို့အတူ သတ္တဝါပေါင်းရှစ်သောင်းလေးထောင်၊ ရှစ်သောင်းလေးထောင်တို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ကြလေသည်၊ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ကြသောသတ္တဝါအပေါင်းသည် ရှစ်သောင်းလေးထောင် ခုနစ်လီဖြစ်၍

(၈၄၀၀၀ × ၇ = ၅၈၈၀၀၀) ငါးသိန်းရှစ်သောင်းရှစ်ထောင် အရေအတွက် ရှိလေသည်။

## (၂) ရတနသုတ်ဆိုင်ရာ အမေး (၄) ပုဒ်

ဤရတနသုတ်ပရိတ်နှင့်စပ်၍ အနှစ်ချုပ်မှတ်ဖွယ်မှာ

၁။ ကေန ပနေတံ သုတ္တံ = အဘယ်ပုဂ္ဂိုလ် ရတနသုတ်ကို ဟောခဲ့ပါသနည်း? -မြတ်စွာဘုရားရှင် ကိုယ်တော်တိုင် ဟောတော်မူခဲ့ပါသည်၊ ဘုရားရှင်၏ သင်ပေးချက် တိုက်တွန်းချက်အရ အရှင်အာနန္ဒာရွတ်ဆိုခဲ့လေသည်။

၂။ ကဒါ ဝုတ္တံ = ရတနသုတ်ကို ဘယ်အခါမှာ ဟောတော်မူခဲ့ပါသနည်း? = ငတ်မွတ်ရှားပါးဘေး, အနာရောဂါကူးစက်ဘေး, ဘီလူးဘေး-ဟုဆိုအပ်သော ကပ်ဘေးကြီးသုံးမျိုး ကျရောက်နေသည့် အခါမှာ ဟောတော်မူခဲ့ပေသည်။

၃။ ကတ္ထ ဝုတ္တံ = အဘယ်ပြည်မှာ ရတနသုတ်ကို ဟောတော်မူခဲ့ပါသနည်း? ဝေသာလီပြည်မှာ ဟောတော်မူခဲ့ပါသည်။

၄။ ကသ္မာ စ ဝုတ္တံ = ရတနသုတ်ကို အဘယ်အကျိုးငှါ ဟောတော် မူခဲ့ပါသနည်း? ငတ်မွတ်ရှားပါးဘေး အနာရောဂါကူးစက်ဘေး, ဘီလူးဘေး-ဟုဆိုအပ်သော ကပ် ဘေးကြီး(၃)မျိုးတို့ ငြိမ်းပျောက်ကင်းပျောက် စေခြင်းအကျိုးငှါ ရတနသုတ်ကို ဟောတော်မူခဲ့လေသည်။

*(သုတ္တနိပါတအဋ္ဌကထာ-၁၊ ၂၆၇)*

# (၃) ရတနာစစ်တမ်း ထုတ်ခြင်း

၁။ သက်မဲ့ရတနာ+သက်ရှိရတနာ

ရတနာသည် ရွှေ၊ ငွေ စသည့် သက်မဲ့ရတနာ၊ ဆင်မြင်း စသည့် သက်ရှိရတနာဟု(၂) မျိုးရှိသည်။ ထိုတွင် သက်မဲ့ ရတနာထက် သက်ရှိရတနာက မြတ်သည်။

၂။ သက်ရှိရတနာ(၂)မျိုး

ထိုတွင် သက်ရှိရတနာသည်လည်း ဆင်မြင်းစသော တိရစ္ဆာန်သက်ရှိရတနာနှင့် မိဖုရား၊ သားကြီး၊ သူဌေး စသော လူသက်ရှိရတနာဟူ၍(၂)မျိုးရှိသည်။ ထိုတွင် တိရစ္ဆာန်သက်ရှိရတနာထက် လူသက်ရှိရတနာကမြတ်သည်။

၃။ လူရတနာ(၂)မျိုး

လူသက်ရှိရတနာသည်လည်း မိန်းမရတနာ၊ ယောကျ်ားရတနာ ဟူ၍(၂)မျိုးရှိသည်။ ထိုတွင် မိန်းမရတနာထက် ယောကျ်ားရတနာက မြတ်သည်။

၄။ ယောကျ်ားရတနာ(၂)မျိုး

ထိုတွင် ယောကျ်ားရတနာသည်လည်း အိမ်ယာထောင်သော ယောကျ်ားရတနာ၊ ရဟန်းဘောင်နေသော ယောကျ်ားရတနာဟူ၍ (၂) မျိုးရှိသည်။ ထိုတွင် အိမ်ယာထောင်သော ယောကျ်ားရတနာထက် ရဟန်းဘောင်နေသော ယောကျ်ားရတနာက မြတ်သည်။

၅။ ရဟန်းရတနာ(၂)

ထိုတွင် ရဟန်းရတနာသည်လည်း ပုထုဇဉ်ရတနာ၊ အရိယာရတနာဟူ၍(၂)မျိုးရှိသည်။ ထိုတွင် ပုထုဇဉ်ရတနာထက် အရိယာရတနာက မြတ်သည်။

၆။ အရိယာရတနာ(၂)မျိုး

အရိယာရတနာသည်လည်း သေက္ခ(ကျင့်ဆဲ)ရတနာ၊ အသေက္ခ(ကျင့်ပြီး)ရဟန္တာရတနာဟူ၍ (၂)မျိုးရှိသည်။ ထိုတွင် သေက္ခရတနာထက် အသေက္ခရဟန္တာရတနာက မြတ်သည်။

၇။ အသေက္ခရတနာ(၂)မျိုး

အသေက္ခရတနာသည်လည်း သုက္ခဝိပဿက(စျာန်အဘိညာဉ်မရ)ရဟန္တာရတနာ၊ သမထယာနိက (စျာန်အဘိညာဉ်ရ) ရဟန္တာရတနာ ဟူ၍(၂)မျိုးရှိသည်။ ထိုတွင် သုက္ခဝိပဿက ရဟန္တာရတနာထက် သမထယာနိက ရဟန္တာရတနာက မြတ်သည်။

၈။ သမထယာနိကရတနာ(၂)မျိုး

သမထယာနိကရဟန္တာရတနာသည်လည်း သာဝကပါရမီမရောက်သော ရဟန္တာရတနာနှင့် သာဝကပါရမီရောက် အဂ္ဂသာဝကရဟန္တာရတနာဟူ၍(၂)မျိုးရှိသည်။ ထိုတွင် သာဝက ပါရမီမရောက်သောရဟန္တာရတနာထက် သာဝကပါရမီရောက်သော အဂ္ဂသာဝကရဟန္တာရတနာကမြတ်သည်။

၉။ ဗုဒ္ဓရတနာ(၂)မျိုး

ထိုအဂ္ဂသာဝကရဟန္တာရတနာထက် ဗုဒ္ဓရတနာကမြတ်သည်။ ဗုဒ္ဓရတနာသည်လည်း ပစ္စေကဗုဒ္ဓရတနာ၊ သဗ္ဗညုဗုဒ္ဓရတနာဟူ၍ (၂) မျိုးရှိသည်။ ထိုတွင် ပစ္စေကဗုဒ္ဓရတနာထက် သဗ္ဗညုဗုဒ္ဓရတနာကမြတ်သည်။ သို့ဖြစ်၍ လောကတွင် သဗ္ဗညုဗုဒ္ဓရတနာသည် အမြတ်ဆုံးရတနာဖြစ်ပေသည်။ ထို့ကြောင့် ရတနသုတ်၌ ယံကိဉ္စိဝိတ္တံ စသောဂါထာကို ဟောထားပေသည်။

# (၈) သစ္စာအစွမ်း အံ့မခန်း

## (၁) ရတနသုတ် အနုလုံပါဠိ

ပဏိဓာနတော ပဋ္ဌာယ, တထာဂတဿ ဒသ ပါရမိယော, ဒသ ဥပပါရမိယော, ဒသ ပရမတ္ထပါရမိယောတိ သမတိံသ ပါရမိယော, ပဉ္စ မဟာပရိစ္စာဂေ, လောကတ္ထစရိယံ, ဉာတတ္ထစရိယံ ဗုဒ္ဓတ္ထစရိယန္တိ တိဿော စရိယာယော, ပစ္ဆိမဘဝေ ဂဗ္ဘာဝေါက္ကန္တိံ, ဇာတိံ, အဘိနိက္ခမနံ, ပဓာနစရိယံ, ဗောဓိပလ္လင်္ကေ မာရဝိဇယံ, သဗ္ဗညုတ ဉာဏပ္ပဋိဝေဓံ, ဓမ္မစက္ကပ္ပဝတ္တနံ, နဝ လောကုတ္တရဓမ္မေတိ သဗ္ဗေပိ မေ ဗုဒ္ဓဂုဏေ အာဝဇ္ဇေတွာ ဝေသာလိယာ တီသု ပါကာရန္တရေသု တိယာမရတ္တိံ ပရိတ္တံ ကရောန္တော အာယသ္မာ အာနန္ဒတ္ထေရော ဝိယ ကာရုညစိတ္တံ ဥပဋ္ဌပေတွာ-

### ဥယျောဇဉ်

၁။ ကောဋိသတသဟဿေသု၊ စက္ကဝါဠေသု ဒေဝတာ။
ယဿာ'ဏံ ပဋိဂ္ဂဏှန္တိ၊ ယဉ္စ ဝေသာလိယာ ပုရေ။

၂။ ရောဂါမနုဿ ဒုဗ္ဘိက္ခ'သမ္ဘူတံ တိဝိဓံ ဘယံ။
ခိပ္ပ'မန္တရဓာပေသိ၊ ပရိတ္တံ တံ ဘဏာမဟေ။

၃။ ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
သဗ္ဗေဝ ဘူတာ သုမနာ ဘဝန္တု၊
အထောပိ သက္ကစ္စ သုဏန္တု ဘာသိတံ။

၄။ တသ္မာ ဟိ ဘူတာ နိသာမေထ သဗ္ဗေ၊
မေတ္တံ ကရောထ မာနုသိယာ ပဇာယ။
ဒိဝါ စ ရတ္တော စ ဟရန္တိ ယေ ဗလိံ၊
တသ္မာ ဟိ နေ ရက္ခထ အပ္ပမတ္တာ။

၅။ ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ။
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၆။ ခယံ ဝိရာဂံ အမတံ ပဏီတံ၊
ယဒဇ္ဈဂါ သကျမုနီ သမာဟိတော။
န တေန ဓမ္မေန သမတ္ထိ ကိဉ္စိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၇။ ယံ ဗုဒ္ဓသေဋ္ဌော ပရိဝဏ္ဏယီ သုစိံ၊
သမာဓိ'မာနန္တရိက'ညမာဟု။
သမာဓိနာ တေန သမော န ဝိဇ္ဇတိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၈။ ယေပုဂ္ဂလာ အဋ္ဌ သတံ ပသတ္ထာ၊
စတ္တာရိ ဧတာနိ ယုဂါနိ ဟောန္တိ။
တေ ဒက္ခိဏေယျာ သုဂတဿ သာဝကာ၊
ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၉။ ယေ သုပ္ပယုတ္တာ မနသာ ဒဠှေန၊
နိက္ကာမိနော ဂေါတမသာသနမှိ။
တေ ပတ္တိပတ္တာ အမတံ ဝိဂယှ၊
လဒ္ဓါ မုဓာ နိဗ္ဗုတိံ ဘုဉ္ဇမာနာ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၀။ ယထိန္ဒခီလော ပထဝိဿိတော သိယာ၊
စတုဗ္ဘိ ဝါတေဟိ အသမ္ပကမ္ပိယော။
တထူပမံ သပ္ပုရိသံ ဝဒါမိ၊
ယော အရိယသစ္စာနိ အဝေစ္စ ပဿတိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၁။ ယေ အရိယသစ္စာနိ ဝိဘာဝယန္တိ၊
ဂမ္ဘီရပညေန သုဒေသိတာနိ။
ကိဉ္စာပိ တေ ဟောန္တိ ဘုသံ ပမတ္တာ၊
န တေ ဘဝံ အဋ္ဌမံ'မာဒိယန္တိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ။
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၂။ သဟာဝ’ဿ ဒဿနသမ္ပဒါယ၊
တယ’ဿု ဓမ္မာ ဇဟိတာ ဘဝန္တိ။
သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆိတဉ္စ၊
သီလဗ္ဗတံ ဝါပိ ယဒတ္ထိ ကိဉ္စိ။
၁၃။ စတူဟပါယေဟိ စ ဝိပ္ပမုတ္တော၊
ဆစ္စာဘိဌာနာနိ အဘဗ္ဗ ကာတုံ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိဟောတု
၁၄။ ကိဉ္စာပိ သော ကမ္မ ကရောတိ ပါပကံ၊
ကာယေန ဝါစာ ဥဒ စေတသာ ဝါ။
အဘဗ္ဗ သော တဿ ပဋိစ္ဆဒါယ၊
အဘဗ္ဗတာ ဒိဋ္ဌပဒဿ ဝုတ္တာ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
၁၅။ ဝနပ္ပဂုမ္ဗေ ယထ ဖုဿိတဂ္ဂေ၊
ဂိမှာန မာသေ ပဌမသ္မိံ ဂိမှေ။
တထူပမံ ဓမ္မဝရံ အဒေသယိ၊
နိဗ္ဗာနဂါမိံ ပရမံ ဟိတာယ။
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
၁၆။ ဝရော ဝရညူ ဝရဒေါ ဝရာဟရော၊
အနုတ္တရော ဓမ္မဝရံ အဒေသယိ။
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၇။ ခီဏံ ပုရာဏံ နဝ နတ္ထိ သမ္ဘဝံ၊
ဝိရတ္တစိတ္တာ ယတိကေ ဘဝသ္မိံ။
တေ ခီဏဗီဇာ အဝိရူဠှိဆန္ဒာ၊
နိဗ္ဗန္တိ ဓီရာ ယထာယံ ပဒီပေါ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၈။ ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
တထာဂတံ ဒေဝမနုဿပူဇိတံ၊
ဗုဒ္ဓံ နမဿာမ သုဝတ္ထိ ဟောတု။

၁၉။ ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
တထာဂတံ ဒေဝမနုဿပူဇိတံ၊
ဓမ္မံ နမဿာမ သုဝတ္ထိ ဟောတု။

၂၀။ ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
တထာဂတံ ဒေဝမနုဿပူဇိတံ၊
သံဃံ နမဿာမ သုဝတ္ထိ ဟောတု။

ရတနသုတ္တံ နိဋ္ဌိတံ။

*********



ဘုရားလောင်းမွေးဖွားရာ လုမ္ဗိနီဒေသ



ဘုရားလောင်း ဒုက္ကရစရိယာ ကျင့်ရာတောင်



တရားဦး ဓမ္မစကြာဟောရာ မိဂဒါဝုန်တော



အနတ္တလက္ခဏာသုတ် ဟောရာ ဓမ္မေခစေတီတော်



မီးသင်္ဂြိုဟ်ရာ အင်္ဂါရစေတီတော်၌ သံဝေဂပွားကြစဉ်



ဩဝါဒပါတိမောက်ပြရာ ဝေဠုဝန်ကျောင်း



ဘုရားခြေတော်ရာ လှူခဲ့ရာ ကူဋာဂါရကျောင်း



ဝေသာလီပြည် အာနန္ဒာစေတီ



သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ အာနန္ဒဗောဓိပင်ကို ရှိခိုးကြစဉ်



ဗာရာဏသီပြည် ဂင်္ဂါမြစ်တွင်း၌ ရတနသုတ်ပရိတ် ရွတ်ဖတ်ကြစဉ်

(၂၀၁၇-၅-၁၈)

ၚ်ၜးနှုၜေါလ်ဝီခါလ်ငၗ နှ်ၯဂှ်ၯယ်ၯဂှ်ငၗဖေးနှ်ငၔဝ်ၗ းဂှၜိငၗၯိၗ ဂှ်ၯၪငၗကၯ်င် ယၜးယၗဂှ(းဂ်ၜးၜ်ၓ၃ငၗ၁)ဓ၁၃ၜၪ၁+းၜ်ၜးၚ်



လှူရတနာဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသ

ပို့ချသော ရတနသုတ် ပရိတ်တော်သင်တန်း

(၁၊ ၁၀၊ ၂၀၀၇ - မှ ၁၈၊ ၁၀၊ ၂၀၀၇)





ရတနသုတ်သင်တန်း ဒုတိယအကြိမ် ပို့ချစဉ် (၁၆ - ၁၀ - ၂၀၁၆)



ဝေသာလီနန်းတော်နေရာ၌ ရတနသုတ် ရွတ်ဖတ်စဉ် (၂၀၁၄)



(၂) ရတနသုတ်

ရတနသုတ်မြွက်၊ သုံးကြိမ်ဖတ်က၊ သတ်ဖြတ်ခန္ဓာ၊ ရောဂါဥပဒ်
ငတ်မွတ်ခေါင်းပါး၊ ကပ်သုံးပါးတို့၊ ရှောင်ရှားပြေးကြာ၊ ငြိမ်းအေးလှတည်း။

ဘုရားရှင် ရတနသုတ်ဟောရန် ဝေသာလီသို့ ကြွချီခြင်း



စာအုပ် ဓမ္မဒါနအလှူရှင် ဦးငွေအောင် + ဒေါ်မြမြစိုး မိသားစု

## ရတနာသုတ် ပရိတ်တော်

## ပရိတ်ရွတ်စဉ် ဆင်ခြင်ဖွယ်နှင့် စိတ်နေ စိတ်ထား

**ပဏိဓာနတော ပဋ္ဌာယ တထာဂတဿ ဒသပါရမိယော, ဒသဥပပါရမိယော, ဒသပရ မတ္ထပါရမိယောတိ သမတ္တိံသပါရမိယော, ပဉ္စ မဟာပရိစ္စာဂေ၊ လောကတ္ထစရိယံ ဉာတတ္ထစရိယံ, ဗုဒ္ဓတ္ထစရိယန္တိ တိဿော စရိယာယော, ပစ္ဆိမဘဝေ ဂဗ္ဘဝေါက္ကန္တိံ ဇာတိံ အဘိနိက္ခမနံ ပဓာနစရိယံ, ဗောဓိပလ္လင်္ကေ မာရဝိဇယံ သဗ္ဗညုတညာဏ ပ္ပဋိဝေဓံ, ဓမ္မစက္ကပ္ပဝတ္တနံ နဝလောကုတ္တရဓမ္မေတိ သဗ္ဗေပိ မေ ဗုဒ္ဓဂုဏေ အာဝဇ္ဇေတွာ ဝေသာလိယာ တီသု ပါကာရန္တရေသု တိယာမ ရတ္တိံ ပရိတ္တံ ကရောန္တော အာယသ္မာ အာနန္ဒတ္ထေရော ဝိယ ကာရုညစိတ္တံ ဥပဋ္ဌပေတွာ -**

သဗ္ဗညုတာဉာဏ်တော်တို့သာ မှန်စွာရှေးရှု စိတ်ထားတော်မူရ အခါမှစ၍ မြတ်စွာဘုရား၏ သူသူငါငါ ဖြည့်နိုင်ရာသည့် ဆယ်ဖြာ အညီ ပါရမီတော်တို့လည်းကောင်း၊ မျက်စိ၊ နား၊ နှာ အင်္ဂါခြေလက်၊ ပျက်တန်ပျက်မျှ ဖြည့်ရဆည်လီ အလယ်အလတ်ဖြစ်သော ဥပပါရမီ တော်တို့လည်းကောင်း၊ အသက်ကိုမျှမငဲ့ရပဲ ဖြည့်ရဆယ်လီ အမြတ်ဆုံး ဖြစ်သော ပရမတ္ထပါရမီတော်တို့လည်းကောင်း ဤသို့ အမျှသုံးဆယ် များကျယ်အညီ ပါရမီတို့လည်းကောင်း၊ ကြီးကျယ်မြင့်မြတ် စွန့်လှူ အပ်သည့် ငါးရပ်သီးသီး စွန့်ခြင်းကြီးတို့လည်းကောင်း၊

တိုင်းသူပြည်သား သတ္တဝါများ၏ စီးပွားတိုးရန် ကျင့်ကြံတော် မူခြင်းလည်းကောင်း၊ ဆွေသားမျိုးသား သတ္တဝါများ၏ စီးပွားတိုးရန်

ကျင့်ကြံတော်မူခြင်းလည်းကောင်း၊ သဗ္ဗညုတဉာဏ်အား ရအောင်သွားဖို့ စီးပွားတိုးရန် ကျင့်ကြံတော်မူခြင်းလည်းကောင်း၊ ဤသို့ ကျင့်ကြံကြိုးကုတ် အားထုတ်အပ်စွာ သုံးဖြာသော စရိယတို့လည်းကောင်း။

ပါရမီဟုန်ညီညီစုံ၍ သိန်ဂုဏ်ပြည့်ဝ နောက်ဆုံးဘဝ၌ မယ်တော်မာယာဝမ်းတိုက်သာ၌ ကောင်းစွာဝိုင်းအုံ သန္ဓေတည်ခဲ့ပုံကိုလည်းကောင်း၊ မယ်တော်မာယာ ဝမ်းတိုက်သာမှ ကောင်းစွာပြည့်စုံ ဖွားမြင်တော်မူခဲ့ပုံလည်းကောင်း၊ နှစ်ဆယ့်ကိုးမြောက် ရွယ်တော်ရောက်က နတ်လောက်နီးနီး စည်းစိမ်ကြီးကို အပြီးစွန့်ကာ တောရိပ်သာသို့ စွန့်ခွာတော်မူခဲ့ပုံလည်းကောင်း၊ အရိုးကြေကြေ အရေခြောက်ခြောက် ခြောက်နှစ်လောက်မျှ မကြောက်မရွံ့နောက်မတွန့်ဘဲ သက်စွန့်ကြိုးကုတ်တရားအားထုတ်တော်မူပုံကိုလည်းကောင်း။

ဘုရားစင်စစ်မဖြစ်သမျှ မထဖို့ရန် ဓိဋ္ဌာန်ဖွဲ့ခွေထိုင်နေတော်မူရာ မဟာဗောဓိပလ္လင်၌ ဂိရိမေခလာ ဆင်စီးကာဖြင့် ဝဲယာစစ်တပ် ရံပတ်ခိုင်ဖြိုး မာရ်နတ်ကြီးကို ကြုံဆီးမေတ္တာခြံရံကာလျက် ပါရမီစက်ဟုန် လက်နက်စုံဖြင့် အကုန်အစင်အောင်မြင်တော်မူပုံကိုလည်းကောင်း၊ အကုန်သိမှန် သဗ္ဗညုတဉာဏ်ကိုဧကန်ပိုင်ပိုင် ထိုးထွင်း၍ သိနိုင်ပုံကိုလည်းကောင်း၊ သဒ္ဓါမြေ့စသားအလွန်များသည် တရားစကြာရတနာကို သတ္တဝါခပင်းစိတ်အတွင်း၌ ရှင်းစေလင်းစေ ဖြစ်စေတော်မူပုံကိုလည်းကောင်း၊ တရားစကြာ ရတနာကြောင့် သူငါထိုထို အသိပိုသား မဂ်၊ ဖိုလ်-ရှစ်တန် မြတ်နိဗ္ဗာန်ဟု ကိုးတန်သော လောကုတ္တရာတရားတို့လည်းကောင်း အလုံးစုံကုန်သော ဗုဒ္ဓမြတ်စွာ ရတနာ၌ ကောင်းစွာထင်ပေါ် ဤဂုဏ်တော်တို့ကို စိတ်၌ ထင်ထင် ဆင်ခြင်ပြီး၍၊ ဝေသာလီခေါ် နေပြည်တော်၏ ရံပတ်ကာထား တံတိုင်းသုံးထပ်တို့၏

အကြား၌ ပထမယံမှ စ၍အဆုံး ညဥ့်သုံးယံပတ်လုံး ဘေးအန္တရာယ် အကာအကွယ်ကို ရတနသုတ္တာ ရွတ်ဆိုကာဖြင့် ကောင်းစွာအားထုတ် ပြုလုပ်တော်မူသော အရှင်အာနန္ဒာ မထေရ်မြတ်ကဲ့သို့ သတ္တဝါအများ သနားငဲ့စောင်း စိတ်ကောင်းစိတ်မြတ်ကို ရှေ့ရှုတည်နေဖြစ် စေပြီး၍၊

(ဤစကားပြေ စုဏ္ဏိယပါဠိဖြင့် ပရိတ်ရွတ်မည့်ပုဂ္ဂိုလ်၏ ဘုရားဂုဏ်တို့ကို ဆင်ခြင်ပုံနှင့်၊ စိတ်ထားနည်း တို့ကို ပြသည်)

## သမတိံသ ပါရမီယော-ပါဠိ-၌ ပါရမီတော်များ

ပါရမီဟူသည် မြင့်မြတ်သူတို့၏ နိဗ္ဗာန်ကိုရည်မှန်း၍ လှူဒါန်းမှု သီလစောင့်မှု စသည်တို့ဖြစ်သည်၊ လောကီစည်းစိမ် ချမ်းသာကို ရည်မှန်း၍ လှူဒါန်းမှုစသည်ကို ပါရမီကုသိုလ်ဟု မဆိုရပေ၊ ထိုပါရမီ တို့ကား(၁၀)ပါး အပြားရှိ၏၊ ထိုတွင် -

၁။ ဒါနပါရမီဟူသည် စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း ဖြစ်သည်။

၂။ သီလပါရမီဟူသည် ငါးပါး ရှစ်ပါးစသော ဆယ်ပါး ဆိုင်ရာ သီလများကို စောင့်ထိမ်းမှုဖြစ်သည်။

၃။ နေက္ခမ္မပါရမီဟူသည် စည်းစိမ်ကို စွန့်ခွါ၍ တောထွက်မှု ဖြစ်သည်။

၄။ ပညာပါရမီဟူသည် အရာရာ၌ တတ်သိ နားလည်မှု ဖြစ်သည်။

၅။ ဝီရိယပါရမီဟူသည် ကုသိုလ်ကိစ္စတို့၌ မကြောက်မရွံ့ သက်စွန့် ကြိုးပမ်း အားထုတ်မှုဖြစ်သည်။

၆။ ခန္တိပါရမီဟူသည် သူတပါးက နှိပ်စက်လျှင် သည်းညည်းခံနိုင်မှုနှင့် အအေးအပူစသောဒဏ်ကို ခံနိုင်မှုဖြစ်သည်။

၇။ သစ္စာပါရမီဟူသည် မှန်ကန်ဖြောင့်မတ်စွာ ပြောဆို လုပ်ကိုင်မှုဖြစ်သည်။

၈။ အဓိဋ္ဌာနပါရမီဟူသည် မိမိရည်မှန်းအပ်သော ကောင်းသောအလုပ်၌ "မဖြစ် မနေ" ဟု စွဲစွဲမြဲမြဲ ဓွဲကောင်းမှုဖြစ်သည်။

၉။ မေတ္တာပါရမီဟူသည် သတ္တဝါတို့အပေါ်၌ ချစ်ခင်သောအားဖြင့် ကောင်းကျိုးကို လိုလားမှု ဖြစ်သည်။

၁၀။ ဥပေက္ခာပါရမီဟူသည် မုန်းအောင်ပြု သည် ကိုလည်း မမုန်း၊ ချစ်အောင်ပြုသည်ကိုလည်း မချစ်ဘဲ လျှစ်လျူရှုမှုဖြစ်သည်။

ဤ(၁၀)ပါး၌ သာမန်ဖြည့်ကျင့်မှုကို ပါရမီဟုခေါ်၏၊ မျက်စိ, နား,နှာ အင်္ဂါခြေလက်တို့ အပျက်အစီးခံ၍ ဖြည့်ကျင့်မှုကို ဥပပါရမီဟုခေါ်၏၊ အသက်ကိုပင် မငဲ့ညှာပဲ လွန်စွာဖြည့်ကျင့်မှုကို ပရမတ္ထပါရမီဟုခေါ်၏၊ ယခင်(၁၀)မျိုးကို ဤသုံးမျိုးဖြင့် မြှောက်လျှင် ပါရမီ(၃၀)ဖြစ်၏။ *(ဗုဒ္ဓဝံသ ပါဠိတော်)*

**ဒါနံ သီလဉ္စ နိက္ခမံ၊ ပညာ ဝီရိယပဉ္စမံ၊**
**ခန္တိ သစ္စမဓိဋ္ဌာနံ၊ မေတ္တုပေက္ခာတိ တာဒသ၊**
**ပူရေတွာ ပါရမီ ဝေဠေ၊ သမ္ဗော သမ္ဗောဓိ မဇ္ဈဂံ၊**

ဒါနံ၊ ဒါနပါရမီလည်းကောင်း။ သီလံ၊ သီလပါရမီလည်းကောင်း၊ နိက္ခမံ၊ နိက္ခမပါရမီ လည်းကောင်း။ ပညာ၊ ပညာပါရမီလည်းကောင်း၊ ဝီရိယ ပဉ္စမံ၊ ငါးခုမြောက်သော ဝီရိယပါရမီလည်းကောင်း။ ခန္တိ၊ ခန္တိပါရမီလည်းကောင်း၊ သစ္စံ၊ သစ္စာပါရမီလည်းကောင်း။ အဓိဋ္ဌာနံ၊ အဓိဋ္ဌာန် ပါရမီလည်းကောင်း။ မေတ္တာ၊ မေတ္တာပါရမီ

လည်းကောင်း။ ဥပေက္ခာ၊ ဥပေက္ခာ ပါရမီလည်းကောင်း။ ဤတိ၊ ဤသို့။ တာဒသပါရမီ၊ ထိုပါရမီ တော်ဆယ်ပါးတို့ကို။ ပူရေတွာ၊ ဖြည့်တော်မူပြီး၍။ သမ္ဗောဓိ၊ သဗ္ဗညုတဉာဏ်ကို။ အနုတ္တရံ၊ ရတော်မူပြီးသော မြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒေ-ဝန္ဒာမိ၊ ရှိခိုးပါ၏။ *(သုတဝန္ဒနာ)*

## ပဉ္စမဟာပရိစ္စာဂေပါဌ်၌
## စွန့်ခြင်းကြီး(၅)ပါးဟူသည်-

၁။ အင်္ဂပရိစ္စာဂ-လက်ခြေစသော ကိုယ်အင်္ဂါကို စွန့်လှူခြင်း။

၂။ နယနပရိစ္စာဂ-မျက်စိမျက်လုံးကို စွန့်လှူခြင်း။

၃။ ဓနပရိစ္စာဂ-ပစ္စည်းဥစ္စာ ရတနာကို စွန့်လှူခြင်း။

၄။ ရဇ္ဇပရိစ္စာဂ-တိုင်းပြည်ထီးနန်းကို စွန့်လှူခြင်း။

၅။ ပုတ္တဒါရပရိစ္စာဂ-ဇနီးမယား သမီးသားတို့ကို စွန့်လှူခြင်းတို့ ဖြစ်သည်။

**(လင်္ကာ)** ကိုယ်အင်္ဂါအလုံး၊ မျက်လုံးဥစ္စာ၊ ပြည်ရွာတိုင်းကား၊ သားမယား၊ ငါးပါးစွန့်ခြင်းကြီး။ *(သပြေကန်ဆရာတော်)*

## မာရဝိဇယံ-ပါဌ်-၌ ရန်သူဖြစ်ခြား မာရ်ငါးပါးတို့ကား

မြတ်စွာဘုရားရှင်သည် ဗုဒ္ဓဂယာ မဟာဗောဓိညောင်ပင်ရင်း ရတနာပလ္လင်ထက်၌ ဒေဝပုတ္တမာရ်စသော မာရ်ငါးပါးတို့ကို အောင်မြင်တော်မူလျှက် လောကသုံးပါးတွင် သဗ္ဗညုထွန်ရ်ထား ရှင်တော်မြတ်ဘုရား အဖြစ်သို့ ရောက်ခဲ့ရပေသည်။

ထိုစကားရပ်တွင် မာရ်ငါးပါးဟူသည်-

၁။ ဒေဝပုတ္တ မာရ်၊
၂။ ကိလေသ မာရ်၊
၃။ အဘိသင်္ခါရ မာရ်၊
၄။ ခန္ဓ မာရ်၊
၅။ မစ္စု မာရ်-တို့ဖြစ်ကြသည်။

ထိုမာရ်ငါးပါးတွင်-
၁။ ဝသဝတ္တီနတ်ပြည်မှ မာရ်နတ်သားကို ဒေဝပုတ္တမာရ် ဟူ၍၄င်း၊
၂။ လောဘစသော အကုသိုလ် ကိလေသာများကို ကိလေသ မာရ် ဟူ၍၄င်း၊
၃။ ဘဝသစ်ကို ထူထောင် အကျိုးပေးနိုင်သည့် ကုသိုလ်ကံ, အကုသိုလ်ကံတို့ကို အဘိသင်္ခါရမာရ် ဟူ၍၄င်း၊
၄။ ခန္ဓာငါးပါး ရုပ်နာမ်တရားကို ခန္ဓမာရ် ဟူ၍၄င်း၊
၅။ သေခြင်း သဘောကို မစ္စုမာရ် ဟူ၍၄င်း-ခေါ်ရသည်။

## မာရ် (၅) ပါးကို အောင်မြင်တော်မူပုံ

ထိုမာရ်ငါးပါးကို မြတ်စွာဘုရားရှင် အောင်မြင်တော် မူပုံကား-

၁။ မြတ်စွာဘုရားရှင်သည် မဟာသက္ကရာဇ် (၁၀၃) ခုနှစ် ကဆုန်လပြည့်နေ့ နေမဝင်မီ အချိန်၌ ဗုဒ္ဓဂယာ မဟာဗောဓိ ပင်ရင်း အပရာဇိတပလ္လင်တော်တွင် ထက်ဝယ်ဖွဲ့ခွေ နေတော်မူ လျှက်ပင် ဒါန ပါရမီ, ခန္တီ,မေတ္တာ,သဒ္ဓါစသော ပါရမီဗိုလ် အပေါင်းဖြင့် မာရ်နတ် သားနှင့် ရန်စစ်သည်အပေါင်းကို ချိုးဖျက် နှိမ်နင်းတော်မူခြင်းဖြင့်၄င်း၊ မာရ်နတ်သား၏ ပိုင်နက်ဖြစ်သည့် ကာမဓာတ်နယ်ပယ်ကို လွန်မြောက် တော်မူခြင်းဖြင့်၄င်း၊ ဒေဝပုတ္တ မာရ်ကို အောင်မြင်တော်မူသည်။

၂။ ကဆုန်လပြည့်နေ့ မိုးသောက်ယာမ် အချိန်၌မူ အာသ-ဝက္ခယ

ဉာဏ်ဟုဆိုအပ်သော အရဟတ္တမဂ်ကို ရရှိတော်မူကာ ထို အရဟတ္တမဂ်ဖြင့် ကိလေသာအပေါင်းကို အကြွင်းမဲ့ အမြစ်ပြတ် ပယ်သတ်တော်မူခြင်းဖြင့် ကိလေသမာရ်ကို အောင်နိုင်တော်မူသည်။

၃။ ထိုအရဟတ္တမဂ်ဖြင့်ပင် ကိလေသာအပါင်းကို အဖော်ပြုကာ ဘဝအသစ်ကို ထူထောင် အကျိုးပေးကြမည့် ကုသိုလ်ကံ အကုသိုလ်ကံ တို့ကို နောင်တဖန် မဖြစ်စေနိုင် လောက်အောင် အပြီးပိုင် ပယ်သတ်တော် မူခြင်းဖြင့် အဘိသင်္ခါရ မာရ်ကို အောင်မြင် ရလေသည်။

၄+၅။ ခန္ဓမာရ်နှင့် မစ္စုမာရ်တို့ကိုကား ယင်းမာရ်တို့၏ အကြောင်းရင်းဖြစ်သည့် သမုဒယ တဏှာကို အကြွင်းမဲ့ ပယ်သတ်ပြီးဖြစ်ခြင်းဖြင့်၎င်း၊ ယင်းမာရ်တို့၏ သဘောသဘာဝကို ကျကျနန ပိုင်ပိုင်နိုင်နိုင် ပိုင်းခြား၍ သိပြီး ဖြစ်ခြင်းဖြင့်၎င်း၊ အောင်နိုင်တော်မူ ပေသည်။

ဤသို့လျှင် မြတ်စွာဘုရားရှင်သည် မဟာဗောဓိပင်ရင်း၌ပင် ဒေဝပုတ္တမာရ်, ကိလေသမာရ်, အဘိသင်္ခါရမာရ်အားဖြင့် မာရ် (၃) ပါးတို့ကို မုချပိုင်ပိုင် အောင်နိုင်တော်မူခဲ့သည်၊ ခန္ဓမာရ်နှင့် မစ္စုမာရ် (၂) ပါးတို့ကိုမူ ပရိယာယ်အားဖြင့်သာ အောင်နိုင်တော်မူပါသည်၊ ထို့ကြောင့် မြတ်စွာဘုရားရှင်ကို ပါဠိဘာသာအားဖြင့် **"လောကမာရဇိ"** ဟူ၍၎င်း၊ မြန်မာစကားဖြင့် **"လောကမာရဇိန်"** ဟူ၍၎င်း၊ ခေါ်ဝေါ်ချီးကျူး ရပေသည်၊ *(ဓာတုကထာ မူလဋီကာ)*

**ဘုန်းတော်ထိန်လျှမ်း၊ ကျွန်ထိပ်ပန်းတား၊ အစွမ်းနှိပ်နင်း၊ နယ်ပယ်တွင်းမှ၊ လွတ်တင်းထွက်ပြား၊ မာရ်နတ်သားတည်း၊ ထပ်ပွါးအသစ်၊ မဖြစ်နိုင်စေ၊ ကိလေ,ဘိသင်၊ မာရ်နှစ်အင်လောင်း၊ အကြောင်းသမုဒယ၊ ပယ်ချပိုင်ပိုင်၊ သိနိုင်သမူ၊ ခန်,မစ္စုဟူ၊ နှစ်ခုမာရ်နှင်၊ ပေါင်းငါးအင်တို့၊**

**ပင်ဗောဓိမင်း၊ အောင်မြေတွင်း၌၊ မကြွင်းကုန်စင်၊ အောင်ပွဲယဉ်သည့် . . . မြတ်ရှင်ဇိနဘွဲ့တော်ဘုရား။**

*(မဟာဂန္ဓာရုံ ဆရာတော်)*

ဒေဝပုတ္တံ ကိလေသဉ္စ၊ အဘိသင်္ခါရ မာရကံ။
ခန္ဓံ မစ္စုံ ဇိနိ ဇိနော၊ ဟောတု မေ ဇယမင်္ဂလံ။

*(နယားဆရာတော်ကြီး)*

## သဗ္ဗညုတဉာဏပဋိဝေဓ ပါဠိ-
## သဗ္ဗညုတဉာဏ်တော်ကြီးဟူသည်

သဗ္ဗညုတဉာဏ်တော်,ဟူသည် သိဖွယ်ဟူမျှ သင်္ခတတရား အသင်္ခတတရား အားလုံးကိုဒင်း အတိတ် အနာဂတ် ပစ္စုပ္ပန်အားဖြင့် ကာလသုံးပါးတို့၌ဖြစ်သော တရားအားလုံးကိုဒင်း ရှိရှိသမျှ လူနတ်ဗြဟ္မာ သတ္တဝါအားလုံးတို့ ကြံစည်သမျှ အားလုံးကိုဒင်း အကြွင်းအကျန် မရှိအောင် သိမြင်သော ဉာဏ်တော်ပင်ဖြစ်သည်။

ယင်းသဗ္ဗညုတဉာဏ်တော်ကို ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ **သမန္တစက္ခု+အနာဝရဏဉာဏ်+ အသာမန္တပညာ**-ဟူ၍ဒင်း၊ မဇ္ဈိမပဏ္ဏာသပါဠိတော်၌ **ဓမ္မဓာတု** ဟူ၍ဒင်း၊ မဟာနိဒ္ဒေသ ပါဠိတော် ပသူရသုတ် တုဝဋ္ဋကသုတ်တို့၌ **ပညာစက္ခု**-ဟူ၍ဒင်း နာမည် အမျိုးမျိုးဖြင့် ဟောတော်မူသည်။

**သဗ္ဗညုတဉာဏ်တော်စွမ်းရည်သတ္တိ (၃)ပါးပြ ဂါထာ**

**ဇာနိတဗ္ဗံ ပဇာနာတိ၊**
**ဒေသိတဗ္ဗမ္ပိ အာသယံ၊**

**ဒေသကော ယေန ဉာဏေန၊**

**ဒေသေတု တဿ တေဇသာ၊**

**ဒေသကော၊** နည်းမှန်လမ်းကျ ဟောညွှန်ပြသည့်, ဒေသက ထွတ်တင်, ဘုရားရှင် ကိုယ်တော်မြတ်သည်၊ **ယေန ဉာဏေန၊** အပေါင်းဂုဏ်အင်, ကြောင်းစုံလင်မှ, အစဥ်ဖြစ်ပေါ် အကြင်သဗ္ဗညုတ ဉာဏ်တော်ဖြင့်၊ ဇာနိတဗ္ဗ-သိဖွယ် အများ, ဥ ယျေမမ်တရားကို၊ **ပဇာနာတိ၊** ဆုံးစကုန်စင်, သိမြင်တော်မူပါပေ၏။ **ဒေသိတဗ္ဗမ္ပိ၊** ဟောပြစဖွယ်, သွယ်သွယ်များဖျင်, တရားဆင်နည်းကိုလည်း၊ **ပဇာနာတိ၊** တရားတဖုံ နည်းမျိုးစုံအောင် အကုန်ဆင်ပြင် သိမြင်တော်မူပါပေ၏။ **အာသယံ၊** သိန်းသန်းကုဋေ, များဝေနေ၏, ထွေထွေဆန္ဒ, အဇ္ဈာသယကိုလည်း၊ **ပဇာနာတိ၊** ဣန္ဒြေနုရင့် ခွဲဝေချင့်၍ အသင့်ပိုင်ပိုင် သိမြင်တော်မူပါပေ၏၊ **တဿ ဉာဏဿ၊** ပါရမီအပေါင်း, ဆင့်ဆင့်လောင်းသဖြင့်, အကောင်းဆုံးဖြစ်ပေါ်, ထိုသဗ္ဗညုတဉာဏ်တော်၏၊ **တေဇသာ၊** အစွမ်းသုံးဘော်, တန်ခိုးတော်ဖြင့်၊ **ဒေသေတု၊** ထိုထိုကိစ္စ, မမှားရအောင်, နိစ္စပုံသေ, ညွှန်ပြတော်မူပါစေသတည်း။

၁။ သိရန်မှန်က၊ မကျန်ရအောင်၊ လုံးဝစုံလင်၊ အကုန်မြင်၊ သဗ္ဗဥ်ဉာဏ်တော် အစွမ်းတည်း။

၂။ သိသည့်တရား၊ များအပြား၌၊ ဟောထားစဖွယ်၊ နည်းသွယ်သွယ်ကို၊ ခြယ်လှယ်စုံလင်၊ အကုန်မြင်၊ သဗ္ဗဥ် ဉာဏ်တော် အစွမ်းတည်း။

၃။ ကျွတ်ထိုက်ကြပေ၊ များဝေနေ၏၊ ဣန္ဒြေစရိုက်၊ သူ့အကြိုက်ကို၊ နှိုက်ချွတ်စုံလင်၊ အကုန်မြင်၊ သဗ္ဗဥ်ဉာဏ်တော် အစွမ်းတည်း။

၄။ ဉာဏ်တော်စွမ်းပကား၊ ဤ ၃-ပါးကြောင့်၊ အများဝေနေ၊ ကျွတ်လွတ်စေဖို့၊ မနေမနား၊ သက်တော်အားဖြင့် ကြီးမားလေဘိ၊ ရှစ်ဆယ်ပြည့်၍၊ ပရိနိဗ္ဗာန်၊ စံသည့်တိုင်အောင်၊ သယ်ယူဆောင်၊ ဘုန်းခေါင် ငါတို့ဘုရာတးည်း။

*(မဟာဂန္ဓာရုံဆရာတော်)*

**နဝလောကုတ္တရဓမ္မပါဠ်၌ လောကုတ္တရာတရား (၉)ပါး ဟူသည်-**

မဂ်(၄)ပါး+ဖိုလ်(၄)ပါး+နိဗ္ဗာန်အားဖြင့် ဤ(၉)ပါးတို့ ဖြစ်ကြ၏။ ဘုရားရှင်သည် ဤလောကုတ္တရာတရား (၉)ပါးကို ဂေါစရာသေဝန+ဘာဝနာ သေဝနတို့ဖြင့် မှီဝဲတော်မူလေသည်။

**အာနန္ဒတ္ထေရောဝိယ ကာရညစိတ္တံ ဥပဋ္ဌပေတွာ ပါဠ်ဖြင့် -**

ပရိတ်ရွတ်ဖတ်သောပုဂ္ဂိုလ်၏ အင်္ဂါ(၃)ပါးကို ပြ၏။ (၃)ပါးကား-

၁။ ပရိတ်ပါဠိတော်ပုဒ်ပါဠ်အက္ခရာကို ကောင်းစွာရွတ်ဆိုနိုင်ခြင်း၊

၂။ အနက်အဓိပ္ပာယ်ကို ကျနမှန်ကန်စွာ သိခြင်း၊

၃။ လာဘ်လာဘကို မငဲ့ဘဲ အရှင်အာနန္ဒာကဲ့သို့ မေတ္တာ, ကရုဏာ ရှေ့သွားပြုကာ စင်ကြယ်သော စိတ်ဖြင့် ရွတ်ဖတ်ခြင်းတို့ဖြစ်ကြ၏။

**(လင်္ကာ)** သဒ္ဒါလည်းစင်၊ အနက်ထင်၊ သက်ဝင် မေတ္တာထား။
ရွတ်ဖတ်သူမှာ၊ အင်သုံးဖြာ၊ မှတ်ပါကျမ်းစကား။

*(မင်းကွန်းတိပိဋကဓရဆရာတော်)*

**ပရိတ်နာယူသူ၏ အင်္ဂါသုံးပါးမှာ-**

၁။ အမိသတ်ခြင်းစသော ပဉ္စာနန္တရိယကံကြီးငါးပါး မရှိခြင်း။

၂။ နိယတမိစ္ဆာဒိဋ္ဌိ မဟုတ်ခြင်း။

၃။ ပရိတ်တန်ခိုးကို ယုံကြည်ခြင်းတို့ ဖြစ်ကြ၏။

**(လင်္ကာ)** ပဉ္စာနန္တရိ၊ နိယတဒိဋ္ဌိ၊ ပရိတ်မယုံ၊ နာသူကြုံ၊ ကျိုးဂုဏ် မရတတ်။ *(သပြေကန်ဆရာတော်)*

✻ ✻ ✻ ✻ ✻

## ရတနသုတ်ဂုဏ်ရည်အစွမ်း အာနုဘော်များ

**၁။ ကောဋိသတသဟဿေသု၊ စက္ကဝါဠေသု ဒေဝတာ၊**
**ယဿာဏံ ပဋိဂ္ဂဏ္ဟန္တိ၊ ယဉ္စ ဝေသာလိယာ ပုရေ၊**

**၂။ ရောဂါမနုဿဒုဗ္ဘိက္ခ-သမ္ဘူတံ တိဝိဓံ ဘယံ၊**
**ခိပ္ပ မန္တရဓာပေသိ၊ ပရိတ္တံ တံ ဘဏာမ ဟေ၊**

ကုဋေတွက်ကိန်း တစ်သိန်းသချ်ာ စကြဝဠာတို့၌ ကိုယ်စီ ကိုယ်ငနေထိုင်ကြကုန်သောသမ္မာဒိဋ္ဌိအပေါင်း နတ်ကောင်း နတ်မြတ်တို့သည် ရတနာသုံးဝ ဂုဏ်တော်ပြသဖြင့် ရတနသုတ် ခေါ် အကြင် ပရိတ်တော်၏တန်ခိုးရှိန်ဝါ အမိန့်အာဏာတော်ကို ဝမ်းမြောက်ရွှင်ပြ လက်ခံယူကြကုန်၏ ရတနာသုံးဝ ဂုဏ်တော်ပြ သဖြင့် ရတနသုတ်ခေါ် ယင်းပရိတ်တော်သည်ပင် ဝေသာလီဟု နာမည်ထင်ပေါ် နေပြည်တော်၌ ရောဂါကပ်ဘေး ဘီလူးဘေးနှင့် စားရေးကပ်ထိုက် လွန်စွာဆိုက်၍နေသော ၃-မျိုးအပြား လွန်ကြီးမား သောဘေးကို မကြာမတင် ဆောလျင်စွာသာလျှင် ကွယ်ပျောက်

လွတ်ကင်း သန့်ရှင်းစေခဲ့ဖူးလေပြီ။ ရတနာ သုံးဝ ဂုဏ်တော်ပြသဖြင့် ရတနသုတ်ခေါ် ထိုပရိတ်တော်ကို အို-သူတော်ကောင်းတို့ ညီညာဖျဖျ ရွတ်ဆိုကြကုန်စို့။

(ဤနှစ်ဂါထာတို့ဖြင့် ရတသုတ်ကို သင်ယူရွတ်ဖတ်နာယူချင်အောင် ရတနသုတ်ဂုဏ်ရည်အစွမ်း အာနုဘော် အမွှမ်းတို့ကို ပြသည်)

❁❁❁❁❁

## နတ်တို့အား တိုက်တွန်းချက်

၃။ **ယာနီဓ ဘူတာနိ သမာဂတာနိ၊**
**ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။**
**သဗ္ဗေဝ ဘူတာ သုမနာ ဘဝန္တု၊**
**အထောပိ သက္ကစ္စ သုဏန္တု ဘာသိတံ။**

၄။ **တသ္မာ ဟိ ဘူတာ နိသာမေထ သဗ္ဗေ၊**
**မေတ္တံ ကရောထ မာနုသိယာ ပဇာယ။**
**ဒိဝါ စ ရတ္တော စ ဟရန္တိ ယေ ဗလိံ၊**
**တသ္မာ ဟိ နေ ရက္ခထ အပ္ပမတ္တာ။**

ပရိတ်တော်မြတ် ရွတ်ဖတ်နေကြ ဤဒေသ၌ မြေ၌ဆက်စပ် အရပ်ရပ်၌ ဖြစ်ကြကုန်သော ဘုမ္မစိုး၊ ရုက္ခစိုး တန်ခိုးကြီးစွာ စတုမဟာဝတီသာနှင့် ဆိုင်ရာပေါင်းစပ် အကြင်နတ်တို့သည် လည်းကောင်း၊ ဟင်းလင်းအပြင် ထက်ကောင်းကင်၌၊ ရှေးကံအဟုန် တန်ခိုးဂုဏ်ကြောင့် ကုံလုံပြည့်ဝဖြစ်နေကြကုန်သော ယာမာ-စသာ အကြင်

အထက်နတ်အများတို့သည်လည်းကောင်း၊ ညီညာဖွဖွ ရောက်လာကြကုန်၏။ ဘူမိဌာန အာကာသဒ္ဌ နေကြဥသုံအလုံးစုံကုန်သာလျှင် ဖြစ်ကုန်သော စတုမဟာဝတီသာမှ စ၍တက်သွား ထိုနတ်များတို့သည် ဝမ်းမြောက်ရွှင်ပြ ကောင်းသောစိတ်ဖြစ်ကြကုန်သည် အမြဲမသွေ ဖြစ်ကြပါစေကုန်သတည်း၊ ထိုမှတဝ ပြုလုပ်ရမည့်ကိစ္စအထူး ညွှန်ပြဦးအံ့၊ ရှင်တော်ဘုရား ဟောကြားမြွက်ဖော် ရတနသုတ်ပရိတ်တရားတော်ကို လေးစားသမှု ကောင်းစွာပြု၍ အာရုံတပါး စိတ်မသွားအောင် နားစိုက်၍ ထောင်ကြ ကုန်လော့။

## နတ်တို့အား တဖန်တိုက်တွန်းချက်

အို .. နတ်အများတို့၊ အကြင်ကြောင့် သင်တို့သည် နေရာစည်းစိမ် ကိုယ့်ရိပ်ငြိမ်ကို တချိန်ခဏစွန့်၍ လာခဲ့ကြကုန်၏။ ထို့ကြောင့် အလုံးစုံကုန်သော သင်တို့သည် စူးစူးစိုက်စိုက် နားယူလိုက်ကြကုန်လော့၊ ဘေးအန္တရာယ် မငြိတွယ်ဖို့ စိတ်ဝယ်လိုလား လူပုဂ္ဂိုလ်အများ၌၊ ဒုက္ခခပ်သိမ်း အေးငြိမ်းစေချင် မေတ္တာရေစင်ကို ကြည်သာရွှင်လန်း သွန်းဖျန်းကြကုန်လော့၊ စိတ်စေတနာသဒ္ဓါပြောထူ အကြင်လူတို့သည် အသင်နတ်မင်းတို့ကို ရည်ရော်သမှု အာရုံပြုကုန်၍ နေ့အခါ၌လည်းကောင်း၊ ညဉ့်အခါ၌လည်းကောင်း၊ နတ်ရုပ် နတ်နန်း ဆီမီးပန်းနှင့် မျှတန်းဝေကာ အရာရာ၌ ကောင်းစွာကော်ရော် ပူဇော်မှုကို ထိုက်တန်သမျှ ပို့ဆောင်ကြကုန် ၏၊ ဗလိနတ်စာ ပူဇော်သကာကို ပူဇော်ပသတင်မြှောက်ကြကုန်၏။ ထို့ကြောင့်သာလျှင် သင်နတ်မင်းတို့သည် မိမိတို့ကိုလွန်စွာကြည်ညို၍မှိုခိုအားထား ကိုးစားကြသူ ထိုလူတို့ကို နေ့နေ့ညညမမေ့ကြကုန်ပဲ စီးပွားမဲ့ငြား ပယ်ခွာထား

၍ စီးပွားမြားမြောက် ကောင်းစွာရောက်အောင် စောင့်ရှောက်ကြကုန်လော့။

(ဤနှစ်ဂါထာတို့ဖြင့် နတ်တွေအနေဖြင့် လူသားတွေအပေါ်မှာ စောင့်ရှောက်ကြပုံ အကြောင်းအကျိုးပြလျက် တိုက်တွန်းတော်မူပုံကို ပြသည်)

ဤဂါထာတွင် သဗ္ဗေဝဘူတာ သုမနာ ဘဝန္တုဟူသော ပါဒဖြင့် ဘုရားရှင်က နတ်များအနေဖြင့်

၁။ အာသယသမ္ပတ္တိ (အလိုဓာတ်ခံပြည့်စုံခြင်း)

၂။ ယောနိသော မနသိကာရသမ္ပတ္တိ (လမ်းမှန်သင့်မြတ်သော နှလုံးသွင်းနှင့်ပြည့်စုံခြင်း)

၃။ အတ္တသမ္မာပဏိဓိ သမ္ပတ္တိ (စိတ်ထားကောင်းမွန်မှု၏ ပြည့်စုံခြင်း)

၄။ သမာဓိဟေတုသမ္ပတ္တိ (သမာဓိဖြစ်ရန် အကြောင်းနှင့် ပြည့်စုံခြင်း) များဖြစ်ရန် တိုက်တွန်းတော်မူပုံကို ပြသည်။

အထောပိ သက္ကစ္စ သုဏန္တု ဘာသိတံ ဟူသော ပါဒဖြင့်မူ ဘုရားရှင်က နတ်များအနေဖြင့်

၁။ ပယောဂသမ္ပတ္တိ (ကောင်းသောလုံ့လပယောဂနှင့်ပြည့်စုံခြင်း)

၂။ ပရတော ဃောသမ္ပတ္တိ (သူတစ်ပါးထံမှ တရားသံကြားရခြင်းနှင့် ပြည့်စုံခြင်း)

၃။ သပ္ပုရိသူပနိဿယ သမ္ပတ္တိ (သူတော်ကောင်းဟူသော မှီရာ၏ပြည့်စုံခြင်း)

၄။ ပညာဟေတုသမ္ပတ္တိ (ပညာဖြစ်ရန်အကြောင်း၏ပြည့်စုံခြင်း) များဖြစ်ရန်တိုက်တွန်း တော်မူပုံကို ပြသည်။

အချုပ်အားဖြင့်မူ "သဗ္ဗေဝ ဘူတာ သုမနာ ဘဝန္တုပါဠိ၊ အထောပိ သက္ကစ္စ သုဏန္တု ဘာသိတံ" ဟူသော ပါဠိတို့ဖြင့် သစ္စာလေးပါးကို ထိုးထွင်းသိမြင်နိုင်သော သမ္မာဒိဋ္ဌိဖြစ်ရန် ယောနိသောမနသိကာရနှင့် ပရတောဃောသ ဟူသော အကြောင်း(၂)ပါးကို ညွှန်ပြခြင်းဖြစ်သည်။

တသ္မာဟိ-စသော ဂါထာဖြင့် လူသားတို့၏ နတ်များ အပေါ်မှာ ဗလိနတ်စာတင်ခြင်းဖြင့် အစဉ် ပြုခဲ့သောကျေးဇူးကို ဖော်ပြ၍ ကျေးဇူးတုံ့ပြန်သောအနေဖြင့် လူသားများအပေါ် မေတ္တာ ထားကြရန်နှင့် စောင့်ရှောက်ကြရန် တိုက်တွန်းဆုံးမတော် မူခြင်းကို ပြသည်။

**တသ္မာ ဟိ ဘူတာဂါထာ-မှ ဟရန္တိ ယေ ဗလိံပါဠိ-၌ ဗလိ(၅)ပါး-**

ပေးကမ်းပူဇော်ဖွယ် ဝတ္ထုပစ္စည်းကို ဗလိ-ဟုခေါ်သည်။ ထိုဗလိသည်-

၁။ ဉာတိဗလိ-ဆွေမျိုးတို့အား ပေးကမ်းခြင်း။

၂။ အတိထိဗလိ-ဧည့်သည်အာဂန္တုအား ပေးကမ်းခြင်း။

၃။ ပုဗ္ဗပေတဗလိ-ကွယ်လွန်သူ ဆွေမျိုးတို့အား ပေးကမ်းခြင်း။

၄။ ရာဇဗလိ-မင်းအားပြုရမည့် အခွန်ဘဏ္ဍာများ ပေးကမ်းခြင်း။

၅။ ဒေဝတာဗလိ-နတ်တို့အတွက် ပြုရမည့်ပူဇော် ပသပေး ကမ်းခြင်းတို့ ဖြစ်၏။

ဤရတနသုတ်၌ ဗလိ(၅)မျိုးတွင်- ဒေဝတာဗလိကို ယူရသည်။ ဗလိနတ်စာဆက်သခြင်းဟု ခေါ်ဝေါ် သုံးနှုန်းကြ၏။

(လက်ာ) ဆွေမျိုးဧည့်ဟူ၊ မျိုးကွယ်သူ၊ မင်းမူနတ်များ၊ ဗလိငါး၊ မှတ်သားအပ်စဖွယ်။ *(သပြေကန်ဆရာတော်)*

အချုပ်အားဖြင့် ယာနီဓမှစသော ဤဂါထာ(၂)ပုဒ်ဖြင့် နတ်တွေ အနေဖြင့် လူသားတွေအပေါ်မှာ စောင့်ရှောက်ကြဘို့ အကြောင်းအကျိုးပြလျက် တိုက်တွန်းတော်မူခြင်းဖြစ်သည်။

❊❊❊❊❊

## ဘုရားရှင် သစ္စာ(၁၂)ကြိမ်ပြုလျက် မေတ္တာပို့ခြင်း

## ယံကိဉ္စိဝိတ္တံဂါထာ-ဗုဒ္ဓရတနာဖြင့် သစ္စာပြု မေတ္တာပို့ခြင်း

၅။ **ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊**
**သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။**
**န နော သမံ အတ္ထိ တထာဂတေန၊**
**ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊**
**ဧတေန သစ္စေန သုဝတ္ထိ ဟောတု။**

လူတို့နေရာ မြို့ရွာဌာန ဤလောက၌၎င်း၊ နဂါး ဂဠုန် ဖုံဖုံနေကြ ဟိုအောက်လောက၌၎င်း၊ သက်မဲ့သက်ရှိများဘိဉသုံ အလုံးစုံသော၊ ပီတိအစွမ်း ကိုယ်စိတ်လန်း၍ ဝမ်းပန်းကြည်သာ နှစ်သက်စရာဖြစ်သော အသုံးအဆောင်ရတနာသည်၎င်း၊ နတ်မြို့

ခြောက်လီ ပြဟ္မာပြည်တို့၌လည်း အရသာရှိစားဖွယ်၏သို့ ကြည့်၍မဝ မွန်မြတ်လှစွာသော ဘုံဗိမာန်နန်း အခန်းခန်းနှင့်ထူးဆန်းထွေလာ အကြင်ရတနာသည်ငှင်း၊ ရွှေးကံအလျောက် ဘုန်းကံတောက်က ဝမ်းမြောက်ဖွယ်ရာ ထင်ရှားရှိပါပေ၏။

ပီတိအစွမ်း လွှန်ရွှင်လန်းဘို့ သိန်းသန်းကုဋေအထွေထွေ သော ဤရတနာတို့တွင်၊ သုံးလူ့ထွဋ်ရှထား မြတ်ဘုရားနှင့်တန်းတူ ထား၍ ရှုစားလောက်စွာ တစုံတခုသောရတနာသည်၊ အကြောင်းကို ကြည့် အကျိုးကြည့်လည်း မရှိစေကန်အမှန်ပင် ဖြစ်ပါပေတော့၏။ သုံးလူ့ထွဋ်ရှထား မြတ်ဘုရား၌၊ လောကီဥစ္စာ ရတနာထက် ကဲသာ မြတ်မွန် တုဘက်လွန်သော၊ ရတနာဖြစ်ကြောင်း ကောင်းထက် ကောင်းသည့် ဂုဏ်ပေါင်းမြင့်မော် ဤသီလသမာဓိပညာတော် သည် လည်း၊ အမြဲပုံသေရှိပါပေ၏။

ဤသုံးလူ့ထွဋ်ရှထား ငါတို့ရှင်တော်မြတ်ဘုရားသည်သာလျှင်၊ လောကီရတနာ အဖြာဖြာထက် ကဲသာလွန်မြတ် ချီးမွမ်းအပ်သော၊ ရှိသေလေးမြတ် ဆည်းကပ်ဘို့ရာ ရတနာတဆူ ဖြစ်တော်မူပါပေ၏။ လေးစားမြတ်နိုး အဘိုးထိုက်တန် တုမဲ့ဟန်နှင့်မြင်ရန်ခဲလတ် သူမြတ်တို့ သာ သုံးဆောင်ရာ ရတနာတဆူ ဖြစ်တော်မူပါပေ၏။

ဤသို့ထုတ်ပြန် ဟုတ်မှန်လှစွာ ဆိုရပါသော ဤဝစီသစ္စာ စကားကြောင့်၊ ဘေးရန် ခပ်သိမ်း အေးငြိမ်းကြလို များလူဗိုလ်တို့အား၊ တင့်တယ်ဘို့ရန် အတန်တန်ဖြင့် ဘေးရန်ခပ်သိမ်း အေးငြိမ်း ခြင်းသည် ဘေးရန်ဟူ၍ မြူမငွေ့ပဲ ပြကတေ့ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ လောကီ လောကုတ္တရာ ဥစ္စာမင်္ဂလာ အစီးအပွား ရတနာသည်၊ စင်စစ်မသွေ ဖြစ်ပါစေသတည်း။

(ဤဂါထာဖြင့် ဘုရားရတနာဖြင့် သစ္စာတိုင်တည်ပြီး မေတ္တာပို့ ဆုတောင်းပုံကို ပြသည်)

ဤသို့ရှေ့ဂါထာတို့ဖြင့် နတ်တို့၌ လူသားတို့၏ ကျေးဇူး ပြုထားသည်၏ အဖြစ်ကို ပြပြီး၍ ယခုအခါ၌ လူသားတို့၏ ဘေးရန်ငြိမ်းပျောက်ခြင်းအကျိုးငှာငှင်း၊ ရတနာသုံးပါးဂုဏ်ကို ပြခြင်းဖြင့် နတ်လူတို့တရားနာ ခြင်းအကျိုးငှာငှင်း ဘုရားဂုဏ်ဖြင့် သစ္စာပြုလိုသော မြတ်စွာဘုရားရှင်သည် ယံကိဉ္စိ-စသော ဂါထာကို မိန့်တော်မူပါသည်။

## ဋ္ဌကထာ ဝါ ယံကိဉ္စိ ရတနံပါဠိ၌ ဘုရားရှင်၏ ရတနာ မည်ရခြင်း၊ ဖြစ်ရခြင်းအကြောင်းများ

၁။ ဘုရားရှင်သည် နှစ်သက်ခြင်း၊ ပျော်ရွှင်ခြင်းကို ဖြစ်စေတတ်သော ကြောင့်ငှင်း၊

၂။ အရိုအသေ အလေးအမြတ် ပြုအပ်သောကြောင့်ငှင်း၊

၃။ တန်ဖိုးများစွာ ထိုက်တန်သောသောကြောင့်ငှင်း၊

၄။ အတုမရှိခြင်းကြောင့်ငှင်း၊

၅။ တွေ့မြင်ရဖို့လည်း ခဲယဉ်းသောကြောင့်ငှင်း၊

၆။ မြင့်မြတ်သူတို့သာ သုံးဆောင်ရာဖြစ်သောကြောင့်ငှင်း-ဘုရားရှင်ကို ရတနာဟု ခေါ်ဆိုရ၏။

(လင်္ကာ) လေးစားမြတ်နိုး၊ အဖိုးထိုက်တန်၊ တုမဲ့ဟန်နှင့်၊ မြင်ရန်ခဲလတ်၊ သူမြတ်တို့သာ၊ သုံးဆောင်ရာ၊ ရတနာအနက်ငါး။

*(သပြေကန်ဆရာတော်)*

စိတ္တိကတံ မဟဂ္ဃဥ္စ၊ အတုလံ ဒုလ္လဘဒဿနံ။
အနောမသတ္တ ပရိဘောဂံ၊ ရတနံ တေန ဝုစ္စတိ။
(သုတ္တနိပါတ်အဋ္ဌကထာ)

❊❊❊❊❊

## ခယံ ဝိရာဂံ ဂါထာ- ဓမ္မရတနာဖြင့် သစ္စာပြု မေတ္တာပို့ခြင်း

၆။ ခယံ ဝိရာဂံ အမတံ ပဏီတံ၊
ယဒဇ္ဈဂါ သကျမုနီ သမာဟိတော။
န တေန ဓမ္မေန သမတ္ထိ ကိဉ္စိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ဖြစ်ပျက်မစပ် အငြိမ်းဓါတ်ဖြင့် မပြတ်ပုံသေ အေးမြပေထသော၊ ကိလေသာစက်မီး ရန်မက်ကြီးတို့၏ ပျက်စီးကုန်ခမ်းရလည်း ဖြစ်ပေထသော၊ ရုပ်နာမ်အဆူဆူ အပူခပ်သိမ်း ကုန်ငြိမ်းရာလည်း ဖြစ်ပေထသော၊ ရုပ်နာမ်အဆက် အကုန်ပျက်သဖြင့် မတပ်မက်ရာလည်း ဖြစ်ပေထသော၊ ဇရာမရဏ ရှာမရသဖြင့် ကာလပုံသေ အမြဲတေလည်း ဖြစ်ပေထသော၊ ဝေဒယိတသုခ လောကီချမ်းသာ ဟူသမျှထက် အဆသချေ့တွက်ရေမက ငြိမ်းအေးမြသည့် သန္တိသုခ အစစ် အမြတ်ဆုံးကြီးလည်း ဖြစ်ပေထသော၊ အသင်္ခတ နိဗ္ဗာနဓါတ် အကြွင်တရားတော်မြတ်ကို သာဝကီမင်းသား ငါတို့ဆရာ ဘုရား

မြတ်စွာသည်၊ ဘာဝနာကမ္မဋ္ဌာန်း လွန်ကြိုးပမ်းသဖြင့် စိတ်စွမ်းတည်ဘိ အရိယမဂ်သမာဓိဖြင့် တည်ကြည် ငြိမ်သက်သော စိတ်ရှိသည် ဖြစ်၍၊ ဗောဓိအောင်မြေ ပလ္လင်ဗွေ၌ လေးထွေသစ္စာသိသောခါဝယ် လက်ဝယ်တင်ထား ပတ္တမြားကဲ့သို့ ပိုင်းခြားထင်ထင် သိမြင်တော်မူ သောအားဖြင့် ကောင်းစွာလှလှ ရတော်မူခဲ့ပေပြီ။

နေ့စဉ်နေ့တိုင်းလည်း အမြဲမပြတ် အရဟတ္တဖိုလ် ဖလသမာ ပတ်ကို ဝင်စားလျှက်၊ ဥပါဒ်ဌီဘင် ဖြစ်ပျက်အစဉ်မရှိရကား သေခြင်း ကင်းပ ငြိမ်းချမ်းအေးမြသည့် သန္တိသုခနိဗ္ဗာန်ကို၊ နဒီမြစ်ရေ စီးဆင်း လေသို့ ထွေထွေဖြစ်လတ် အရဟတ္တဖိုလ်ဇော ဖန်ဖန်စောလျှက် အာရုံပြု သောအားဖြင့် သက်ရောက်တော်မူခဲ့ပေပြီ။

ငါတို့ဘုရား ရရှိထားသည့် ခယစသား ဂုဏ်တော်များဖြင့် ဂုဏ်တင်ရသည့် အသင်္ခတ နိဗ္ဗာနဓါတ် ထိုတရားတော်မြတ်နှင့် တန်းတူထား၍ ရှုစားလောက်သော တစုံတခုသောတရား သည်၊ လူ့ဘုံနတ်ရောက် အကုန်ပေါက်အောင် မွှေနှောက်ရှာဖွေ မရှိနိုင်ပါချေ။ အသင်္ခတ နိဗ္ဗာနဓါတ် တရားတော်မြတ်၌၊ လောကီဥစ္စာ ရတနာထက် ကဲသာမြတ်မွန် တုဘက်လွန်သော ဤရတနာဟု သိသာဖွယ် အကြောင်း ခယဝိရာဂတာ စသော ဂုဏ်တော်အပေါင်းသည်လည်း အမြဲပုံသေ ရှိပါပေ၏။

ငါတို့ဘုရား ရရှိထားသည့် ခယစသား ဂုဏ်တော်များဖြင့် ဂုဏ်တင်ရသည့် အသင်္ခတ နိဗ္ဗာနဓါတ် တရားတော်မြတ်သည်သာ လျှင်၊ လောကီလောကုတ္တရာ တရားရတနာ အဖြာဖြာထက် ကဲသာ လွန်မြတ် ချီးမွမ်းအပ်ကုန်သော အာရုံပြုအပ် ဆည်းကပ်ဘို့ရာ ရတနာ

တစ်ဆူ ဖြစ်တော်မူပါပေ၏။ လေးစားမြတ်နိုး အဘိုးထိုက်တန် တုမဲ့ဟန်နှင့် မြင်ရန်ခဲလတ် သူမြတ်တို့သာသုံးဆောင်ရာ ရတနာတဆူ ဖြစ်တော်မူပါပေ၏။

ဤသို့ထုတ်ပြန် ဟုတ်မှန်လှစွာ ဆိုရပါသော ဤဝစီသစ္စာ စကားကြောင့် ဘေးရန်ခပ် သိမ်း အေးငြိမ်းကြလို များလူဗိုလ်တို့အား တင့်တယ်ဘို့ရန် အတန်တန်ဖြင့် ဘေးရန်ခပ်သိမ်း အေးငြိမ်းခြင်းသည် ဘေးရန်ဟူ၍ မြူမငွေ့ပဲ ပြကတေ့ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ လောကီလောကုတ္တရာ ဥစ္စာမင်္ဂလာ အစီးအပွား ရတနာသည် စင်စစ် မသွေ ဖြစ်ပါစေသတည်း။

(ဤဂါထာဖြင့် နိဗ္ဗာန်တရားရတနာဖြင့် သစ္စာတိုင် တည်ပြီး မေတ္တာပို့ ဆုတောင်းပုံကို ပြသည်)

ဤသို့ဘုရားဂုဏ်ဖြင့် သစ္စာဆိုပြီး ယခုအခါ၌ နိဗ္ဗာန် တရားဂုဏ်ဖြင့် သစ္စာဆိုခြင်းငှာ ဘုရားရှင်သည် ခယံ ဝိရာဂံ-စသော ဂါထာကို မိန့်တော်မူပါသည်။

**သကျမုနိ သမာဟိတောပါဌ်၌ သကျမုနိဝယ် မုနိပုဂ္ဂိုလ်(၆)ယောက်**

၁။ အာဂါရမုနိ-လူပုဂ္ဂိုလ်များ။

၂။ အနာဂါရမုနိ-ပုထုဇဉ်ရသေ့ရဟန်းများ။

၃။ သေက္ခမုနိ-သေက္ခပုဂ္ဂိုလ်(၇)ဦး။

၄။ အသေက္ခမုနိ-ရဟန္တာပုဂ္ဂိုလ်များ။

၅။ ပစ္စေကမုနိ-ပစ္စေကဗုဒ္ဓါဘုရားများ။

၆။ မုနိမုနိ-သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားတို့ ဖြစ်ကြ၏။

❊❊❊❊❊

(ဤဂါထာဖြင့် အရိယာမဂ်တရားရတနာဖြင့် သစ္စာတိုင်တည်ပြီး မေတ္တာပို့ ဆုတောင်းပုံကို ပြသည်)

ဤသို့ နိဗ္ဗာန်တရားဂုဏ်ဖြင့် သစ္စာဆိုပြီး၍ ယခုအခါ၌ မဂ်တရားဂုဏ်ဖြင့် သစ္စာဆိုခြင်းငှာ ဘုရားရှင် သည် ယံ ဗုဒ္ဓသေဋ္ဌော-စသော ဂါထာကို မိန့်တော်မူပါသည်။

## ဗုဒ္ဓသေဋ္ဌောပုဒ်၌ ဗုဒ္ဓပုဂ္ဂိုလ်(၄)ဦး

၁။ သုတဗုဒ္ဓ=စာပေပရိယတ်ကျမ်းဂန်၌ ကျွမ်းကျင်လိမ္မာသူ၊
၂။ စတုသစ္စဗုဒ္ဓ=သစ္စာလေးပါးကို သိမြင်ပြီးသူ၊
၃။ ပစ္စေကဗုဒ္ဓ=သစ္စာလေးပါးကို နည်းညွှန်သူမရှိဘဲ မိမိဘာသာသိသူ၊
၄။ သဗ္ဗညုဗုဒ္ဓ=အလုံးစုံကို အကုန်သိမြင်သော မြတ်စွာ ဘုရားရှင်တို့ ဖြစ်ကြ၏။ ဤ၌ ဗုဒ္ဓသေဋ္ဌော-ပုဒ်ဖြင့် သဗ္ဗညုဘုရားရှင်ကို ညွှန်ပြသည်။

## သမာဓိ မာနန္တရိကည မာဟု-ပါဌ်၌ ကမ္ဘာကို တန့်ထားနိုင်သော ပုဂ္ဂိုလ်ဟူသည်-

မဂ်ဟုဆိုအပ်သော မိမိ၏အခြားမဲ့၌ ဧကန်ပုံသေ ဖိုလ်ဟူသောအကျိုးကို ပေးတတ်သောကြောင့် မဂ်ဖြစ်သောအခါ ဖိုလ်ဖြစ်မလာရန် တားမြစ်နိုင်သော အန္တရာယ်ဟု တစုံတရာ မရှိနိုင်ပေ။ ထို့ကြောင့် ဤဂါထာ၌လာသော မဂ်ပုဂ္ဂိုလ်ကို ဌိတကပ္ပီ(ပျက်တော့မည့်ကမ္ဘာကို မပျက်သေးအောင် တန့်ရပ်ထားနိုင်သော ပုဂ္ဂိုလ်)ဟု ဟောတော်မူ၏။ ပုဂ္ဂိုလ်ကလည်း မဂ်သို့အဆိုက်၊ ကမ္ဘာကလည်းလောင်ကျွမ်းပျက်စီးချိန်ရောက် နေလျှင် ဖိုလ်မဖြစ်သေး မရောက်သေးခင် ကမ္ဘာက မပျက်သေးဘဲ ဆိုင်းငံ့နေရ၏။ ထို့ကြောင့်

မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် တို့ကို ဋ္ဌိတကပ္ပီ (ကမ္ဘာကိုတန့်ရပ်ထားနိုင်သော ပုဂ္ဂိုလ်)ဟု ပုဂ္ဂလပညတ်ပါဠိတော်၌ ဟောတော်မူလေသည်။

*(ပုဂ္ဂလပညတ်ပါဠိတော်-၁၆၊ အဋ္ဌကထာ-၃၈)*

❋❋❋❋❋

## ယေ ပုဂ္ဂလာ အဋ္ဌ သတံ ပသတ္ထာဂါထာ

## သံဃရတနာဖြင့် သစ္စာပြု မေတ္တာပို့ခြင်း

၈။ ယေ ပုဂ္ဂလာ အဋ္ဌ သတံ ပသတ္ထာ၊
စတ္တာရိ ဧတာနိ ယုဂါနိ ဟောန္တိ။
တေ ဒက္ခိဏေယျာ သုဂတဿ သာဝကာ၊
ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ပါရမီရင့်ကြူး သမ္ဘာထူးသည့် ဂုဏ်ကျေးဇူးရှင် သူတော်စင်ဖြစ်ပြား၊ ဘုရားစသော အရိယာနွယ်ပေါင်း သူတော် ကောင်းသည် သီလစသား ဂုဏ်ကျေးဇူးများ ရှိသောကြောင့် လွန်စွာထပ်ထပ် ချီးမွမ်းအပ်ကုန်သော၊ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တုံလတ် အရိယာပုဂ္ဂိုလ်မြတ်တို့သည်၊ ကုဋေကုဋာ များပြားစွာ တို့လည်း တူရာပေါင်းထား ရှစ်ပါးတို့သည်သာလျှင်၊ ကောင်းစွာမသွေ ဖြစ်ကြပေကုန်၏။ အသီးအခြားခွဲသောအားဖြင့် ရှစ်ပါးဟုဆို ဤအရိယာပုဂ္ဂိုလ်တို့သည်၊ မဂ်ဖိုလ်နှစ်ပါး တစုံထား၍ လေးပါးသော အစုံတို့သည်၊ ကောင်းစွာမသွေ ဖြစ်ကြပေကုန်၏။

ပုထုဇဉ်အနွယ် ကင်းကွယ်ကုန်ပြတ် အရိယာပုဂ္ဂိုလ်မြတ် ဖြစ်ကြကုန်သော၊ အစုံလေးပါး သီးခြားရှစ်ဖော် ထိုအရိယာ သံဃာတော်တို့သည်၊ သဒ္ဓါကြည်ဖြူ ကောင်းမြတ်သောအလှူ ကို စိုးယူပိုင်သခံတော်မူထိုက်ကြကုန်၏။ ကျိုးရှိ ဟုတ်မှန် ကြားနာခံခက် မခံခက်ဟု နှစ်ချက် ပေါင်းစပ် ကောင်းမြတ်သောစကားကိုသာ ဆိုသင့်ရာအခါ၌ မိန့်ဆိုတတ်သော သုဂတဂုဏ် ရှင် မြတ်စွာဘုရားသခင်၏၊ တရားဓမ္မ ဩဝါဒကို လုံးဝနာယူ ဖြည့်ကျင့်တော်မူကြသဖြင့် တပည့်အရင်း သာဝကဖြစ်တော်မူကြကုန်၏။ ပုထုဇဉ်အနွယ် ကင်းကွယ်ကုန်ပြတ် အရိယာ ပုဂ္ဂိုလ်မြတ် ဖြစ်ကြကုန်သော အစုံလေးပါး သီးခြားရှစ်ဖော် ဤအရိယာ သံဃာတော်တို့အား၊ သဒ္ဓါကြည်ဖြူ ပေးလှူအပ်သမျှ အနည်းငယ်သော အလှူဒါန စေတနာတို့သည်၊ ကြီးကျယ် ဖွံ့ဖြိုးများမြတ်သော အကျိုးရှိကုန်၏။

အရိယာရှစ်ဖော် သံဃာတော်၌၊ အလှူခံပုဂ္ဂိုလ် များထိုထိုထက် ပိုမိုမြတ်မွန် တုဘက် လွန်သော ရတနာဖြစ်ကြောင်း ကောင်းထက်ကောင်းသည့် ဂုဏ်ပေါင်းဝေဆာ "သတံ ပသတ္ထာ ဒက္ခိဏေယျာ မဟပ္ဖလာ" အမည်သာပြား ဤဂုဏ်တော်များသည် လည်း၊ အမြဲပုံသေ ရှိပါပေ၏။ ပုထုဇဉ်အနွယ် ကင်းကွယ်ကုန်ပြတ် အရိယာပုဂ္ဂိုလ်မြတ် ဖြစ်ကြကုန်သော အစုံလေးပါး သီးခြားရှစ်ဖော် ဤအရိယာ သံဃာတော်သည်သာလျှင်၊ အလှူခံပုဂ္ဂိုလ် များထိုထိုထက် ပိုမို မြတ်မွန် တုဘက်လွန်သော၊ ရှိသေလေးမြတ် ဆည်းကပ်ဖို့ရာ ရတနာတစ်ဆူ ဖြစ်တော်မူပါပေ ၏။ လေးစားမြတ်နိုး အဘိုးထိုက်တန် တုမဲ့ဟန်နှင့် မြင်ရန်ခဲလတ် သူမြတ်တို့သာ သုံးဆောင်ရာ ရတနာတဆူ ဖြစ်တော်မူပါပေ၏။

ဤသို့ထုတ်ပြန် ဟုတ်မှန်လှစွာ ဆိုရပါသော ဤဝစီသစ္စာ စကားကြောင့် ဘေးရန်ခပ် သိမ်း ကင်းငြိမ်းကြလို မျှားလူဗိုလ်တို့အား တင့်တယ်ဘို့ရန် အတန်တန်ဖြင့် ဘေးရန်ခပ်သိမ်း အေးငြိမ်းခြင်းသည် ဘေးရန်ဟူ၍ မြူမငွေ့ပဲ ပြကတေ့ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ လောကီလောကုတ္တရာ ဥစ္စာမင်္ဂလာ အစီးအပွားရတနာသည် စင်စစ်မသွေ ဖြစ်ပါစေသတည်း။

(ဤဂါထာဖြင့် အရိယာပုဂ္ဂိုလ်ရှစ်ပါးသံဃာရတနာဖြင့် သစ္စာတိုင်တည်ပြီး မေတ္တာပို့ ဆုတောင်း ပုံကို ပြသည်)

ဤသို့ မဂ်တရားဂုဏ်ဖြင့် သစ္စာဆိုပြီး၍ ယခုအခါ၌ အရိယာ(၈)ပါး သံဃာ့ဂုဏ်ဖြင့် သစ္စာဆိုခြင်းငှာ ဘုရားရှင်သည် ယေ ပုဂ္ဂလာ-စသောဂါထာကို မိန့်တော်မူပါသည်။

## ယေ ပုဂ္ဂလာ အဋ္ဌ သတံ ပသတ္ထာ-ပါဠိ၌

## အရိယာပုဂ္ဂိုလ်(၁၀၈)ယောက်ယူပုံ

အဋ္ဌ သတံ ပသတ္ထာ-ပါဌ်၌ သတ-သဒ္ဒါသည် နောက်မှ ပသတ္ထာပုဒ်နှင့်တွဲလျှင် သူတော်ကောင်းအနက် ကို ဟောသည်။ သတံ ပသတ္ထာ-ဘုရားစသော အရိယာနွယ်ပေါင်း သူတော်ကောင်းတို့သည် လွန်စွာထပ်ထပ် ချီးမွမ်းအပ်ကုန်သောဟု ဘာသာပြန်ရသည်။ အကယ်၍ ရှေ့မှ အဋ္ဌ-ပုဒ်နှင့်တွဲလျှင်ကား တရာအနက်ဟော သင်္ချာသဒ္ဒါ ဖြစ်သည်။ ပသတ္ထာ-ဘုရားစသော အရိယာနွယ်ပေါင်း သူတော်ကောင်းတို့ လွန်စွာထပ်ထပ် ချီးမွမ်းအပ်ကုန်သော။ ယေ ပုဂ္ဂလာ-အကြင်အရိယာပုဂ္ဂိုလ်တို့သည်။ အဋ္ဌသတံ-သော,သ,အ, ခံ၊ ရိယမဂ္ဂါ၊ စဉ်တိုင်းသာ လျှင်၊ ဒွါဒ-ဒွါဒ၊ ဇောဝီ-ဒွနှင့်၊ ဇယမဂ္ဂဋ္ဌာန်၊ ပေါင်းပြန်

သင်္ချာ၊ ဇောပဋ္ဌာကို၊ သဒ္ဓါ-ပညာ၊ နှစ်ဖြာစုရ၊ မြောက်ပွားပြအပ်ရကား၊ တရာ့ရှစ်ယောက်တို့သည်ဟူ၍ မြန်မာပြန်ရ၏။

## သတ-သဒ္ဓါကို အဌ-ပုဒ်နှင့်တွဲခိုက် အရိယာပုဂ္ဂိုလ်(၁၀၈)ယောက် ရေတွက်ပုံ

အရိယာပုဂ္ဂိုလ်(၈)ယောက်ဟူသည်မှာ-မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်(၄) ယောက်၊ ဖလဋ္ဌာန်ပုဂ္ဂိုလ်(၄)ယောက်တို့ဖြစ်ကြ၏။ ထိုတွင် ဖလဋ္ဌာန်ပုဂ္ဂိုလ်(၄)ယောက်ထဲမှ သောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ်သည် (၁) ဧကဗီဇိသောတာပန် (၂)ကောလံ ကောလသောတာပန် (၃) သတ္တက္ခတ္တုပရမသောတာပန်ဟူ၍(၃)မျိုး အပြားရှိ၏။ ထိုသောတာပန် (၃)မျိုးတို့ကို (က) သုခပဋိပဒါ ခိပ္ပာဘိည (ခ) သုခပဋိပဒါ ဒန္ဓာဘိည (ဂ) ဒုက္ခပဋိပဒါခိပ္ပာဘိည (ဃ) ဒုက္ခပဋိပဒါဒန္ဓာဘိည ဟူသော ပဋိပဒါ (၄)ပါးဖြင့် မြောက်ပွားသော်- သောတာပန်ပုဂ္ဂိုလ်(၁၂)ယောက် ဖြစ်၏။

သကဒါဂါမ်ပုဂ္ဂိုလ်သည်လည်း (က) ကာမသကဒါဂါမ် (ခ)ရူပ သကဒါဂါမ် (ဂ) အရူပသကဒါဂါမ်ဟူ၍(၃) မျိုးပြား၏။ ထိုသက ဒါဂါမ်(၃)မျိုးတို့ကို ပဋိပဒါ(၄)ပါးတို့ဖြင့် မြောက်ပွားသော်-သကဒါဂါမ် ပုဂ္ဂိုလ်(၁၂)ယောက်ဖြစ်၏။ ယင်းသောတာပန် (၁၂)ယောက်၊ သကဒါဂါမ်(၁၂)ယောက်တို့ကို ရည်ရွယ်၍ နိဿယ မြန်မာပြန်ရာ၌ 'ဒွါဒ-ဒွါဒ'ဟု ဆိုလေသည်။

အနာဂါမ်ပုဂ္ဂိုလ်သည်လည်း (က)အန္တရာပရိနိဗ္ဗာယီအနာဂါမ် (ခ) ဉပဟစ္စ ပရိနိဗ္ဗာယီအနာဂါမ် (ဂ) သသင်္ခါရပရိနိဗ္ဗာယီအနာဂါမ် (ဃ) အသင်္ခါရပရိနိဗ္ဗာယီအနာဂါမ် (င) ဉဒ္ဓံသောတ အကနိဋ္ဌဂါမီ

အနာဂါမ်ဟူ၍ (၅)မျိုးပြား၏။ အနာဂါမ်ပုဂ္ဂိုလ်တို့နေရာ သုဒ္ဓါဝါသ (၅)ဘုံတို့ရှိရာ အဝိဟာဘုံ၌ အနာဂါမ်ငါးမျိုး၊ အတပ္ပါဘုံ၌ အနာဂါမ်ငါးမျိုး၊ သုဒဿာဘုံ၌ အနာဂါမ်ငါးမျိုး၊ သုဒဿီဘုံ၌ အနာဂါမ်ငါးမျိုး၊ အကနိဋ္ဌဘုံ၌(ဥဒ္ဓံသောတ အကနိဋ္ဌဂါမိအနာဂါမ်ကို နုတ်၍ကျန်သော)အနာဂါမ်လေးမျိုးတို့ ရအပ်ကုန်ရကား-အနာဂါမ်ပုဂ္ဂိုလ် (၂၄)ယောက် ဖြစ်၏။

ရဟန္တာပုဂ္ဂိုလ်သည်-

၁။ သုက္ခဝိပဿက ရဟန္တာ

၂။ သမထယာနိက ရဟန္တာဟူ၍ (၂)မျိုး ပြား၏။ ယင်းသို့ အနာဂါမ် (၂၄)ပါး၊ ရဟန္တာ(၂)ပါးတို့ကို ရည်ရွယ်၍ နိဿယမြန်မာပြန်ရာ၌ 'ဇောဝီ-ဒွနှင့်'ဟု ဆိုလေသည်။ (ဇောဝီ-၂၄ပါး၊ ဒွ-၂-ပါးဖြစ်သည်)

ဆိုခဲ့ပြီးသော သောတာပန်(၁၂)ယောက်၊ သကဒါဂါမ်(၁၂) ယောက်၊ အနာဂါမ်(၂၄)ယောက်၊ ရဟန္တာ (၂)ပါးတို့နှင့် မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်(၄)ယောက်တို့ကိုပေါင်းသော် (၅၄)ယောက်ဖြစ်၏။ ယင်း(၅၄)ယောက်ကို သဒ္ဓါဓုရ-ပညာဓုရဟူသော ဓုရ(၂)ပါးဖြင့် မြှောက်ပွားသော် (သဒ္ဓါဓုရအရိယာ-၅၄ယောက်၊ ပညာဓုရအရိယာ-၅၄ ယောက် ဖြစ်ရကား) အဋ္ဌသတံ-ပုဒ်အရ အရိယာပုဂ္ဂိုလ်(၁၀၈) ယောက် ဖြစ်လေသည်။

*(သုတ္တနိပါတအဋ္ဌကထာ ၂၊ ၂၈၁၊ မဟာဗုဒ္ဓဝင် ၅၊ ၃၃၃)*

❀❀❀❀❀

## ယေ သုပ္ပယုတ္တာဂါထာ-သံဃရတနာဖြင့် သစ္စာပြု မေတ္တာပို့ခြင်း

၉။ ယေ သုပ္ပယုတ္တာ မနသာ ဒဠှေန၊
နိက္ခာမိနော ဂေါတမသာသနမှိ။
တေ ပတ္တိပတ္တာ အမတံ ဝိဂယှ၊
လဒ္ဓါ မုဓာ နိဗ္ဗုတိံ ဘုဉ္ဇမာနာ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ဂေါတမမြတ်စွာ ရောင်ဝါထိန်လင်း သာသနာ့တော်တွင်း၌၊ အကြင်ကိလေသာခပ်သိမ်း ကုန်ငြိမ်းစင်ပြတ် ရဟန္တာအရှင်မြတ်တို့သည်၊ ကျောက်တောင်ကြီးပမာ မြဲခိုင်လှစွာသော၊ ကာမအာရုံလုံးစုံကင်းဆိတ် သမာဓိနှင့်ယှဉ်သောစိတ်ဖြင့်၊ ကောင်းစွာလှလှ ကျင့်ကြံအား ထုတ်သောမူကြကုန်၍၊ ပညာအုပ်ခြုံ ဝီရိယထုံသဖြင့် အလုံးစုံရှိသမျှ ကိလေသာတို့မှ ထွက် မြောက်တော်မူကြလေကုန်ပြီ။ ထိုကိလေသာခပ်သိမ်း ကုန်ငြိမ်းစင်ပြတ် ရဟန္တာအရှင်မြတ်တို့ သည်၊ ရအပ်တုံပြီး အရဟတ္တဖိုလ်ကြီးကို ခိုမှီတဖန် ဝင်စားသောအားဖြင့် ရကြပြန်ကုန်သည်ဖြစ် ၍၊ သေခြင်းကင်းပ ငြိမ်းအေးမြသည့် ဂမ္ဘီရ သုခုမ နက်နဲသိမ်မွေ့လှသော သန္တိသုခနိဗ္ဗာန်ကို၊ နဒီမြစ်ရေ စီးဆင်းလေသို့ တွေတွေဖြစ်တုံ အရဟတ္တဖိုလ်ဇောတို့ဖြင့် အာရုံပြုကြ ကုန်၍၊ အဖိုး အခ မပေးရပဲ ရကြကုန်သည်ဖြစ်၍၊ ကိလေသာဟူ အပူခပ်သိမ်း ကုန်ငြိမ်းကင်းစွာ အရဟတ္တဖိုလ်ချမ်းသာကို ကြည်သာ အေးမြ ခံစားတော်မူကြကုန်၏။ ကိလေသာခပ်သိမ်း ကုန်ငြိမ်းစင် ပြတ် ဤရဟန္တာသံဃာတော်မြတ်သည်သာလျှင်၊ လောကီရတနာ အဖြာဖြာ တို့ထက် ကဲသာ လွန်မြတ်၊ ချီးမွမ်းအပ်သော ရှိသေလေးမြတ် ဆည်း

ကပ်ဖို့ရာ ရတနာတစ်ဆူ ဖြစ်တော်မူပါပေ၏၊ လေးစားမြတ်နိုး အဖိုးထိုက်တန် တုမဲ့ဟန်နှင့် မြင်ရန်လတ် ဆုမြတ်တို့သာ သုံးဆောင်ရာ ရတနာဖြစ်တော်မူပါပေ၏။

ဤသို့ထုတ်ပြန် ဟုတ်မှန်လှစွာ ဆိုရပါသော ဤဝစီသစ္စာ စကားကြောင့်၊ ဘေးရန်ခပ်သိမ်း အေးငြိမ်းကြလို များလူဗိုလ်တို့အား၊ တင့်တယ်ဘို့ရန် အတန်တန်ဖြင့် ဘေးရန်ခပ်သိမ်း အေးငြိမ်း ခြင်းသည်၊ ဘေးရန်ဟူ၍ မြူမငွေ့ပဲ ပြကတေ့ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ လောကီ လောကုတ္တရာ ဥစ္စာမင်္ဂလာ အစီးအပွား ရတနာသည်၊ စင်စစ်မသွေ ဖြစ်ပါစေသတည်း။

(ဤဂါထာဖြင့် ဖလသမာပတ်ဝင်စားသော ရဟန္တာသံဃာ ရတနာဖြင့် သစ္စာတိုင်တည်ပြီး မေတ္တာပို့ ဆုတောင်း ပုံကို ပြသည်)

ဤသို့ အရိယာသံဃာ(၈)ပါးတို့၏အစွမ်းဖြင့် သံဃဂုဏ်ဖြင့် သစ္စာဆိုပြီး၍ ယခုအခါ၌ ထို(၈)ပါးထဲမှ ဖလသမာပတ်ချမ်းသာကို ခံစားကြကုန်သော ရဟန္တာအရှင်မြတ်တို့၏ သံဃဂုဏ်ဖြင့် သစ္စာဆို ခြင်းငှာ ဘုရား ရှင်သည် ယေ သုပ္ပယုတ္တာ-စသောဂါထာကို မိန့်တော် မူပါသည်။

**ဤဂါထာတွင် လဒ္ဓါ မုဓာ နိဗ္ဗုတိံပါဠိ၌ နိဗ္ဗုတိ ဟူသည်-**

ရဟန္တာအရှင်မြတ်တို့၏ အရဟတ္တဖိုလ် ဖလသမာပတ် စည်းစိမ်ချမ်းသာကို ဆို၏။ မုဓာ-ပါဌ်အရ ရဟန္တာအရှင်မြတ်တို့သည် ထိုဖလသမာပတ်စည်းစိမ်ချမ်းသာကို တန်ဖိုးအကုန်အကျ မခံရဘဲ ခံစား စံစားရသည်ကို ပြသည်။

❊❊❊❊❊

## ယထိန္ဒခီလောဂါထာ-သံဃရတနာဖြင့်
## သစ္စာပြု မေတ္တာပို့ခြင်း

၁၀။ ယထိန္ဒခီလော ပထဝိံသိတော သိယာ၊
စတုဗ္ဘိ ဝါတေဟိ အသမ္ပကမ္ပိယော၊
တထူပမံ သပ္ပုရိသံ ဝဒါမိ၊
ယော အရိယသစ္စာနိ အဝေစ္စ ပဿတိ၊
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

မြဲစွာခိုင်တည် မြေ၌မှီသော၊ လွန်စွာပွားစီး တံခါးတိုင်ကြီးသည်၊ ဒိသာပတ်ချာ လေးမျက် နှာမှ လာလာသမျှ မုန်တိုင်းလေအဝဝတို့ကြောင့်၊ မလှုပ်မတိမ်း မယိုင်မယိမ်းသည် ဖြစ်သကဲ့ သို့ အကြင်သူတော်မျိုးမှန်အဖိုးတန်သည့် သောတာပန် ပုဂ္ဂိုလ်သည်၊ မြတ်တုံလှစွာ လေးပါးသော သစ္စာတို့ကို၊ သောတာပတ္တိမဂ် ဉာဏ်ဖြင့် သက်၍ သိမြင်၏၊ ထိုသူတော်မျိုးမှန် အဖိုးတန် သည့် သောတာပန် ပုဂ္ဂိုလ်ကို၊ လာဘ အလာဘ စသည် ရှစ်ထွေ လောကဓံလေတို့ကြောင့် နောက်ပွေမရှိ ထိုတံခါးတိုင်ကြီးနှင့် တူ၏ဟူ၍ ငါဘုရားသည် သေချာထုတ်ဖော် မြွက်ဆိုတော် မူ၏။ ဤသူတော်မျိုးမှန် အဖိုးတန် သည် သောတာပန်သံဃာတော် အရှင်မြတ်သည်သာလျှင် လောကီရတနာ အဖြာဖြာတို့ထက် ကဲသာလွန်မြတ် ချီးမွမ်းအပ်သော ရှိသေလေးမြတ် ဆည်းကပ်ဖို့ရာ ရတနာတစ်ဆူ ဖြစ်တော်မူပါပေ၏။ လေးစားမြတ်နိုး အဘိုးထိုက်တန် တုမဲ့ ဟန်နှင့် မြင်ရန်ခဲလတ် သူမြတ်တို့သာ သုံးဆောင်ရာ ရတနာတဆူ ဖြစ်တော်မူပါပေ၏။

ဤသို့ထုတ်ပြန် ဟုတ်မှန်လှစွာ ဆိုရပါသော ဤဝစီသစ္စာ စကားကြောင့်၊ ဘေးရန် ခပ်သိမ်း အေးငြိမ်းကြလို များလူပိုလ်တို့အား၊ တင့်တယ်ဘို့ရန် အတန်တန်ဖြင့် ဘေးရန်ခပ်သိမ်း အေးငြိမ်းခြင်းသည်၊ ဘေးရန်ဟူ၍ မြူမငွေ့ပဲ ပြကတေ့ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ လောကီလောကုတ္တရာ ဉစ္စာမင်္ဂလာ အစီးအပွားရတနာသည် စင်စစ်မသွေ ဖြစ်ပါစေသတည်း။

(ဤဂါထာဖြင့် သောတာပန်သံဃာရတနာဖြင့် သစ္စာ တိုင်တည်ပြီး မေတ္တာပို့ ဆုတောင်းပုံကို ပြသည်)

ဤသို့ ရဟန္တာအရှင်မြတ်တို့၏ ဖလသမာပတ်ဂုဏ်ဖြင့် သံဃာလျှင်တည်ရာရှိသော သစ္စာကိုဆိုပြီး၍ ယခုအခါ၌ ဘုရားရှင် လက်ထက်တွင် လူသိများသော သောတာပန်သံဃာ၏ ဂုဏ်ဖြင့် သစ္စာပြုဟန်ကို ပြလိုသော ဘုရားရှင်သည် ယထိန္ဒခီလော-စသော ဂါထာကို မိန့်တော်မူပါသည်။

**-ဤဂါထာလာ သစ္စာသီမြင် သောတာပန်ပုဂ္ဂိုလ်၏ ဂုဏ်ရည်များမှာ-**

၁။ သောတာပန်ဖြစ်သော နူနာရောဂါသည် သုပ္ပဗုဒ္ဓကဲ့သို့ ဖြားယောင်းသွေးဆောင်လို့လည်း မရတော့ ချေ။

၂။ မနဋ္ဌာနီမည်သော သောတာပန် ပုဏ္ဏေးမကဲ့သို့ ခြိမ်းခြောက်၍လည်း မရတော့ပေ။

၃။ သောတာပန် သူရမ္ဗဋ္ဌကဲ့သို့ လိမ်လည်လှည့်စားလို့လည်း မရတော့ပေ။ ဤမျှအထိ သောတာပန် ပုဂ္ဂိုလ်တို့၏ ဘုရားရှင်အပေါ်၌ ယုံကြည်မှုခိုင်မြဲလေသည်။

❊❊❊❊❊

## ယေ အရိယသစ္စာနိဂါထာ-သံဃရတနာဖြင့် သစ္စာပြု မေတ္တာပို့ခြင်း

၁၁။ ယေ အရိယသစ္စာနိ ဝိဘာဝယန္တိ၊
ဂမ္ဘီရပညေန သုဒေသိတာနိ၊
ကိဉ္စာပိ တေ ဟောန္တိ ဘုသံ ပမတ္တာ၊
န တေ ဘဝံ အဋ္ဌမ မာဒိယန္တိ၊
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

နက်နဲစွာသိ ဉာဏ်တော်ရှိသည့် မုနိထွတ်ထား မြတ်စွာဘုရားသည် အကျဉ်းအကျယ် အသွယ်သွယ်ဖြင့် ဖွယ်ဖွယ်ရာရာကောင်းစွာ ဟောပြတော်မူအပ်ကုန်သော အရိယာမှန် ကိုယ်ပိုင်ဉာဏ်ဖြင့် ကေန်သိအပ် လေးရပ်သော သစ္စာတို့ကို၊ ပုထုဇဉ်နွယ်အောက်တန်းနယ် မှ ထက်ဝယ်သို့ပြောင်း အကြင်သတ္တက္ခတ္တုပရမသောတာပန် သူတော်ကောင်းတို့သည်၊ မိမိ သန္တာန် ပညာဉာဏ်ဖြင့် မှန်မှန်ပိုင်ပိုင် ထင်ရှားစေနိုင်ကုန်၏၊ လေးရပ်သစ္စာ ကိုယ့်စိတ်မှာ လျှင်ထင်စွသိတတ် ထိုသောတာပန်သူတော်မြတ်တို့သည် လူနတ်ချမ်းသာခံစားကာဖြင့် လွန်စွာပျော် မွေ့ တရားမေ့ကြကုန်သည်၊ အကြောင်းတိုက်စုံ အကယ်၍ပင် ဖြစ်စေကုန်ဦးတော့၊ လွန်စွာ ပျော်မွေ့ တရားမေ့၍ အတွေ့၌ပျော် ထိုသတ္တက္ခတ္တုပရမ သောတာပန်သူတော်ကောင်းတို့သည်၊ လူနတ်ကာမ ရှစ်ခုမြောက်ဘဝကို၊ ထပ်၍တမူ မယူကြတော့ကုန်၊ လူနတ်ကာမ ရှစ်ခုမြောက်ဘဝကို မယူကြသော သတ္တက္ခတ္တုပရမ သောတာပန် အရိယာ ဤသံဃာတော် မြတ်အပေါင်းတို့သည်လည်း၊ အောက်တန်းများဖြင့် ပုထုဇဉ်တို့ မယှဉ်နိုင်စွာ ဂုဏ်ချင်းကွာ၍

ကဲသာလွန်မြတ် ချီးမွမ်းအပ်သော ရိုသေလေးမြတ် ဆည်းကပ်ဖို့ရာ ရတနာတစ်ဆူ ဖြစ်တော်မူပါပေ၏၊ လေးစားမြတ်နိုး အဖိုးထိုက်တန် တုမဲ့ဟန်နှင့် မြင်ရန်ခဲလတ် သူမြတ်တို့သာ သုံးဆောင်ရာ ရတနာတဆူ ဖြစ်တော်မူပါပေ၏။

ဤသို့ထုတ်ပြန် ဟုတ်မှန်လှစွာ ဆိုရပါသော ဤဝစီသစ္စာ စကားကြောင့်၊ ဘေးရန် ခပ်သိမ်း အေးငြိမ်းကြလို များလူဗိုလ်တို့အား၊ တင့်တယ်ဘို့ရန် အတန်တန်ဖြင့် ဘေးရန်ခပ်သိမ်း အေးငြိမ်းခြင်းသည်၊ ဘေးရန်ဟူ၍ မြူမငွေ့ပဲ ပြကတေ့ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ လောကီလောကုတ္တရာ ဥစ္စာမင်္ဂလာ အစီးအပွားရတနာသည် စင်စစ်မသွေ ဖြစ်ပါစေသတည်း။

(ဤဂါထာဖြင့် သတ္တက္ခတ္တုပရမ သောတာပန်သံဃာ ရတနာဖြင့် သစ္စာတိုင်တည်ပြီး မေတ္တာပို့ ဆုတောင်းပုံကို ပြသည်။)

ဤသို့သောတာပန်ပုဂ္ဂိုလ်(၃)မျိုးစလုံးနှင့်သက်ဆိုင်သော သံဃဂုဏ်ဖြင့် သစ္စာဆိုပြီး၍ ယခုအခါ၌ သော တာပန်(၃)မျိုးတို့တွင် ဂုဏ်အငယ်ဆုံးဖြစ်သော သတ္တက္ခတ္တုပရမသောတာပန်၏ သံဃ ဂုဏ်ကိုဖော်ကာ သစ္စာ ပြုဟန်ကို ပြလိုသော ဘုရားရှင်သည် ယေ အရိယသစ္စာနိ-စသော ဂါထာကို မိန့်တော်မူပါသည်။

**သောတာပန် ပုဂ္ဂိုလ်(၃)မျိုး**

၁။ ဧကဗီဇိသောတာပန်-တစ်ခုသော ပဋိသန္ဓေမျိုးစေ့ရှိသူ။ တစ်ဘဝသာ ပဋိသန္ဓေယူ၍ ရဟန္တာဖြစ်သည့် သောတာပန်။

၂။ ကောလံ ကောလသောတာပန်-အမျိုးကောင်းတစ်ခုမှ အမျိုးကောင်းတစ်ခုသို့ ရောက်တတ်သူ။ နှစ်ဘဝမှ ခြောက်ဘဝအထိ ပဋိသန္ဓေနေပြီး ရဟန္တာဖြစ်မည့် သောတာပန်။

၃။ သတ္တက္ခတ္တုပရမသောတာပန်-ခုနစ်ကြိမ်အလွန် ပဋိသန္ဓေရှိသူ၊ ခုနစ်ဘဝ ပဋိသန္ဓေနေသော သောတာပန်တို့ဖြစ်ကြ၏။

ဤသောတာပန်ပုဂ္ဂိုလ်(၃)ယောက်တွင် ဤဂါထာလာ နတေ ဘဝံ အဋ္ဌမ မာဒိယန္တိ-ပါဠိဖြင့်ပြသော သောတာပန်မှာ ဂုဏ်အနိမ့်ဆုံးဖြစ်သည့် သတ္တက္ခတ္တုပရမသောတာပန် ဖြစ်ပါသည်။

✽✽✽✽✽

## သဟာဝဿဂါထာ-သံဃရတနာဖြင့် သစ္စာပြုမေတ္တာပို့ခြင်း

၁၂။ သဟာဝဿ ဒဿနသမ္ပဒါယ၊
တယဿု ဓမ္မာ ဇဟိတာ ဘဝန္တိ။
သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆိတဉ္စ၊
သီလဗ္ဗတံ ဝါပိ ယဒတ္ထိ ကိဉ္စိ။

၁၃။ စတူဟပါယေဟိ စ ဝိပ္ပမုတ္တော၊
ဆစ္စာဘိဌာနာနိ အဘဗ္ဗ ကာတုံ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

လူနတ်ကာမ ခုနစ်ဘဝ၌ ဖြစ်ရဖန်ဖန် ထိုသတ္တက္ခတ္တု ပရမ သောတာပန်ပုဂ္ဂိုလ်သည်၊ နိဗ္ဗာန်ဓာတ် တရားမြတ်ကို တပ်အပ် ထင်လင်း သောတာပတ္တိမဂ်ဉာဏ်၏ ပြည့်စုံခြင်းနှင့်၊ ရှေ့နောက်မဆက် တပြိုင်နက်သာလျှင်၊ ထင်ရှားရှိတောင်း ခန္ဓာအပေါင်း၌ အကြောင်းမပြ လူဗာလတို့ အတ္တစွဲဘိ သက္ကာယဒိဋ္ဌိကိုလည်းကောင်း၊ ရတနာသုံးဖြာ ကျင့်သိက္ခာတည့် ပုဗ္ဗာ ပရန္တ သုံးဌာနနှင့် ပဋိစ္စသမုပ္ပာဒ် ဤရှစ်ရပ်၌

ဆုံးဖြတ်ဉာဏ်ကင်း ယုံမှားခြင်း ဝိစိကိစ္ဆာကို လည်းကောင်း၊ နွား ခွေး အလေ့ ဆောက်တည်၍လျှင် မမေ့မှန်စွာ ကျင့်နိုင်ပါမူ ကိလေသာ စင် သံသရာစင်ဟူ အမြင်မှားဘိ သီလဗ္ဗတပရာမာသ ဒိဋ္ဌိကိုလည်း ကောင်း၊ အပြစ်ကြီးမား သုံးပါးသော အကုသိုလ်တရားတို့ကို၊ ကိုယ့်သန္တာန်တွင် မပါဝင်အောင် အစဉ်မပြတ် ပယ်စွန့် အပ်ပြီး ကုန်သည် ဖြစ်ကုန်၏။ အပါယ်ရောက်ကြောင်း မကောင်းသိမ်ဖျင်း စိုးစဉ်းအနည်းငယ် သော၊ ဣဿာ, မစ္ဆရိယစသည်များဟူ အကြွင် အလားတူ ကိလေသာသည်၊ ထိုသောတာပန် သူ့သန္တာန်၌ အမှန် ရှေးက ရှိခဲ့လှ၏။ ဣဿာ, မစ္ဆရိယ စသည်များဟူ အလားတူ ကိလေသာကိုလည်း ကိုယ့်သန္တာန်တွင် မပါဝင်အောင် အစဉ်မပြတ် ပယ်စွန့်အပ်ပြီးသည်ဖြစ်၏။

နိဗ္ဗာနဓာတ် တရားမြတ်ကို တပ်အပ်ထင်ထင် သိမြင်ပြီးသော ထိုသောတာပန်ပုဂ္ဂိုလ် သည်၊ ချမ်းသာကင်းငြား ဆင်းရဲများသည့် ၄-ပါးသော အပါယ်တို့မှလည်း၊ ပဋိသန္ဓေ မတည် နေရ လုံးဝသန့်ရှင်း လွတ်ကင်းလေပြီ၊ အာနန္တရိယ ကံငါးဝနှင့် ဗုဒ္ဓပါယ်ထား အခြားဆရာကို ညွှန်ပြခြင်းအားဖြင့် ၆-ပါးသော ဌာနတို့ကိုလည်း၊ မှားမှားယွင်းယွင်း ပြုလုပ်ခြင်းငှာ မထိုက် မတန် မလျော်ကန်တော့၊ ဝဋ်သုံးဖြာကို ကောင်းစွာပယ်သည့် သောတာပန်အရိယာ ဤသံဃာ တော်အပေါင်းသည်လည်း၊ အောက်တန်းများဖြင့် ပုထုဇဉ်တို့ မယှဉ်နိုင်စွာ ဂုဏ်ချင်းကွာ၍ ကဲသာလွန်မြတ် ချီးမွမ်းအပ်သော၊ ရိုသေလေးမြတ် ဆည်းကပ်ဖို့ရာ ရတနာတစ်ဆူ ဖြစ်တော် မူပါပေ၏။ လေးစားမြတ်နိုး အဘိုးထိုက်တန် တုမဲ့ဟန်နှင့် မြင်ရန်ခဲလတ် သူမြတ်တို့သာ သုံးဆောင်ရာ ရတနာတဆူ ဖြစ်တော်မူပါပေ၏။

ဤသို့ထုတ်ပြန် ဟုတ်မှန်လှစွာ ဆိုရပါသော ဤဝစီသစ္စာ စကားကြောင့်၊ ဘေးရန်ခပ် သိမ်း အေးငြိမ်းကြလို များလူဗိုလ်တို့အား၊ တင့်တယ်ဘို့ရန် အတန်တန်ဖြင့် ဘေးရန်ခပ်သိမ်း အေးငြိမ်းခြင်းသည်၊ ဘေးရန်ဟူ၍ မြူမငွေ့ပဲ ပြကတေ့ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ လောကီလောကုတ္တရာ ဥစ္စာမင်္ဂလာ အစီးအပွားရတနာသည် စင်စစ်မသွေ ဖြစ်ပါစေသတည်း။

(ဤနှစ်ဂါထာတို့ဖြင့် သောတာပန်သံဃာရတနာဖြင့် သစ္စာတိုင်တည်ပြီး မေတ္တာပို့ ဆုတောင်းပုံကို ပြသည်။)

ဤသို့ သတ္တက္ခတ္တုပရမသောတာပန်ပုဂ္ဂိုလ်၏ ရှစ်ခုမြောက် ဘဝကို မယူသော ဂုဏ်ဖြင့် သံဃာလျှင် တည်ရာရှိသော သစ္စာကို ဆိုပြီး၍ ယခုအခါ၌ ယင်းသတ္တက္ခတ္တုပရမသောတာပန်ပုဂ္ဂိုလ်၏ပင် ပုထုဇဉ်ပုဂ္ဂိုလ် တို့ထက် ထူးခြားသော သံဃဂုဏ်ဖြင့် သစ္စာပြုဟန်ကို ပြလိုသော ဘုရားရှင်သည် သဟာဝဿ-စသော ဂါထာတို့ကို မိန့်တော်မူပါသည်။

ဤဂါထာတို့တွင် ဒဿနသမ္ပဒါယပါဠိ၌ ဒဿန-ဟူသည် သောတာပတ္တိမဂ်ဉာဏ်အမြင်ကို ဆိုသည်။

တယဿုဓမ္မာ မှ ယဒတ္ထိ ကိဉ္စိ-တိုင်အောင် ပါဠိတို့ဖြင့် သောတာပန်ပုဂ္ဂိုလ်ပယ်သော ကိလေသဝဋ်ကိုငှင်း၊ စတူဟပါယေဟိစ ဝိပ္ပမုတ္တောပါဠိဖြင့် ဝိပါကဝဋ်ပယ်သည်ကိုငှင်း၊ ဆစ္စာဘိဌာနာနိ အဘဗ္ဗကာတုံ-ပါဠိဖြင့် ကမ္မဝဋ်ပယ်သည်ကိုငှင်း ပြသည်။ ထိုတွင် စတူဟပါယေ ဟိစ ဝိပ္ပမုတ္တောပါဠိအရ သောတာပန်အရိယာ ပုဂ္ဂိုလ်တို့ အပါယ်မကျတော့သည်ကိုလည်း ပြသည်။

**ဆစ္စာဘိဌာနာနိ၌ သောတာပန် မပြုသော အဘိဌာန (၆)ပါး-**

၁။ မာတုဃာတက-အမိသတ်ခြင်း။

၂။ ပိတုဃာတက-အဖသတ်ခြင်း။

၃။ အရဟန္တဃာတက-ရဟန္တာကို သတ်ခြင်း။

၄။ လောဟိတုပ္ပါဒ-ဘုရားရှင်အား သွေးထွက်အောင်ပြုခြင်း။

၅။ သံဃဘေဒက-သံဃာသင်းခွဲခြင်း။

၆။ အညသတ္ထာရုဒ္ဒေသ-ဘုရားမှတပါး တခြားဆရာကို ညွှန်ခြင်းတို့ ဖြစ်ပါသည်။ (ဝိဘင်း၊ ၃၄၉)

❁❁❁❁❁

## တိဌာပိ-ဂါထာ - သံဃရတနာဖြင့် သစ္စာပြု မေတ္တာပို့ခြင်း

**၁၄။ တိဌာပိ သော ကမ္မ ကရောတိ ပါပကံ၊**
**ကာယေန ဝါစာ ဥဒ စေတသာ ဝါ။**
**အဘဗ္ဗ သော တဿ ပဋိစ္ဆဒါယ၊**
**အဘဗ္ဗတာ ဒိဋ္ဌပဒဿ ဝုတ္တာ၊**
**ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊**
**ဧတေန သစ္စေန သုဝတ္ထိ ဟောတု။**

နိဗ္ဗာနဓာတ် တရားမြတ်ကို တပ်အပ်ထင်ထင် သိမြင်ပြီးသော ထိုသောတာပန်ပုဂ္ဂိုလ် သည်၊ ကိုယ်လက်လှုပ်ရှား တစ်ပါးပါးသော

ကာယဒွါရဖြင့်သော်လည်းကောင်း၊ နှုတ်သာလျှပ် ရှား တစ်ပါးပါးသော ဝစီဒွါရဖြင့်သော်လည်းကောင်း၊ ကိုယ်နှုတ်နှစ်ပါး မလှုပ်ရှားပဲ စိတ်အား တွင်ပြ မနောဒွါရဖြင့်သော်လည်းကောင်း၊ ယုတ်မာဆိုးညစ် အပြစ်ဖြစ်သော၊ ကာယ, ဝစီ, တလီမနော ၃-ပါးသောကံတို့တွင် တစ်ပါးပါးသောကံကို သတိဉာဏ်ကင်း မေ့လျော့ခြင်း ကြောင့် ချွတ်ယွင်းတမှု အကယ်၍ ပြုမိပေသေး၏။ ထိုသို့ ကိုယ်, နှုတ်, စိတ်မှု အနည်းငယ် ပြုမိပါသော်လည်း ထို သောတာပန်သာဝကသည် ယုတ်မာဆိုးညစ် ထိုအပြစ်ကို ဒေသနာ သဘော ထုတ်မပြောဘဲ မနော၌ဝယ် ဖုံးကွယ်၍ထားခြင်းငှာ၊ မထိုက်မတန် မလျော်ကန်တော့၊ နိဗ္ဗာနဓာတ် တရားမြတ်ကို တပ်အပ်ထင်ထင် သိမြင်ပြီးသော ထို သောတာပန်ပုဂ္ဂိုလ်၏၊ မိမိအပြစ် မဖွင့်လှစ်ပဲ ကောက်ကျစ်သောအား ဖုံးထားခြင်းငှာ မထိုက်သည်၏အဖြစ်ကို၊ ရှင်တော်ဘုရား ဟောထား တော်မူအပ်ပြီ၊ သောတာပန်အရိယာ ဤသံဃာအပေါင်းသည်လည်း အောက်တန်းများဖြင့် ပုထုဇဉ်တို့ မယှဉ်နိုင်စွာ ဂုဏ်ချင်းကွာ၍ ကဲသာလွန်မြတ် ချီးမွမ်းအပ် သော ရှိသေလေးမြတ် ဆည်းကပ်ဖို့ရာ ရတနာတစ်ဆူ ဖြစ်တော်မူပါပေ၏။ လေးစားမြတ်နိုး အဘိုးထိုက်တန် တုမဲ့ဟန်နှင့် မြင်ရန်ခဲလတ် သူမြတ်တို့သာ သုံးဆောင်ရာ ရတနာတဆူ ဖြစ်တော်မူပါပေ၏။

ဤသို့ထုတ်ပြန် ဟုတ်မှန်လှစွာ ဆိုရပါသော ဤဝစီသစ္စာ စကားကြောင့်၊ ဘေးရန်ခပ် သိမ်း အေးငြိမ်းကြလို များလူဗိုလ်တို့အား၊ တင့်တယ်ဘို့ရန် အတန်တန်ဖြင့် ဘေးရန်ခပ်သိမ်း အေးငြိမ်းခြင်းသည်၊ ဘေးရန်ဟူ၍ မြူမငွေ့ပဲ ပြကတေ့ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ လောကီလောကုတ္တရာ ဥစ္စာမင်္ဂလာ အစီးအပွားရတနာသည်၊

စင်စစ်မသေချ ဖြစ်ပါစေသတည်း။

(ဤဂါထာဖြင့် သောတာပန်သံဃာရတနာဖြင့် သစ္စာတိုင်တည်ပြီး မေတ္တာပို့ ဆုတောင်းပုံကို ပြသည်)

ဤသို့သောတာပန်ပုဂ္ဂိုလ်၏ ဝဋ်(၃)ပါးကို ပယ်ခြင်း၏အစွမ်းဖြင့် သံဃာလျှင်တည်ရာရှိသော သစ္စာကို ဆိုပြီး၍ ယခုအခါ၌ ထိုသောတာပန်ပုဂ္ဂိုလ်၏ပင် ပြုပြီးအပြစ်ကို မဖုံးလွှမ်းခြင်း သံဃဂုဏ်ဖြင့် သစ္စာပြုဟန်ကို ပြလိုသော ဘုရားရှင်သည် ကိဉ္စာပိ-စသော ဂါထာကို မိန့်တော်မူပါသည်။

**ကရောတိ ပါပကံ ပါဠိ၌ အပြစ်(၂)မျိုး**

အပြစ်သည် ၁။ လောကဝဇ္ဇအပြစ် ၂။ ပဏ္ဏတ္တိဝဇ္ဇအပြစ်ဟူ၍ (၂)မျိုးရှိရာ သောတာပန်ပုဂ္ဂိုလ်သည် လောကဝဇ္ဇအပြစ်ကို လုံးဝ မပြုတော့ချေ။ ပဏ္ဏတ္တိဝဇ္ဇအပြစ်ကိုသာ သတိလွတ်ကင်း မေ့လျော့ခြင်းကြောင့် ပြုမိတတ်၏။ သို့သော် ထိုပြုမိသော ပဏ္ဏတ္တိဝဇ္ဇအပြစ်ကို ဖုံးကွယ်ထားခြင်း မရှိတော့ပေ။

❇❇❇❇❇

**ဝနပ္ပဂုမ္ဗေ-ဂါထာ - ဗုဒ္ဓရတနာဖြင့်**

**သစ္စာပြု မေတ္တာပို့ခြင်း**

**၁၅။ ဝနပ္ပဂုမ္ဗေ ယထ ဖုဿိတဂ္ဂေ၊**
**ဂိမှာန မာသေ ပဌမသ္မိံ ဂိမှေ၊**
**တထူပမံ ဓမ္မဝရံ အဒေသယိ၊**
**နိဗ္ဗာနဂါမိံ ပရမံ ဟိတာယ၊**

**ဣူဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊**
**ဧတေန သစ္စေန သုဝတ္ထိ ဟောတု။**

အပူပြင်းပြ နွေလေးလတို့တွင်၊ ရှေးဦးအစ နွေကာလ ဖြစ်သော၊ ရင်ကပ်ပန်းတို့ ပွင့်လန်း ခါကျူး လတန်ခူး၌၊ ခက်မခက်မှာ ပွင့်ဝေဆာဖြင့် လွန်စွာဆန်းတင့် ပင်လုံးကျွတ်ပွင့်သော အဖျားရှိသော၊ တောကြီးမြိုင်လယ် လွန်တင့်တယ်သား ပင်ငယ်ပင်လတ် အထပ်ထပ် လောင်း သစ်ပင်အပေါင်းသည်၊ ရွှန်းရွှန်းအိအိ အသရေရှိသကဲ့သို့ ထိုတောအုပ်ကြီးသဖွယ် တင့်တယ်လှပ နက်နဲထူခြားလှသည့် ကလျာဏသုံးစုံ သာတ္ထ - ဗျဥ္ဇနစသော ပန်းရနံ့တို့ဖြင့် ပြည့်စုံသော၊ တဆယ့်တသီး မီးအဆူဆူ အပူခပ်သိမ်းအေးငြိမ်းရာမှန် အေးနိဗ္ဗာန်သို့ ကေန်ဆတ်ဆတ် ရောက်စေတတ်သော၊ သုံးပုံပိဋကတ် ငါးရပ်နိကာယ် ကိုးသွယ်အင်္ဂါ ဓမ္မက္ခန္ဓာဟု ဒေသနာ ပေါင်း ရှစ်သောင်းလေး ထောင်သော ပရိယတ္တိတရားတော်မြတ်ကို၊ လောကုတ်လောကီ နှစ်လီ တိုးပွား အမြတ်ဆုံးစီးပွားအလို့ငှာ၊ ငါတို့ဆရာ မြတ်စွာဘုရားသည်၊ ကရုဏာ ရွှေဉာဏ်တော်ဖြင့် ထုတ်ဖော်ကျူးသီ ဟောမိန့်တော်မူခဲ့ လေပြီ၊ သုံးလူ့ထွတ်ထား ဤ ငါတို့မြတ်စွ ဘုရားသည် လည်း ပုထုဇဉ် အရိယာ အဖြာဖြာထက် ကဲသာလွန်မြတ် ချီးမွမ်းအပ်သော ရှိသေလေးမြတ် ဆည်းကပ်ဖို့ရာ ရတနာတစ်ဆူ ဖြစ်တော်မူပါပေ၏။ လေးစားမြတ်နိုး အဘိုးထိုက်တန် တုမဲ့ဟန်နှင့် မြင်ရန်ခဲလတ် သူမြတ်တို့သာ သုံးဆောင်ရာ ရတနာတဆူ ဖြစ်တော်မူပါပေ၏။

ဤသို့ထုတ်ပြန် ဟုတ်မှန်လှစွာ ဆိုရပါသော ဤဝစီသစ္စာ စကားကြောင့်၊ ဘေးရန်ခပ် သိမ်း အေးငြိမ်းကြလို များလူဗိုလ်တို့အား၊ တင့်တယ်ဘို့ရန် အတန်တန်ဖြင့် ဘေးရန်ခပ်သိမ်း အေးငြိမ်းခြင်းသည်၊

ဘေးရန်ဟူ၍ မြူမငွေ့ပဲ ပြကတေ့ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ လောကီလောကုတ္တရာ ဥစ္စာမင်္ဂလာ အစီးအပွားရတနာသည်၊ စင်စစ်မသွေ ဖြစ်ပါစေသတည်း။

(ဤဂါထာဖြင့် ဘုရားရတနာဖြင့် သစ္စာတိုင်တည်ပြီး မေတ္တာပို့ ဆုတောင်းပုံကို ပြသည်)

ဤသို့သံဃာတော်တို့၏ ထိုထိုဂုဏ်မျိုးစုံကို ပြခြင်းဖြင့် သံဃာလျှင်တည်ရာရှိသော သစ္စာကို ဆိုပြီး၍ ယခုအခါ၌ ပရိယတ္တိဓမ္မဖြင့် ဘုရားလျှင်တည်ရာရှိသော သစ္စာကိုဆိုခြင်းငှာ ဘုရားရှင်သည် ဝရော ဝရညူ- စသော ဂါထာကို မိန့်တော်မူပါသည်။

❊❊❊❊❊

## ဝရော ဝရညူ-ဂါထာ- ဗုဒ္ဓရတနာဖြင့် သစ္စာပြု မေတ္တာပို့ခြင်း

**၁၆။ ဝရော ဝရညူ ဝရဒေါ ဝရာဟရော၊**
**အနုတ္တရော ဓမ္မဝရံ အဒေသယိ၊**
**ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊**
**ဧတေန သစ္စေန သုဝတ္ထိ ဟောတု။**

ကြီးကျယ်နက်သန် သဗ္ဗညုတဉာဏ်တော်ကို စိုးစံပိုင်သ လက်ကိုင်ရသဖြင့် လွန်ကဲ ထူးမြတ်တော်မူထသော၊ အဇ္ဈာသယဓါတ် မြင့်မြတ်ကြသူ နတ်နှင့်လူတို့ ကြည်ဖြူလေးမြတ် တောင့်တအပ် မြတ်တော်မူထသော၊ ဗောဓိမဏ္ဍိုင် ခန်းဝါမြိုင်ဝယ် ကိုယ်ပိုင်ဉာဏ်ဖြင့်

အမြတ် ဆုံးမှန် နိဗ္ဗာန်ကိုလည်း သိတော်မူပြီးထသော၊ ပဉ္စဝဂ္ဂီ စသည်များမြတ် လူနှင့်နတ်အား အမြတ် နိဗ္ဗာန် မဂ်ဖိုလ်ဉာဏ်ကိုလည်း ပေးတော်မူတတ်ထသော၊ ရှေးရှေးဘုရား အမြဲသွားသည့် တရား မဂ္ဂင် မြတ်လမ်းစဉ်ကို အမျှင်မပြတ် ဆောင်ပြတော်မူတတ်ထသော၊ လောကုတ္တရာ ဂုဏ်အရာဝယ် အသာအတူ ရှိတော်မမူအပ်သော မြတ်စွာဘုရားသည် သွာက္ခာတတာ ဂုဏ်ခြောက်ဖြာ နှင့် ကောင်းစွာ ပြည့်စုံ အဖုံဖုံသော တရားတော်မြတ်ကို၊ မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန် ကျယ်ဝင့် နယ်ကုန်ဖွင့်သည့် ဆယ်ဆင့်သော တရားတော်မြတ်ကို၊ ဝိမုတ္တိရသ တပါးပြလျှက် ဓမ္မဝိနယာ နှစ်ပါးလာသား သုံးဖြာပိဋကတ် ငါးရပ်နိကာယ် အင်ကိုးသွယ်နှင့် အကျယ်ထုတ်ပြန် ဓမ္မက္ခန် ပေါင်း လေးထောင်ဆောင်းလျှက် ရှစ်သောင်းအရေအတွက်ရှိသော ပရိယတ္တိ တရားတော်မြတ် ကို၊ ကရုဏာလှူ့ဆော် ရွှေဉာဏ်တော်ဖြင့် ထုတ်ဖော်ကျူးသီ ဟောမိန့်တော်မူခဲ့လေပြီ။

သုံးလူ့ထွဋ်ထား မြတ်ဘုရား၌၊ ပုထုဇဉ်အရိယာ အဖြာဖြာ ထက် ကဲသာမြတ်မွန် တုဘက် လွန်သော၊ ရတနာဖြစ်ကြောင်း ကောင်းထက်ကောင်းသည့် ဂုဏ်ပေါင်းမွေးကြူ “ဝရညူ ဝရဒ ဝရာဟရ ဝရဓမ္မ ဒေသက”အမည်ရငြား ဤဂုဏ်တော်များသည်လည်း အမြဲပုံသေ ရှိပါပေ၏။ အနက်သဒ္ဒါ ဝေဖြာစုံပေါ် တောအုပ်ကြီးသဖွယ် လွန်တင့်တယ်အောင် သွယ်သွယ်တရား ဟော ဖော်ကြားသည့် ဘုရားမြတ်စွာ ဤကိုးကွယ်ရာသည်လည်း၊ ပုထုဇဉ်အရိယာ အဖြာဖြာထက် ကဲသာလွန်မြတ်၊ ချီးမွမ်းအပ်သော၊ ရိုသေလေးမြတ် ဆည်းကပ်ဖို့ရာ ရတနာတစ်ဆူ ဖြစ်တော် မူပါပေ၏။ လေးစားမြတ်နိုး အဘိုးထိုက်တန် တုမဲ့ဟန်နှင့် မြင်ရန်ခဲလတ် သူမြတ်တို့သာ သုံးဆောင်

ရာ ရတနာတဆူ ဖြစ်တော်မူပါပေ၏။

လောကုတ္တရ မြတ်ဓမ္မဖြင့် ဘုရားမြတ်စွာ ဂုဏ်ပေါင်းဖြာကို မှန်ကန်လှစွာ ဆိုရပါသော ဤဝစီသစ္စာ စကားကြောင့် ဘေးရန်ခပ်သိမ်း အေးငြိမ်းကြလို များလူဗိုလ်တို့အား တင့်တယ်ဘို့ ရန်အတန်တန်ဖြင့် ဘေးရန်ခပ်သိမ်း အေးငြိမ်းခြင်းသည် ဘေးရန်ဟူ၍ မြူမငွေ့ပဲ ပြကတေ့ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ လောကီ လောကုတ္တရာ ဥစ္စာမင်္ဂလာ အစီးအပွား ရတနာ သည် စင်စစ်မသွေ ဖြစ်ပါစေသတည်း။

(ဤဂါထာဖြင့် ဘုရားရတနာဖြင့် သစ္စာတိုင်တည်ပြီး မေတ္တာပို့ ဆုတောင်းပုံကိုပြသည်)

ဤသို့ ပရိယတ္တိဓမ္မဖြင့် ဘုရားလျှင်တည်ရှိသော သစ္စာကို ဆိုပြီး၍ ယခုအခါ၌ လောကုတ္တရာတရား ဖြင့် ဘုရားလျှင်တည်ရှိသော သစ္စာကိုပင်ဆိုခြင်းငှာ ဘုရားရှင်သည် ဝရော ဝရညူ-စသောဂါထာကို မိန့် တော်မူပါသည်။

❁❁❁❁❁

## ခီဏံ ပုရာဏံ-ဂါထာ- သံဃရတနာဖြင့် သစ္စာပြု မေတ္တာပို့ခြင်း

၁၃။ ခီဏံ ပုရာဏံ နဝ နတ္ထိ သမ္ဘဝံ၊
ဝိရတ္တစိတ္တာ ယတိကေ ဘဝသ္မိံ၊
တေ ခီဏဗီဇာ အဝိရူဠိဆန္ဒာ၊
နိဗ္ဗန္တိ ဓီရာ ယထာယံ ပဒီပေါ၊
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

အာဝဝေါကုန်ခမ်း ရဟန္တာအရှင် အကြင်ပညာရှိတို့၏ ဘဝါဘဝ သံသာရက ပြုခဲ့သမျှ အတန်တန် အဟောင်းဖြစ်သော ကုသိုလ်ကံ အကုသိုလ်ကံသည်၊ အရဟတ္တမဂ် ဉာဏ်လက်နက်ကြောင့် အဆက်ပြတ်ပြုန်း ကုန်ဆုံးလေပြီ၊ ရဟန္တာဖြစ်မှအသစ်ရသည့် ပုညကောင်းမှု အစုစုသည်လည်း၊ အဝိဇ္ဇာ တဏှာ အဖော်မပါသဖြင့် နောင်ခါအင်အား အကျိုးများသို့ ထင်ရှားမရှိတော့ချေ၊ နောက်နောင်အခါ ပေါ်လာမည်ဖြစ်သော ဘဝဖန်ခါ သံသရာ၌၊ တပ်မက်ခင်မင် လိုချင်သောစိတ် မရှိကြကုန်တော့ အာသဝေါကုန်ခန်း ရဟန္တာပုဂ္ဂိုလ် ထိုပညာရှိတို့သည် ကုန်ခန်းခြောက်သွေ့ ပဋိသန္ဓေမျိုးစေ့ ရှိကြကုန်၏ ဘဝထိုထိုစည်ပင်လိုသော ဆန္ဒမရှိကြတော့ ကုန်၊ တောက်ပလျှံဦး ဤဆီမီးသည်၊ ထိုဤမရောက် ဤနေရာ၌ပင် ငြိမ်းပျောက်သကဲ့သို့၊ ထို ဤဘဝမရောက်ရဘဲ အေးမြပုံသေ ငြိမ်းကြလေတော့၏၊ ရဟန္တာအရိယာ ဤသံဃာ အပေါင်းသည်လည်း အရိယာပုဂ္ဂိုလ် များထိုထိုထက် ကဲသာလွန်မြတ်

ချိုးမွှမ်းအပ်သော ရှိသေ လေးမြတ် ဆည်းကပ်ဖို့ရာ ရတနာတစ်ဆူ ဖြစ်တော်မူပါပေ၏ လေးစားမြတ်နိုး အဖိုးထိုက်တန် တုမဲ့ဟန်နှင့် မြင့်ရန်ခဲလတ် သူမြတ်တို့သာ သုံးဆောင်ရာ ရတနာတဆူဖြစ်တော် မူပါပေ၏။

ဤသို့ထုတ်ပြန် ဟုတ်မှန်လှစွာ ဆိုရပါသော ဤဝစီသစ္စာ စကားကြောင့်၊ ဘေးရန်ခပ် သိမ်း အေးငြိမ်းကြလို များလူဗိုလ်တို့အား၊ တင့်တယ်ဘို့ရန် အတန်တန်ဖြင့် ဘေးရန်ခပ်သိမ်း အေးငြိမ်းခြင်းသည်၊ ဘေးရန်ဟူ၍ မြူမငွေ့ပဲ ပြကတေ့ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ လောကီလောကုတ္တရာ ဥစ္စာမင်္ဂလာ အစီးအပွားရတနာသည်၊ စင်စစ်မသွေ ဖြစ်ပါစေသတည်း။

(ဤဂါထာဖြင့် အနုပါဒါပရိနိဗ္ဗာန်စံသည့် ရဟန္တာသံဃာ ရတနာဖြင့် သစ္စာတိုင်တည်ပြီး မေတ္တာပို့ ဆုတောင်းပုံကို ပြသည်)

ဤသို့ လောကုတ္တရာတရားကို အမှီပြု၍ ဘုရားလျှင်တည်ရာ ရှိသော သစ္စာကိုဆိုပြီး၍ ယခုအခါ၌ ရဟန္တာအရှင်မြတ်တို့၏ အနုပါဒိသေသနိဗ္ဗာန်သို့ရောက်ခြင်းဂုဏ်ကို အမှီပြု၍ သံဃာလျှင် တည်ရာရှိသော သစ္စာကို ဆိုခြင်းငှာ ဘုရားရှင်သည် ခီဏံ ပုရာဏံ- စသော ဂါထာကို မိန့်တော်မူပါသည်။

❊❊❊❊❊

## သိကြားနတ်မင်း၏ ဘုရားရှိခိုးနှင့် ဆုတောင်းမေတ္တာပို့ပုံ

၁၈။ ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ၊
တထာဂတံ ဒေဝမနုဿပူဇိတံ၊
ဗုဒ္ဓံ နမဿာမ သုဝတ္ထိ ဟောတု။

ပရိတ်တော်မြတ် ရွတ်ဖက်နေကြ ဤဒေသ၌ မြေ၌ဆက်စပ် အရပ်ရပ်၌ ဖြစ်ကြကုန်သော ဘုမ္မစိုး ရုက္ခစိုး တန်ခိုးကြီးစွာတုမဟာ ဝတီသာနှင့် ဆိုင်ရာပေါင်းစပ် အကြင်နတ်တို့သည်လည်းငှင်း၊ ပင်းလင်းအပြင် ထက်ကောင်းကင်၌ ရှေးကံအဟုန် တန်ခိုးဂုဏ်ကြောင့် ကုံလုံပြည့်ဝ ဖြစ်နေကြကုန်သော ယာမာ-စသာ အကြင်အထက်နတ်အများတို့သည်ငှင်း၊ ညီညာဖျဖျ ရောက် လာကြကုန်ပြီ၊ ညီညာဖျဖျရောက်လာကြကုန် ထိုအလုံးစုံကုန်သော အကျွန်ုပ်တို့သည်၊ ရှေးဘုရား အတူ ကြွလာတော်မူထသော နတ်၊ လူ၊ ဗြဟ္မာ သတ္တဝါတို့ လွန်စွာလေးမြတ် ပူဇော်တော် မူအပ်ထသော၊ မြတ်စွာဘုရားကို ကိုင်းညွတ်ရိုကျိုး ဦးနှိမ်ချိုး၍ ရှိခိုးကန်တော့ပါကုန်၏။ ထိုသို့ရှိခိုးရသည့် ပဏာမရှိန်စော် အာနုဘော်ကြောင့် သတ္တဝါအပေါင်းတို့အား ချမ်းသာခြင်း သည် စင်စစ်မသွေ ဖြစ်ပါစေသတည်း။ ဤသို့ထုတ်ပြန် ဟုတ်မှန်လှစွာ ဆိုရပါသော ဤဝစီသစ္စာစကားကြောင့် ဘေးရန်ခပ်သိမ်း အေးငြိမ်းကြလို မျှားလူဗိုလ်တို့အား တင့်တယ်ဖို့ရန် အတန်တန်ဖြင့် ဘေးရန်ခပ်သိမ်း အေးငြိမ်းခြင်းသည် ဘေးရန်ဟူ၍

မြူမငွေ့ပဲ ပြကတေ့ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ လောကီ လောကုတ္တရာ ဥစ္စာမင်္ဂလာ အစီးအပွား ရတနာသည် စင်စစ်မသွေ ဖြစ်ပါစေသတည်း။

❁❁❁❁❁

## သိကြားနတ်မင်း ရတနာသုံးပါးရှိခိုးလျက် ဆုတောင်းမေတ္တာပို့ခြင်း

## သိကြားနတ်မင်း၏ တရားရှိခိုးနှင့် ဆုတောင်မေတ္တာပို့ပုံ

**၁၉။ ယာနီဓ ဘူတာနိ သမာဂတာနိ၊**
**ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ၊**
**တထာဂတံ ဒေဝမနုဿပူဇိတံ၊**
**ဓမ္မံ နမဿာမ သုဝတ္ထိ ဟောတု။**

ပရိတ်တော်မြတ် ရွတ်ဖတ်နေကြ ဤဒေသ၌ မြေ၌ဆက်စပ် အရပ်ရပ်၌ ဖြစ်ကြကုန်သော ဘုမ္မစိုး ရုက္ခစိုး တန်ခိုးကြီးစွာ စတုမဟာ ဝတိသာနှင့် ဆိုင်ရာပေါင်းစပ် အကြင်နတ်တို့ သည်လည်းငှင်း၊ ဟင်း လင်းအပြင် ထက်ကောင်းကင်၌ ရှေးကံအဟုန် တန်ခိုးဂုဏ်ကြောင့် ကုံလုံပြည့်ဝ ဖြစ်နေကြကုန်သော ယာမာ-စသာ အကြင်အထက် နတ်အများတို့သည်ငှင်း၊ ညီညာဖျဖျ ရောက်လာကြကုန်ပြီ၊ ညီညာဖျဖျရောက်လာကြကုန် ထိုအလုံးစုံကုန်သော အကျွန်ုပ်တို့သည်၊ သမထ၊ ဝိပဿနာ ဘာဝနာအစုံဖြင့် သွားထိုက်သည့်အားလျော်စွာ ကိလေသာအသင်းအပင်းကို ဖြတ် တောက်လျက် သွားရောက်

တတ်ထသော၊ နတ်၊ လူ၊ ဗြဟ္မာ၊ သတ္တဝါတို့ လွန်စွာလေးမြတ် ပူဇော်တော်မူအပ်ထသော၊ မဂ်၊ ဖိုလ်၊ နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်သော တရားတော်မြတ်ကို ကိုင်းညွတ်ရိုကျိုး ဦးနှိမ်ချိုး၍ ရှိခိုးကန်တော့ပါကုန်၏။ ထိုသို့ရှိခိုးရသည် ပဏ္ဏာမရှိန်စော် အာနု ဘော်ကြောင့် သတ္တဝါအပေါင်းတို့အား ချမ်းသာခြင်းသည် စင်စစ်မသွေဖြစ်ပါစေသတည်း။

## သိကြားနတ်မင်း၏ သံဃာရှိခိုးနှင့် ဆုတောင်းမေတ္တာပို့ပုံ

၂၀။ ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ၊
တထာဂတံ ဒေဝမနုဿပူဇိတံ၊
သံဃံ နမဿာမ သုဝတ္ထိ ဟောတု။

ပရိတ်တော်မြတ် ရွတ်ဖတ်နေကြ ဤဒေသ၌ မြေ၌ဆက်စပ် အရပ်ရပ်၌ ဖြစ်ကြကုန်သော ဘုမ္မစိုး ရုက္ခစိုး တန်ခိုးကြီးစွာ စတုမဟာဝတီသာနှင့် ဆိုင်ရာပေါင်းစပ် အကြင်နတ်တို့သည်လည်းငှင်း၊ ဟင်းလင်းအပြင် ထက်ကောင်းကင်၌ ရွှေးကံအဟုန် တန်ခိုးဂုဏ်ကြောင့် ကုံလုံပြည့်ဝ ဖြစ်နေကြကုန်သော ယာမာ-စသာ အကြင်အထက်နတ် အများတို့သည်ငှင်း၊ ညီညာဖျဖျ ရောက် လာကြကုန်ပြီ၊ ညီညာဖျဖျရောက်လာကြကုန် ထိုအလုံးစုံကုန်သော အကျွန်ုပ်တို့သည်၊ အတ္တဟိတ ပဋိပန္န ပုဂ္ဂိုလ်တို့သိထိုက်သည့်အားလျော်စွာ ထိုထိုမဂ်ဖြင့် သိတော်မူပြီးထသော နတ်၊ လူ၊ ဗြဟ္မာ၊ သတ္တဝါတို့လွန်စွာလေးမြတ် ပူဇော်တော်မူအပ်ထသော ရှစ်ပါးအရိယာ သံဃာ တော်အပေါင်းကို

ကိုင်းညွတ်ရိုကျိုး ဦးနှိမ်ချိုး၍ ရှိခိုးကန်တော့ပါကုန်၏။ ထိုသို့ဘုရား ရှိခိုးရသည့် ပဏာမရှိန်စော် အာနုဘော်ကြောင့် သတ္တဝါအပေါင်း တို့အား ချမ်းသာခြင်းသည် စင်စစ်မသွေ ဖြစ်ပါစေသတည်း။

(ဤနောက်ဆုံးသုံးဂါထာတို့ဖြင့် သိကြားနတ်မင်းက ရတနာသုံးပါးကို ရှိခိုးလျက် ဆုတောင်းပုံတို့ ကို ပြသည်။)

## ရတနသုတ်အချုပ်

ရတနသုတ်ပရိတ်ဂါထာ(၂၀)တွင် အမှတ်စဉ်(၁-၂)ဂါထာ တို့မှာ ရှေးဆရာတို့၏ အမွှမ်းဂါထာများ ဖြစ်ကြသည်။ ဂါထာနံပတ်(၃ မှ ၂၀)အထိ ဂါထာ(၁၈)ပုဒ်သည် ပါဠိတော်ဂါထာများ ဖြစ်ကြသည်။ ထို(၁၈) ဂါထာတွင် နောက်ဆုံးအမှတ်စဉ် (၁၈-၁၉-၂၀)ဂါထာတို့မှာ သိကြားမင်းရွတ်ဆိုသော ဂါထာတို့ဖြစ်ကြသည်။ အမှတ်စဉ်(၃ မှ ၁၇)အထိ ဂါထာ(၁၅)ပုဒ်သာ ဘုရားဟောဂါထာတို့ ဖြစ်ကြသည်။ ထို(၁၅)ဂါထာတွင် အမှတ်စဉ်(၃-၄)ဂါထာတို့မှာ တိုက်တွန်းခြင်း ဥယျောဇဉ်ဂါထာတို့ဖြစ်ကြသည်။ အမှတ်(၅-မှ-၁၇)အထိ ဂါထာ (၁၃)ပုဒ်မှာ သစ္စာပြုသော ဂါထာတို့ဖြစ်ကြသည်။ အကြိမ်အနေဖြင့် ကား (၁၂)ကြိမ် သစ္စာပြုတော်မူ သည်။

ထို(၁၂)ကြိမ်တွင် အမှတ်စဉ် (၅-၁၅-၁၆)ဂါထာတို့မှာ ဘုရား ရတနာဖြင့်(၃)ကြိမ်၊ အမှတ်စဉ်(၆-၇) ဂါထာတို့မှာ တရား ရတနာဖြင့်(၂)ကြိမ်၊ အမှတ်စဉ်(၈-၉-၁၀-၁၁-၁၂-၁၃-၁၄-၁၇) ဂါထာတို့မှာ သံဃာ ရတနာဖြင့် (၇)ကြိမ် သစ္စာပြုပုံတို့ ဖြစ်ကြသည်။

*(၁၃၇၈-ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့၊*
*အဘိဓမ္မာအခါတော်နေ့(၁၆-၁၀-၂၀၁၆)*

# (ဃ) ရတနသုတ်မြတ် ရွတ်ဖတ်ရကျိုး

## (၁) မင်းကွန်း တိပိဋကဆရာတော်ကြီး၏ တိုက်တွန်းချက်

ရတနသုတ္တန်ကို ဘာပြုလို့ရွတ်ချင် ဟောချင်ရတုံးလို့ဆိုလျှင် ဒီရတနသုတ္တန်ရဲ့ အာဏာ အရှိန်အဝါကို စကြဝဠာတိုက်ပေါင်း ကုဋေတစ်သိန်းမှာရှိကြတဲ့ နတ်တွေ ဗြဟ္မာတွေကခံယူကြတယ် လွန်စွာ အာဏာအရှိန်အဝါကြီးတဲ့ ပရိတ်တော်ဖြစ်တဲ့အတွက် ဘုန်းကြီးတို့ ဆရာ၊ ဒကာ တွေဟာ ဒီရတနသုတ္တန်နဲ့ပဲ အကာအကွယ်ပြုချင်တယ်၊ ဒါကြောင့်ဒီရတနသုတ္တန်ကို မျှော်ကြည့် လိုက်ကြစို့။

## (၂) သပြေကန်ဆရာတော်ကြီး၏တိုက်တွန်းချက်

လောက၌ ရတနာဆိုလျှင်အလွန်ပင်မြတ်နိုးတတ်ကြ၏။ တယုတယ တရိုတသေ သိမ်းဆည်း စောင့်ရှောက်တတ်ကြ၏။ ဘုရား၌ ရတနာအဖြစ်ဖြင့် ဘယ်မျှနှစ်နှစ်ကာကာ ဘယ်မျှစိတ်ထဲတွင် သိုမှီးမိကြပါသနည်း။ ဘုရားဂုဏ်ကို သိသူများအဖို့ကား အလွန်

မြတ်နိုးဖွယ် တကယ့်ရတနာဖြစ်နေသည်။ ထိုသူများအဖို့ ဤ"ယံကိဉ္စိ ဝိတ္တံ" ဂါထာမှာ ရွတ်ဆို၍အားမရ ကြည်နူးမဆုံး ဖြစ်ကြရ၏။ ထိုသူဖြစ်သူ၏ ပရိတ်သာအလွန်အာနုဘော်ရှိ၍ အန္တရယ်ကိုတကယ် ကင်းစေပါသည်။

**သဒါ မာနံ ကရေ ဇာနံ၊ ရတနံ ရတနတ္တယေ။**

**ကိံ အနွော ရတနံ လဒ္ဓါ၊ ဝိဇာနေယျ အနဂ္ဃတံ။**

ရတနတ္တယေ၊ တခေတ်တခါ ကြုံခဲစွာလျှင် ပေါ်လာထူးခြား ရတနာမြတ်သုံးပါး၌။ ရတနံ၊ နှစ်သက်ဖွယ်စုံ ဂုဏ်ရည်ဝင်းသစ် ရတနာ၏အဖြစ်ကို။ ဇာနံ၊ တရားမှန်ပြင် ဖန်ဖန်ထင်လျက် ဆင်ခြင်တွေးမိ သိရှိသည်ဖြစ်၍။ မာနံ၊ သတိမလပ် ပဋိပတ်ဖြင့် ပေးအပ်မယွင်း လေးမြတ်ခြင်း ကို။ သဒါကရေ၊ ဘယ်အခါမဆို ရှင့်အလိုလိုက် စရိုက်မွေးကာပြုကျင့်ရာ၏။ အနွော၊ သန္ဓေက ပင် မမြင်မစမ်း စုံလုံးကန်းသူသည်။ ရတနံ၊ တန်ဖိုးထိုက်လျက် နှစ်သက်ဖွယ်ရာ ရတနာကောင်းကို။ လဒ္ဓါ၊ အခွင့်သင့်ကာ ရလာသည်ရှိသော်။ အနဂ္ဃတံ၊ အဖိုးကန့်သက် မဖြတ်နိုင်သည်၏အဖြစ် ကို။ ကိံ ဝိဇာနေယျ၊ ရေးရေးမျှပင် အမြင်မရှိအဘယ်မှာ သိနိုင်ပါအံ့နည်း။

## (၃) မြင်းခြံ ကိုးဆောင်တိုက် ဆရာတော်၏ တိုက်တွန်းချက်

**ယံကိဉ္စိ, ခယံ, ယံဗုဒ်, ယေပုဂ်၊**

**ယေသုပ်, ယထိန်, ယေရို, သဟာ။**

**ကိစ္ဆာ, ဝနပ်, ဝရော, ခီဏ်၊**

**ဝန္ဒာမိ သိရသာမဟံ —**

အခံမူလ ယာနိစ-နှင့် အာသီသဝတ် ယွင်းမချွတ်ပဲ ရွတ်ဖတ်ကြလေ၊ ကပ်သုံးထွေကို ဝေသာလီတွင် နိဒါန်းတင်တိုင်း အလျင်ဆောစွာ ကင်းစေပါလိမ့် . . .။ ကမ္ဘဝါ-သော ပဗ္ဗသောဟု နယောပဒေသ နေမကျအောင် ဖွေဆစမ်းဝါး မဆန်းပြားလင့် . .။ ဘုရားရှင်ပင် စီရင် ဓမ္မစက်၊ ရွေနှုတ်ထွက်ထက် ထက်မြက်ပုံရည် ခုံအတည်ကို ယုံကြည်သူတို့ ဂုဏ်ရည်ညို့ လိမ့် . .။ (ထို့ကြောင့် အန္တရာယ် စင်ကြယ်လိုသူ များရှင်လူတို့ အတူမရ ဂုဏ်ပေါင်းပြသား ရတနသုတ်ခေါ် ပရိတ်တော်ကို ပူဇော်မြတ်နိုး ယုံကြည်ကိုး၍ — ရိုးရိုးရွတ်, နာစေကုန်သောဝ်။

## (၄) ရတနသုတ်ရွတ်ဖတ်ရခြင်း

## ကိုယ်တွေ့အကျိုးများ

### ရတနသုတ် ကိုယ်တွေ့အကျိုး

တံတားဦးနယ်ဘက်တွင် ဆရာတော်ကြီးတစ်ပါးရှိလေသည်၊ ထိုဆရာတော်ကြီး၏ အကျင့်သီလ အနေအထိုင် ကြည်ညိုဖွယ် ဆောင်မှုတို့ကြောင့် စစ်ကိုင်းတောင်မှ ဆရာတော်တို့ကပင့်ဖိတ်သဖြင့် ဆရာတော်ကြီးသည် စစ်ကိုင်းတောင်သို့ ရောက်ရှိလာ၏၊ မဂ္ဂင်ချောင်နှင့် ဝေဇယန္တာချောင်တိုက်ကြားမှာရှိသည့်နေရာတွင် တစ်ထပ်ကျောင်းဆောင်မှာ နေရာပေးလှူထားသဖြင့် သီတင်းသုံးပါသည်၊ မြို့သာဆရာတော်-ဟု ထင်ရှား၏၊ အရိယာ-ဟု လူပြောသူပြောများလှ၏၊ စစ်ကိုင်းတောင်ရိုးလို ဆွမ်းကပ်ရွားသော အရပ်မှာ မြို့သာဆရာတော်ကြီးဆွမ်းခံကြွလာပါက သီလရှင်ချောင် များသာမက ဘုန်းကြီးကျောင်းများကပါ ဆွမ်းထွက်လောင်း လှူကြ၏၊ မြို့သာ

ဆရာတော်ကြီးနောက်မှ ကျောင်းသား (၁၀) ယောက်ခန့် လိုက်ပါကြလျက် ဆွမ်း၊ ဆွမ်းဟင်း၊ သစ်သီးမုန့်တို့ကို သယ်ပေးကြရ၏၊ ဆရာတော်ကြီးသည် ရသမျှ အာမိသလာဘ်လာဘတို့ကို အနီးမှ ကျောင်း တိုက်မှ သံဃာတို့အား ပြန်၍လှူဒါန်း လေ့ရှိ၏၊ မဟာသမယသုတ်နှင့်ရတနသုတ်ပရိတ် ကိုလည်း အမြဲရွတ်တော်မူသည်၊ မည်မျှအရေးကြီးသောကိစ္စရှိစေကာမူ ကျောင်းပြင်ပသို့ ထွက်လေ့မရှိ၊ ကျောင်းတွင်းမှာသာ နေလေ့ရှိ၏။

တစ်ရက်၌ စစ်ကိုင်းတောင်တွင် ထင်ရှားသော ကျောင်းတိုက်ကြီးမှ စာချဘုန်းကြီး တစ်ပါး ရောက်လာ၍ကန်တော့ပြီး မိမိ၏ ကျန်းမာရေးမှာ အနာရောဂါကြောင့် အားနည်းနေပါကြောင်း လျှောက်ထားလေသည်၊ ထိုအခါ မြို့သာဆရာတော်ကြီးက "တပည့်တော်မှာ အရှင်ဘုရားတို့လို စာပေပရိယတ် မတတ်ကျွမ်းပါ၊ စာမေးပွဲတွေလည်း မအောင်ပါ၊ သို့သော် ရတနသုတ်ပရိတ်ကိုတော့ အမြဲတမ်းရွတ်ပါတယ်၊ အဲဒီပရိတ်က ရောဂါဘေးကို ပျောက်ကင်းစေပါတယ်၊ ဘုရားရှင်ကိုယ်တိုင် ရတနာသုံးပါး ဂုဏ်တော်များဖြင့် သစ္စာပြုမေတ္တာပို့သော ပရိတ်ဖြစ်ပါတယ်၊ ရတနာ(၃)ပါးမှာလည်း ဘုရားရတနာဖြင့် (၃) ကြိမ်၊ တရားရတနာဖြင့် (၂) ကြိမ်၊ သစ္စာပြုသော်လည်း သံဃာရတနာဖြင့်မူ (၇) ကြိမ်ထိ သစ္စာပြု မေတ္တာပို့ထားပါတယ်၊ သံဃာ့ဂုဏ်ကို ဘုရားရှင်က အလေးထားကြောင်း ပေါ်လွင်ပါတယ်၊ ဘာပဲဖြစ်ဖြစ် သစ္စာဖြင့်တိုင်တည်ထားသောကြောင့် ကိစ္စကြီးငယ်ဟူသမျှ အောင်မြင်နိုင်ပါတယ်၊ အဲဒီတော့ ရတနသုတ် ပရိတ်ကိုသာ စွဲစွဲမြဲမြဲရွတ်ပါ" ဟူ၍ ဩဝါဒပေးတော်မူပါသည်၊ ထိုစာချဘုန်းကြီးသည် မြို့သာဆရာ

တော်ကြီး တိုက်တွန်းသည့်အတိုင်း ရတနသုတ်ပရိတ်ကိုပင် စွဲစွဲမြဲမြဲရွတ်လေ ရာ ရောဂါပျောက်ကင်းခဲ့လေသည်။

ကျေးဇူးရှင် မင်းကွန်းတိပိဋကဆရာတော်၏ ဥပဇ္ဈာယ် ဆရာတော်မှာ မင်းကွန်း ပထမဓမ္မနာဒဆရာတော်ကြီး ဦးပညာစက္က ဖြစ်၏၊ ထိုဆရာတော်ကြီးက "မကျန်းမမာ ရောဂါဝေဒနာဖြစ်တဲ့အခါ စုန်း+တစ္ဆေ+ကဝေ+မှင်စာ ဖမ်းစားတဲ့အခါမျိုးမှာ ရတနသုတ် ပရိတ်ကို အနုလုံ+ပဋိလုံ ရွတ်ရတယ်"ဟု အမိန့်ရှိဖူးလေသည်၊ မင်းကွန်းတိပိဋကဆရာ တော်သည် ဥပဇ္ဈာယ်ဆရာတော်ကြီး အမိန့် ရှိသည့်အတိုင်း လက်တွေ့အသုံးပြုကြည့်ရာ ထူးခြားမှုကို တွေ့ရ၏၊ ထို့ကြောင့် မင်းကွန်းတိပိဋကဆရာတော်သည် (၁၉၈၆)ခုနှစ် ခန့်က အလွန်တရာမကျန်းမမာဖြစ်နေသော ဒါယကာ တစ်ဦးအတွက် ဇနီးဖြစ်သူ ဒါယိကာမက လာရောက်လျှောက် ထားတောင်းပန်သဖြင့် ရတနသုတ်ပရိတ်ကို အနုလုံ+ပဋိလုံ ရွတ်တော်မူပါသည်၊ ဗောဇ္ဈင်္ဂပရိတ်ကိုလည်း အကျယ်ရွတ်ပါသည်၊ ထိုပရိတ်ရေ ကို လူမမာ ဒါယကာထံ ပို့လိုက်စေရာ ထိုဒါယကာမှာ ကျန်းမာလာခဲ့ပါသည်။

ထို့အပြင် တိနိဥက္ကဋ္ဌကြီးရဲ့ဇနီး သာသနာ့ဒါယိကာမကြီး ဒေါ်ခင်ညွန့်လေဖြတ်၍ မကျန်းမမာဖြစ်ကာ အိပ်ရာထဲ လဲသော အခါမှာလည်း မင်းကွန်းတိပိဋကဆရာတော်သည် ဤရတနသုတ် ပရိတ်ကိုပင် အနုလုံ+ပဋိလုံ ရွတ်ဖတ်၍ ဗောဇ္ဈင်္ဂသုတ်အကျယ် ကိုပါ ရွတ်တော်မူပါသည်၊ ထိုပရိတ်ရေကို ဥက္ကဋ္ဌကြီးကတော်အား ချိုးမြှင့်ပေးလိုက်ရာ ယခုအခါ ဒေါ်ခင်ညွန့်မှာ အတော်ပင် ကျန်းမာ နေပြီဖြစ်သည်။

(ရတနသုတ် အနုလုံပဋိလုံစာအုပ် စာမျက်နှာ-၇)

သက္ကရာဇ် (၈၄၂)ခုနှစ် နန်းတက်သော ဒုတိယမင်းခေါင်ဘုရင် နားဖျားမကျန်း ဖြစ်သောအခါ စာဆိုအကျော် အရှင်မဟာရဋ္ဌသာရမထေရ်အား နန်းတော်သို့ ပင့်၍ ရတနသုတ်ပရိတ်ကို နာယူပါသည်၊ စာဆိုရှင်သည် ရတနသုတ်ပရိတ်ပါဠိတော်အပြင် ရတနသုတ်သစ္စာရတုကိုပါ ရွတ်လေသည်၊ ဒုတိယမင်းခေါင်ဘုရင်သည် စာဆိုရှင်ထံမှ ထိုသစ္စာရတုကို ကြားနာပြီးလျှင်ပြီးချင်း နာဖျားရောဂါမှ ထမြောက်၍ ကျန်းမာပကတိ ရှိတော်မူလေသည်။

(ဦးဆန်းထွန်း မန်းတက္ကသိုလ်၏ လိုရာသုံးဂါထာမန္တန်များ-၁၃၆)

**မဇ္ဈိမတိုက်၊ ပြည်ကြီး၌ဝယ်၊ အောင်မြိုက်သာစည်၊ ဝေသာပြည်တွင်၊ သုံးမည် လူ့ဖျား၊ မြတ်ဘုရားလျှင်၊ တရားဒေသနာ၊ မှန်လှစွာသည်၊ မေတ္တာရတနသုတ်၊ အဟုတ်လွှဲ့ဘိ၊ ယံကိဉ္စိကို၊ မုနိရှင်တော်၊ အာနန်ခေါ်၍၊ ဖျော်ဖျော်ရွတ်မန်း၊ ရေစင်ဖျန်းက၊ နေဝန်းရောင်ကျောက်၊ အမိုက်ပျောက်သို့၊ ရောက်တုံအပြား၊ ဘေးသုံးပါးလည်း၊ ထွားထွားညက်ကြေ၊ ပြိမ်းဖူးလေသို့၊ ဟုတ်ပေမှန်စွာ၊ ဤသစ္စာကြောင့်၊ ဖျားနာပျောက်ပြယ်၊ မင်းမြတ်နွယ်သည်၊ လနှယ်လျှင်ဆော၊ ဆန်းစေသော။** *(ရှင်မဟာရဋ္ဌသာရ)*

မန္တလေးမြို့ ဘုရားကြီးတိုက်မှ အဘိဓဇမဟာရဋ္ဌဂုရု သက်တော်ရှည် နယားဆရာတော်ကြီးသည် ရန်ကုန်လာသည့်အခါ လှရတနာကျောင်း မပြီးသေးခင်ကပင် လှရတနာကျောင်း အလယ်ထပ်မှာ တည်းခိုသီတင်းသုံးတော် မူပါသည်၊ စာရေးသူက ပြုစုရ၏၊ ထိုအခါ ဆရာတော်ကြီးက ဤသို့အမိန့်ရှိပါသည်။

" ဦးနာရဒ ဦးနာရဒရဲ့အသက်က ငယ်တယ်၊ ဒါပေမယ့် ကျောင်းကြီးကတော့ ကြီးတယ်၊ ဒီတော့ ပရိတ်ကိုနေ့စဉ် ရွတ်ပေးပါ"

ဤသို့ ဆရာတော်ကြီးရဲ့ တိုက်တွန်းမှုကြောင့် စာရေးသူသည် ရတနသုတ်ပရိတ် ကို အမြဲရွတ်ခဲ့ပါ၏၊ ထိုရတနသုတ်ပရိတ်ကို အမြဲရွတ်ခဲ့မှုကြောင့်ပင် သာသနာရေးကိစ္စ တို့ ဆောင်ရွက်သည့်အခါ အောင်မြင်မှုရရှိခဲ့လေသည်၊ **"သစ္စာအစွမ်း အံ့မခန်း"** ဟူသော ဤစာအုပ်ကို ရေးသားပူဇော်နိုင်ခြင်းသည်ပင် ရတနသုတ်ပရိတ်ရွတ်ရခြင်း၏ ကိုယ်တွေ့ အကျိုးပင် ဖြစ်ပါတော့၏။

ထို့အပြင် မန္တလေးမြို့ မြတောင်တိုက် သမ္မတ စာချကျောင်း ဆရာတော်နှင့် မန္တလေးမြို့မှ ကသာမြို့ဇာတိ ဒကာတစ်ဦး၏ ပြောကြားချက်အရ ရတနသုတ်ကို နေ့စဉ်စွဲမြဲစွာ ရွတ်ဆိုလျှင် မိမိကွယ်လွန်မည့် နေ့ကိုပင် ကြိုတင်၍ သိနိုင်ပေသည်၊ အောက်ပြည်မှ ဒကာကြီးတစ်ဦးနှင့် ကသာမြို့မှ ဒကာမကြီး တစ်ဦးတို့သည် နေ့စဉ် ရတနသုတ်ကို စွဲမြဲစွာ ရွတ်ဆိုကြသဖြင့် ကွယ်လွန်မည့်ရက်ကို ကြိုတင်သိကြကာ သားသမီးတို့အား မှာကြားစရာရှိသည်တို့ကို မှာကြားပြီးမှ ကွယ်လွန်သွားကြပေသည်၊ ရတနသုတ်သည်ကား ဤမျှအထိ အကျိုးကြီးမားလေသည်။ ။

## ပရိတ်တန်ခိုး အကျိုးများစွာ

၁။ ဘုန်းကျက်သရေ၊ ပြည့်ဖြိုးဝေ၊ ရွတ်လေ မင်္ဂလသုတ်။

၂။ ကပ်ကြီးသုံးဖြာ၊ ဘေးကြုံလာ၊ ရွတ်ပါ ရတနသုတ်။

၃။ လူနတ်ပုဂ္ဂိုလ်၊ ချစ်စေလို၊ ရွတ်ဆို မေတ္တာသုတ်။

၄။ မြွေကင်းသစ်ကျား၊ ဘေးကြုံငြား၊ ရွတ်ပွား ခန္ဓသုတ်။

၅။ ချုပ်နှောင်ချုပ်ကပ်၊ ဘေးကြုံလတ်၊ ရွတ်အပ် မောရသုတ်။

၆။ တေဇောအဂ္ဂိ၊ မီးဘေးငြိ၊ ရွတ်ဘိ ဝဋ္ဋသုတ်။

၇။ ရှုံးနိုင်ပြိုင်ပွဲ၊ စစ်ဆင်နွဲ၊ ရွတ်မြဲ ဓဇဂ္ဂသုတ်။

၈။ စုန်းဖုတ်တစ္ဆေ၊ ဘေးကြုံနေ၊ ရွတ်လေ အာဋာနာဋိယသုတ်။

၉။ အမျိုးသမီးများ၊ မီးမဖွား၊ ရွတ်ပွား အင်္ဂုလိမာလသုတ်။

၁၀။ မကျန်းမမာ၊ ရှိသောခါ၊ ရွတ်ပါ ဗောဇ္ဈင်္ဂသုတ်။

၁၁။ တိတ်နိမိတ်များ၊ မကောင်းငြား၊ ရွတ်ထား ပုဗ္ဗဏှသုတ်။

## ပရိတ်တော် ရွတ်ဖတ်ရကျိုးများ

အစိန္တေယျ၊ ဂုဏ်ပေါင်းခသည့် လောကတန်ဆောင်၊ ငါးမာရ်အောင်ဟု၊ ဘုန်းရောင်လျှံ ကြွား၊ ရှင်တော်ဘုရား၏ ဟောကြားညွှန်ပြီး ပရိတ်ကြီးလာ အကျိုးမှာကား -

(၁) မဟာမင်္ဂလသုတ်၊ ကျိုးညွှန့်ထုတ်သော်၊ လောကုတ်လောကီ၊ နှစ်လီမင်္ဂလာ၊ ချမ်းသာကောင်းကျိုး၊ ရွှာသွန်းမိုးသို့၊ ဓွေဖြိုးလျှံပ၊ တိုးပွားလှ၏။

(၂) ရတနသုတ်မြတ်၊ သုံးကြိမ်ဖတ်က၊ သတ်ဖြတ်ခန္ဓာ၊ ရောဂါဥပဒ်၊ ငတ်မွတ်ခေါင်း ပါး၊ ကပ်သုံးပါးတို့ ရှောင်ရှားပြေးကြ၊ ငြိမ်းအေးလှ၏။

(၃) မေတ္တသုတ်မှာ၊ ဒေဝါနတ်များ၊ ချစ်ခင်ပွား၍၊ ဆိုးရွားအိပ်မက်၊ မမြင်မက်ဘဲ၊ အိပ်စက်နိုးထ၊ ချမ်းသာရလျက်၊ ရန်စရန်ငြောင့်၊ မြန်ပျောက်လိုက၊ ရွတ်ကြ အဟုတ်၊ ခုနှစ်အုပ်တည်း။

(၄) ခန္ဓသုတ်မွန်၊ ဆိပ်ထန်ဆိုးရွား၊ မြွေကင်းများနှင့်၊ သစ်ကျား၊ ဝံ၊ အောင်း၊ သားရဲ ပေါင်းတို့၊ ကွာရှောင်ဝေးရာ၊ ဖဲသွား ခွာအောင်၊ ရွတ်ပါနေ့ည၊ ကိုးကြိမ်ပတည်း။

(၅) မောရသုတ်မှာ၊ ရာဇဝတ်ဘေး၊ ပြေး၍မလွတ်၊ မချွတ်ရောက်ငြား၊ ရင်ဆိုင်ထား သော်၊ စိတ်အား မပျက်၊ နေထွက်နေဝင်၊ မြလျှင်မပြတ်၊ ရွတ်ဆို အပ်၏။

(၆) ဝဋ္ဋသုတ်မှာ၊ ရွာမီး၊ မြို့မီး၊ တောမီးမကျန်၊ မီးဘေး ရန်မှ၊ အမှန်မုချ၊ ကင်းဝေးရ၏။

(၇) ဓဇဂ္ဂသုတ်မှာ၊ ပြင်းစွာ ကြောက်လှ၊ တုန်လှုပ်ကြ၍၊ စိတ်က ချောက်ချား၊ ထိတ်လန့်များလျက်၊ ကြောက်အားဖိစီး၊ ကြက်သီးဖြန်းလာ၊ ရွတ်ဆိုရာ၏။

(၈) အာဋာနာဋိယ၊ ရွတ်ဖတ်ကြလေ၊ တစ္ဆေ့၊ မှင်စာ၊ မာတြာ၊ မြေဖုတ်၊ ဖုတ်၊ သဘက်၊ ကျွတ်၊ နတ်ဆိုး မကျန်၊ ကုမ္ဘဏ်၊ ဘီလူး၊ ထူးထူးနှောင့်ယှက်၊ နှိပ်စက်မရှိ၊ ချမ်းသာ ဘိ၏။

(၉) အင်္ဂုလိမာလ၊ သုတ်အရမူ၊ မိန်းမဝမ္ပတာ၊ မီးဖွားခါနီး၊ ဆင်းရဲကြီးက၊ မညည်း သန့်စင်၊ ဖွားမြင်စေလို၊ ရေကိုသုံးခါ၊ စစ်ပြီးခါမှ၊ ခုနှစ်ခါမန်းတိုက်၊ ကိုယ်၌ စွဲဝင်၊ ဘေးဘျမ်းစင်၏။

(၁၀) ဗောဇ္ဈင်သုတ်မြတ်၊ သုံးကြိမ်ဖတ်မူ၊ စွဲလတ်ရောဂါ၊ ဝေဒနာမှာ၊ ပိန်းကြာဖက်တွင်၊ ရေမတင်သို့၊ ကြည်လင်အေးမြ၊ ချမ်းသာရ၏။

(၁၁) ပုဗ္ဗဏှသုတ်၊ ရွတ်ဖတ်ဆိုသော်၊ ဂြိုဟ်စီးဂြိုဟ်နင်း၊ ဆိုးရွားကင်းရှင်း၊ နိမ့်ဆင်း ကြမ္မာ၊ ဆိုးဒသာနှင့် ဇာတာစန်းလဂ်၊ ညှိုးနွမ်းချက်မှ၊ ဆက်ဆက်မုချ၊ လွတ်ကင်း ကြသည်၊ ဒိဋ္ဌလက်ငင်း၊ ကောင်းကျိုးတည်း။

❊❊❊❊❊

## (၅) အဂ္ဂပသာသုတ္တန်ပါဠိတော်နှင့် မြန်မာပြန်

### အဂ္ဂပ္ပသာဒသုတ္တန် ပါဠိတော်

စတ္တာရောမေ ဘိက္ခဝေ အဂ္ဂပ္ပသာဒါ။ ကတမေ စတ္တာရော ယာဝတာ ဘိက္ခဝေ သတ္တာ အပဒါ ဝါ ဒွိပဒါ ဝါ စတုပ္ပဒါ ဝါ ဗဟုပ္ပဒါ ဝါ ရူပိနော ဝါ အရူပိနော ဝါ သညိနော ဝါ အသညိနော ဝါ နေဝသညိနာသညိနော ဝါ၊ တထာဂတော တေသံ အဂ္ဂမက္ခာယတိ အရဟံ သမ္မာသမ္ဗုဒ္ဓေါ။ ယေ ဘိက္ခဝေ ဗုဒ္ဓေ ပသန္နာ၊ အဂ္ဂေ တေ ပသန္နာ၊ အဂ္ဂေ ခေါ ပန ပသန္နာနံ အဂ္ဂေါ ဝိပါကော ဟောတိ။

ယာဝတာ ဘိက္ခဝေ ဓမ္မာ သင်္ခတာ၊ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ တေသံအဂ္ဂမက္ခာယတိ။ ယေ ဘိက္ခဝေ အရိယေ အဋ္ဌင်္ဂိကေ မဂ္ဂေ ပသန္နာ၊ အဂ္ဂေ တေ ပသန္နာ၊ အဂ္ဂေ ခေါ ပန ပသန္နာနံ အဂ္ဂေါ ဝိပါကော ဟောတိ။

ယာဝတာ ဘိက္ခဝေ ဓမ္မာ သင်္ခတာ ဝါ အသင်္ခတာ ဝါ၊ ဝိရာဂေါ တေသံ အဂ္ဂမက္ခာယတိ၊ ယဒိဒံ မဒနိမ္မဒနော ပိပါသဝိနယော အာလယသမုဂ္ဃာတော ဝဋ္ဋုပစ္ဆေဒေါ တဏှာက္ခယော ဝိရာဂေါ နိရောဓော နိဗ္ဗာနံ။ ယေ ဘိက္ခဝေ ဝိရာဂေ ဓမ္မေ ပသန္နာ၊ အဂ္ဂေ တေ ပသန္နာ၊ အဂ္ဂေ ခေါ ပန ပသန္နာနံ အဂ္ဂေါ ဝိပါကော ဟောတိ။

ယာဝတာ ဘိက္ခဝေ သံဃာ ဝါ ဂဏာ ဝါ၊ တထာဂတသာဝကသံဃော တေသံ အဂ္ဂမက္ခာယတိ၊ ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌ ပုရိသပုဂ္ဂလာ၊ ဧသ ဘဂဝတော သာဝကသံဃော အာဟုနေယျော ပါဟုနေယျော ဒက္ခိဏေယျော အဉ္ဇလိကရဏီယော အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။ ယေ ဘိက္ခဝေ သံဃေပသန္နာ၊ အဂ္ဂေ တေ ပသန္နာ၊ အဂ္ဂေ ခေါ ပန ပသန္နာနံ အဂ္ဂေါ ဝိပါကော ဟောတိ။ ဣမေ ခေါ ဘိက္ခဝေ စတ္တာရော အဂ္ဂပ္ပသာဒါတိ။

၁။ အဂ္ဂတော ဝေ ပသန္နာနံ၊ အဂ္ဂံ ဓမ္မံ ဝိဇာနတံ။
အဂ္ဂေ ဗုဒ္ဓေ ပသန္နာနံ၊ ဒက္ခိဏေယျေ အနုတ္တရေ။
၂။ အဂ္ဂေ ဓမ္မေ ပသန္နာနံ၊ ဝိရာဂူပသမေ သုခေ။
အဂ္ဂေ သံဃေ ပသန္နာနံ၊ ပုညက္ခေတ္တေ အနုတ္တရေ။
၃။ အဂ္ဂသ္မိံ ဒါနံ ဒဒတံ၊ အဂ္ဂံ ပုညံ ပဝဍ္ဎတိ။
အဂ္ဂံ အာယု စ ဝဏ္ဏော စ၊ ယသော ကိတ္တိ သုခံ ဗလံ။
၄။ အဂ္ဂဿ ဒါတာ မေဓာဝီ၊ အဂ္ဂဓမ္မသမာဟိတော။
ဒေဝဘူတော မနုဿော ဝါ၊ အဂ္ဂပ္ပတ္တော ပမောဒတီတိ။

*(အံ-၁၊ ၃၄၃)*

၅။ တဒေဝ ဝစနံ သစ္စံ၊ ဘဂဝန္တံ နမာမဟံ။
ဧတေန သစ္စပုညေန၊ စိန္တာ မယှံ သမိဇ္ဈတံ။
၆။ တဒေဝ ဝစနံ သစ္စံ၊ အဂ္ဂဓမ္မံ နမာမဟံ။
ဧတေန သစ္စပုညေန၊ စိန္တာ မယှံ သမိဇ္ဈတံ။
၇။ တဒေဝ ဝစနံ သစ္စံ၊ အဂ္ဂသံဃံ နမာမဟံ။
ဧတေန သစ္စပုညေန၊ စိန္တာ မယှံ သမိဇ္ဈတံ။ *(ရစနာဂါထာ)*

## အဂ္ဂပ္ပသာဒသုတ် မြန်မာပြန်

ရဟန်းတို့ အမြတ်တို့၌ ကြည်ညိုခြင်းတို့သည် ဤလေးမျိုးတို့တည်း၊ အဘယ်လေးမျိုးတို့နည်း ဟူမူ-ရဟန်းတို့ အခြေမရှိသော သတ္တဝါ အခြေနှစ်ချောင်းရှိသောသတ္တဝါ အခြေလေးချောင်းရှိသော သတ္တဝါ များသောအခြေရှိသောသတ္တဝါ ရုပ်ရှိသတ္တဝါ၊ ရုပ်မဲ့သတ္တဝါ၊ သညာရှိသတ္တဝါ၊ သညာမဲ့သတ္တဝါ ရုန့်ရင်းသောသညာကားမရှိ သိမ်မွေ့သောသညာမရှိသည်မဟုတ်သော သတ္တဝါအားလုံးတို့ထက် ပူဇော် အထူးကိုခံတော်မူထိုက်သော (အလုံးစုံသော တရားတို့ကို)

ကိုယ်တိုင် မှန်စွာသိတော်မူသော မြတ်စွာ ဘုရားကို အမြတ်ဆုံးဟု ဆိုထိုက်၏။ ရဟန်းတို့မြတ်စွာဘုရား၌ ကြည်ညိုသောသူတို့သည် အမြတ်၌ ကြည်ညိုသည်မည်ကုန်၏။ အမြတ်၌ ကြည်ညိုသော သူတို့အား မြတ်သောအကျိုးသည် ဖြစ်၏။

ရဟန်းတို့ အပြုပြင်ခံ"သင်္ခတ"တရား ရှိသမျှတို့ထက် အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ကို အမြတ်ဆုံးဟုဆိုထိုက်၏။ ရဟန်းတို့ အင်္ဂါရှစ်ပါးရှိသော အရိယမဂ်၌ ကြည်ညိုကုန်သော သူတို့သည် အမြတ်၌ ကြည်ညိုသည်မည်ကုန်၏။ အမြတ်၌ကြည်ညိုကုန်သော သူတို့အား မြတ်သော အကျိုးသည် ဖြစ်၏။

ရဟန်းတို့ အပြုပြင်ခံ'သင်္ခတ'တရား အပြုပြင်ကင်း'အသင်္ခတ' တရား ရှိသမျှတို့ထက် ရာဂဟူသော ယစ်ခြင်းကင်းရာ ရာဂဟူသော မွတ်သိပ်ခြင်းကို ပယ်ဖျောက်ရာ အတွယ်အတာကို ပယ်ခွါရာ ဝဋ်(မြစ်) ပြတ်ရာ တဏှာကုန်ရာ ကင်းပြတ်ရာချုပ်ရာ ငြိမ်းအေးရာနိဗ္ဗာန်ကို အမြတ်ဆုံးဟုဆိုထိုက်၏။ ရဟန်းတို့ နိဗ္ဗာန်တရား၌ ကြည်ညိုသော သူတို့သည် အမြတ်၌ ကြည်ညိုသည်မည်ကုန်၏။ အမြတ်၌ကြည် ညိုသော သူတို့အားမြတ်သောအကျိုးသည် ဖြစ်၏။

ရဟန်းတို့ အပေါင်း'သံဃာ' ဂိုဏ်း'ဂဏ'ရှိသမျှတို့ထက် (အရပ်ဝေးမှ)ဆောင်လာ၍သော်လည်း ပေးလှူပူဇော်ရန် ထိုက်ကုန်သော ဧည့်သည်တို့အလို့ငှာစီမံထားသော ဝတ္ထုကိုသော် လည်း ပေးလှူပူဇော်ရန် ထိုက်ကုန်သော တမလွန်အတွက် ရည်မြော် သော အလှူကိုခံထိုက်ကုန်သော လက်အုပ် ချီခြင်းငှာထိုက်ကုန်သော သတ္တဝါ အပေါင်း၏ ကောင်းမှုပြုရန် အမြတ်ဆုံးလယ်မြေဖြစ်ကုန်သော အစုံအားဖြင့် လေးစုံ ပုဂ္ဂိုလ်အားဖြင့်ရှစ်ပါး အရေအတွက်ရှိသော

မြတ်စွာဘုရား၏ တပည့်သားသံဃာကို အမြတ်ဆုံးဟု ဆိုထိုက်၏။ ရဟန်းတို့ မြတ်စွာဘုရား၏တပည့်သံဃာ၌ ကြည်ညိုသော သူတို့သည် အမြတ်၌ ကြည်ညိုသည်မည်ကုန် ၏။ အမြတ်၌ ကြည်ညိုကုန်သော သူတို့အားမြတ်သော အကျိုးသည်ဖြစ်၏။ ရဟန်းတို့ အမြတ်၌ ကြည်ညိုခြင်းတို့သည် ဤလေးမျိုးတို့တည်း ဟု(မိန့်တော်မူ၏)။

မြတ်သော(ရတနာသုံးပါး၏) ဂုဏ်ကို သိကုန်သည် ဖြစ်၍ အမြတ်(ရတနာသုံးပါး)၌ စင်စစ် ကြည်ညိုသူတို့အားငှင်း အတုမရှိမြတ်သော အလှူကို ခံထိုက်သော မြတ်သောဘုရား၌ ကြည်ညိုကုန်သော သူတို့အားငှင်း တပ်မက်ခြင်း"ရာဂ"ကင်းရာ ငြိမ်းအေးရာဖြစ်သော ချမ်းသာကြောင်းဖြစ်သော မြတ်သော တရား၌ ကြည်ညိုကုန်သူတို့အားငှင်း ကောင်းမှုပြုရန် အမြတ်ဆုံး လယ်မြေဖြစ်သော မြတ်သောသံဃာ၌ ကြည်ညိုကုန်သူတို့အားငှင်း အမြတ်(ရတနာသုံးပါး)၌ အလှူကို ပေးလှူသူတို့အားငှင်း မြတ်သော ကောင်းမှုသည် တိုးပွား၏။ မြတ်သောအသက်ရှည်ခြင်းသည်ငှင်း အဆင်းလှခြင်းသည်ငှင်း၊ အခြံအရံများခြင်းသည်ငှင်း ကျော်ဇောခြင်းသည်ငှင်း ချမ်းသာခြင်းသည်ငှင်း ကိုယ်အားဉာဏ်အား သည်ငှင်း တိုးပွား၏။

မြတ်သော ဂုဏ်တရားနှင့် ပြည့်စုံသော မြတ်သော ရတနာသုံးပါးအား ပေးလှူတတ်သော ပညာရှိသော နတ်ဖြစ်စေ လူဖြစ်စေ အမြတ်သို့ ရောက်သည်ဖြစ်၍ မွေ့လျော်ရလေသတည်း။

✻✻✻✻✻

## ကျေးဖူးရှင် ပထမဓမ္မနာဒ ဆရာတော် ဦးပညာစက္ကု၏နည်း

### (၆) ရတနာသုတ် ပဋိလုံ ပါဠိတော်

၁။ ယာနီ+ဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ၊
တထာဂတံ ဒေဝမနုဿပူဇိတံ၊
သံဃံ နမဿာမ သုဝတ္ထိ ဟောတု။

၂။ ယာနီ+ဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ၊
တထာဂတံ ဒေဝမနုဿပူဇိတံ၊
ဓမ္မံ နမဿာမ သုဝတ္ထိ ဟောတု။

၃။ ယာနီ+ဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ၊
တထာဂတံ ဒေဝမနုဿပူဇိတံ၊
ဗုဒ္ဓံ နမဿာမ သုဝတ္ထိ ဟောတု။

၄။ ခီဏံ ပုရာဏံ နဝ နတ္ထိ သမ္ဘဝံ၊
ဝိရတ္တစိတ္တာ ယတိကေ ဘဝသ္မိံ၊
တေ ခီဏဗီဇာ အဝိရူဠ္ဟိဆန္ဒာ၊
နိဗ္ဗန္တိ ဓီရာ ယထာယံ ပဒီပေါ၊
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၅။ ဝရော ဝရညူ ဝရဒေါ ဝရာဟရော၊
အနုတ္တရော ဓမ္မဝရံ အဒေသယိ။
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၆။ ဝနပ္ပဂုမ္ဗေ ယထာ ဖုဿိတဂ္ဂေ၊
ဂိမှာန မာသေ ပဌမသ္မိံ ဂိမှေ။
တထူပမံ ဓမ္မဝရံ အဒေသယိ၊
နိဗ္ဗာနဂါမိံ ပရမံ ဟိတာယ။
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၇။ ကိဉ္စာပိ သော ကမ္မ ကရောတိ ပါပကံ၊
ကာယေန ဝါစာ ဥဒ စေတသာ ဝါ။
အဘဗ္ဗ သော တဿ ပဋိစ္ဆဒါယ၊
အဘဗ္ဗတာ ဒိဋ္ဌပဒဿ ဝုတ္တာ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၈။ သဟာဝ+ဿ ဒဿနသမ္ပဒါယ၊
တယ+ဿု ဓမ္မာ ဇဟိတာ ဘဝန္တိ။
သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆိတဉ္စ၊
သီလဗ္ဗတံ ဝါပိ ယဒတ္ထိ ကိဉ္စိ။

၉။ စတူဟပါယေဟိ စ ဝိပ္ပမုတ္တော၊
ဆစ္စာဘိဌာနာနိ အဘဗ္ဗ ကာတုံ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၀။ ယေ အရိယသစ္စာနိ ဝိဘာဝယန္တိ၊
ဂမ္ဘီရပညေန သုဒေသိတာနိ။
ကိဉ္စာပိ တေ ဟောန္တိ ဘုသံ ပမတ္တာ၊
န တေ ဘဝံ အဋ္ဌမ မာဒိယန္တိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၁။ ယထိန္ဒခီလော ပထဝိံသိတော သိယာ၊
စတုဗ္ဘိ ဝါတေဟိ အသမ္ပကမ္ပိယော။
တထူပမံ သပ္ပုရိသံ ဝဒါမိ၊
ယော အရိယသစ္စာနိ အဝေစ္စ ပဿတိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၂။ ယေ သုပ္ပယုတ္တာ မနသာ ဒဠှေန၊
နိက္ခာမိနော ဂေါတမသာသနမှိ။
တေ ပတ္တိပတ္တာ အမတံ ဝိဂယှ၊
လဒ္ဓါ မုဓာ နိဗ္ဗုတိံ ဘုဉ္ဇမာနာ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၃။ ယေ ပုဂ္ဂလာ အဋ္ဌ သတံ ပသတ္ထာ၊
စတ္တာရိ ဧတာနိ ယုဂါနိ ဟောန္တိ။
တေ ဒက္ခိဏေယျာ သုဂတဿ သာဝကာ၊
ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊

ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၄။ ယံ ဗုဒ္ဓသေဋ္ဌော ပရိဝဏ္ဏယီ သုစိံ၊
သမာဓိ+မာနန္တရိက+ည+မာဟု။
သမာဓိနာ တေန သမော န ဝိဇ္ဇတိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၅။ ခယံ ဝိရာဂံ အမတံ ပဏီတံ၊
ယဒဇ္ဈဂါ သကျမုနီ သမာဟိတော။
န တေန ဓမ္မေန သမတ္ထိ ကိဉ္စိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၆။ ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၇။ ယာနီ+ဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
သဗ္ဗေဝ ဘူတာ သုမနာ ဘဝန္တု၊
အထောပိ သက္ကစ္စ သုဏန္တု ဘာသိတံ။

၁၈။ တသ္မာ ဟိ ဘူတာ နိသာမေထ သဗ္ဗေ၊
မေတ္တံ ကရောထ မာနုသိယာ ပဇာယ။
ဒိဝါ စ ရတ္တော စ ဟရန္တိ ယေ ဗလိံ၊
တသ္မာ ဟိ နေ ရက္ခထ အပ္ပမတ္တာ။
ရတနာသုတ် ပဋိလုံ ပါဠိတော် ပြီး၏။

❊❊❊❊❊

## သစ္စာစွမ်းအင်များ

### (၇) "သစ္စပါရမိတာ ပါဠိတော်များ"

၁။ ဇိနော ပါရမိံ ပူရေတွာ၊ ဗုဒ္ဓေါ ဟုတွာ နရုတ္တမော။
လောကာဘိဝုဍ္ဎိံ ကတွာန၊
ဂ္ဂတော သော သုဂတော ဂတော။
၂။ တဿ ဓမ္မာစ သံဃောစ လောကေ ဒိပ္ပတိ ပတ္တဓော။
သဗ္ဗါ ပဝတ္တသမ္ပတ္တိံ၊ တိလောကဿ ဒဒံ သဒါ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

ဘဂဝါ ဟိ မဟာဗောဓိသတ္တကာလေစ အဘိသမ္ဗုဒ္ဓကာလေ စ သစ္စပါရမိံ ပူရေသိ၊ သစ္စကိရိယံ ကတွာ အပရိမာဏေ သတ္တေ အပရိမာဏဒုက္ခတော မောစေတွာ အပရိမာဏသုခေ ပတိဋ္ဌာပေသိ၊ တတ္ထ ကပိရာဇတာလေ သစ္စတာပသကာလေ ဝဋ္ဋပေါတကကာလေ မစ္ဆရာဇကာလေ ကဏှဒီပါယနကာလေ သုပ္ပါရက ပဏ္ဍိတကာလေတိ ဧဝမာဒိသု

သစ္စပါရမိယာ ပူရိတတ္တာဘာဝါနံ ပရိမာဏံ နာမနတ္ထိ၊ ကေန္တေန ပနဿ မဟာသုတသောမကာလေ။

၃။ သစ္စဝါစံ အနုရက္ခန္တော၊ စဇိတွာ မမ ဇီဝိတံ။
မောစေသိံ ဧကသတံ ခတ္တိယေ၊
သော မေ သစ္စပါရမီတိ ဧဝံ ဇီဝိတံ စဇိတွာ သစ္စဝါစံ အနုရက္ခန္တဿ သစ္စပါရမိတာ ပရမတ္ထပါရမီနာမ ဇာတာ။ အဘိသမ္ဗုဒ္ဓတာလေပိ ဘဂဝါ တိဏ္ဏံ ဒုစ္စရိကွ အမနုဿ ရောဂဘယေဟိ ဥပဒ္ဒုတာယ ဝေသာလိယာ ရတနသုတ္တေန ဖွါဒသက္ကတ္တုံ သစ္စကိရိယံ ကတွာ ဘယံ ဝူပသမေသိ၊ သောတ္ထိ အကာသိ၊ ဧတေနသစ္စဝဇ္ဇေန ဟောတုမေ ဇယမင်္ဂလံ။

၄။ သစ္စေန ဝါစေနုဒကမ္ဘိ° ဓာဝတိ^၂၊
ဝိသမ္ပိ သစ္စေန ဟနန္တိ ပဏ္ဍိတာ။
သစ္စေန ဒေဝေါ ထနယံ ပဝဿတိ၊
သစ္စေ ဋ္ဌိတာ နိဗ္ဗုတိံ ပတ္ထယန္တိ။

၅။ ယေ ကေစိမေ အတ္ထိ ရသာ ပထဗျာ၊
သစ္စံ တေသံ သာဓုတရံ ရသာနံ။
သစ္စေ ဋ္ဌိတာ သမဏဗြာဟ္မဏာ စ၊
တရန္တိ ဇာတိမရဏဿ ပါရန္တိ^၃။(သံယုတ်အဋ္ဌကထာ)

၆။ သဟာသစ္စေ ကတေ မယှံ၊ မဟာပဗ္ဗလီတော သိခီ။
ဝဇ္ဇေသိ သောဠသကရီသာနိ၊
ဥဒကံ ပတွာ ယထာ သိခီ၊
သစ္စေန မေ သမော နတ္ထိ၊ သော မေ သစ္စပါရမီတိ။
*(ဝဋ္ဋပေါတကစရိယ)*

၈။ ယတော သရာမိ အတ္တာနံ၊
ယတော ပတ္တောသ္မိ ဝိညုတံ။
နာဘိဇာနာမိ သဉ္စိစ္စ၊ ဧကပါဏမ္ပိ ဟိံသိတံ။

၉။ ဧတေန သစ္စဝဇ္ဇေန၊ ပဇ္ဇုန္နော အဘိဝဿတု။
အဘိတ္ထနယ ပဇ္ဇုန္န၊ နိဓိံ ကာကဿ နာသယ။
ကာကံ သောကာယ ရန္ဓေဟိ၊
မဉ္စ သောကာ ပမောစယ။

၁၀။ သဟ ကတေ သစ္စဝရေ၊ ပဇ္ဇုန္နော အဘိဂဇ္ဇိယ။
ထလံ နိန္နဉ္စ ပူရေန္တော၊ ခဏေန အဘိဝဿထ။

၁၁။ ဧဝရူပံ သစ္စဝရံ၊ ကတွာ ဝီရိယမုတ္တမံ။
ဝဿပေသိ မဟာမေဃံ၊ သစ္စတေဇဗလဿိတော။
သစ္စေန မေ သမော နတ္ထိ၊ ဧသာ မေ သစ္စပါရမီတိ။

(မစ္ဆရာဇစရိယ)

၁၂။ သတ္တာဟမေဝါဟံ ပသန္နစိတ္တော၊
ပုညတ္ထိကော အစရိံ ဗြဟ္မစရိယံ။
အထာပရံ ယံ စရိတံ မမေဒံ၊
ဝဿနိ ပညာသသမာဓိကာနိ။

၁၃။ အကာမကော ဝါဟိ အဟံ စရာမိ။
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
ဟတံ ဝိသံ ဇီဝတု ယညဒတ္တော။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ နာဝါ နိဝတ္တတု။

(သုပ္ပါရကဇာတ်)

၁၄။ သဟ သစ္စေ ကတေ မယှံ၊ ဝိသဝေဂေန ဝေဓိတော၊
အဗုဇ္ဈိတွာန ဝုဋ္ဌာသိ၊ အရောဂေါ စာသိ မာဏဝေါ။
သစ္စေန မေ သမော နတ္ထိ၊ ဧသော မေ သစ္စပါရမီတိ။
*(ကဏှဒီပါယနစရိယ)*

၁၅။ သစ္စော စာဂီ ဥပသန္တော၊ ပညဝါ အနုကမ္ပကော။
သမ္ဘတ သဗ္ဗသမ္ဘာရော၊ ကံ နာမတ္ထံ န သာဓယေ။

၁၆။ မဟာကာရုဏိကော သတ္ထာ၊
ဟိတေသီ စ ဥပေက္ခကော။
နိရပေက္ခော စ သဗ္ဗတ္ထ၊ အဟော အစ္ဆရိယော ဇိနော။
သစ္စေ ဋ္ဌိတာ သမဏဗြာဟ္မဏာ စ၊
တရန္တိ ဇာတိမရဏဿ ပါရန္တိ?။ *(သံယုတ်အဋ္ဌကထာ)*

၁၇။ သစ္စော စာဂီ ဥပသန္တော၊ ပညဝါ အနုကမ္ပကော။
သမ္ဘတ သဗ္ဗသမ္ဘာရော၊ ကံ နာမတ္ထံ န သာဓယေ။

၁၈။ ဝိရတ္တော သဗ္ဗဓမ္မေသု၊ သတ္တေသု စ ဥပေက္ခကော။
သဒါ သတ္တဟိတေ ယုတ္တော၊
အဟော အစ္ဆရိယော ဇိနော။

၁၉။ သဗ္ဗဒါ သဗ္ဗသတ္တာနံ၊ ဟိတာယ စ သုခါယ စ။
ဥယျုတ္တော အကိလာသု စ၊
အဟော အစ္ဆရိယော ဇိနော တိ။ *(စရိယာပိဋကဋ္ဌကထာ)*

## (၈) “ ပါဠိပိဋကာ ဝတ္ထုလာ သစ္စာပြုဂါထာများ”.

၁။ အာပါဏကောဋိံ ဗုဒ္ဓဿ၊ သရဏံ နော ဂတာ ယဒိ။
တေနသစ္စေန ယံ ဓာတု၊ ဒဿေတု ပါဋိဟာရိယံ။

၂။ အာပါဏကောဋိံ ဓမ္မဿ၊ သရဏံ နော ဂတာ ယဒိ။
တေနသစ္စေန ယံဓာတု၊ ဒသေတု ပါဋိဟာရိယံ။

၃။ အာပါဏကောဋိံ သံဃဿ၊ သရဏံ နော ဂတာ ယဒိ။
တေနသစ္စေန ယံဓာတု၊ ဒသေတု ပါဋိဟာရိယံ။

၄။ ရာမကာလေ မုနိန္ဒဿ၊ ပါဒုကာစာသိ အဗ္ဘုတာ။
တေနသစ္စေန ယံဓာတု၊ ဒသေတု ပါဋိဟာရိယံ။

၅။ ဆဒ္ဒန္တကာလေ မုနိနော၊ ဒါဌာ ဆရံသိရဉ္ဇိတာ။
တေနသစ္စေန ယံဓာတု၊ ဒသေတု ပါဋိဟာရိယံ။

၆။ ဇာတမတ္တော တဒါ ဗုဒ္ဓေါ၊ ဌိတော ပင်္ကဇမုဒ္ဒနီ။
နိစ္ဆာရေသာသဘိံဝါစံ၊ အဂ္ဂေါ သေဋ္ဌောတိ အာဒိနာ။
တေနသစ္စေန ယံဓာတု၊ ဒသေတု ပါဋိဟာရိယံ။

၇။ နိမိတ္တေ စတုရော ဒိသွာ၊ နိက္ခန္တော အဘိနိက္ခမံ။
တေနသစ္စေန ယံဓာတု၊ ဒသေတု ပါဋိဟာရိယံ။

၈။ မာရသေနံ ပလာပေတွာ၊ နိသိန္နော ဗုဒ္ဓ ဗောဓိယံ။
တေနသစ္စေန ယံဓာတု၊ ဒသေတု ပါဋိဟာရိယံ။

၉။ ဓမ္မစက္ကံ ပဝတ္တေတိ၊ ဇိနော သိပတနေ တဒါ။
တေနသစ္စေန ယံဓာတု၊ ဒသေတု ပါဋိဟာရိယံ။

၁၀။ နန္ဒောပနန္ဒ ဘောဂိန္ဒံ၊ နာဂံ နာဠာဂိရိဝှယံ။
အာဠာဝကာဒယော ယက္ခေ၊ ဗြဟ္မာနော စ ဗကာဒယော။

၁၁။ သစ္စကာဒိနိဂဏ္ဌေ စ၊ ကူဋဒန္တာဒယော ဒိဇေ။
ဒမေသိ တေနသစ္စေန၊ ဒသေတု ပါဋိဟာရိယံ။

၁၂။ ဖုဋ္ဌောပိ ပါဒေန ဇိနဿ ဇဝံ၊
ကလိင်္ဂရော ပါသိ မဟာနုဘာဝေါ။
လောကေက နာထဿ အနာသဝဿ၊
မဟာနုဘာဝေါ ဟိ အစိန္တနီယောတိ။

## (၉) "ရတနာသုံးပါးနှင့်စပ်သော သစ္စာပြုပုံများ"

(က) ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရော ပုရိသဒမ္မသာရထိ သတ္ထာ ဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါ။

၁။ နတ္ထိ မေ သရဏံ အညံ၊ ဗုဒ္ဓေါ မေ သရဏံ ဝရံ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝမုန်၊ ဟောတု မေ သုခဝမုန်။

(ခ) ဓမ္မံ သရဏံ ဂစ္ဆာမိ။

သွာက္ခာတော ဘဂဝတာ ဓမ္မော၊ သန္ဒိဋ္ဌိကော အကာလိကော ဧဟိပဿိကော ဩပနေယျိကော ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

၂။ နတ္ထိ မေ သရဏံ အညံ၊ ဓမ္မော မေ သရဏံ ဝရံ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝမုန်၊ ဟောတု မေ သုခဝမုန်။

(ဂ) သံဃံ သရဏံ ဂစ္ဆာမိ။

သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဉာယပ္ပဋိ ပန္နော ဘဂဝတော သာဝကသံဃော၊ သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌ ပုရိသပုဂ္ဂလာ၊ ဧသ ဘဂဝတော သာဝကသံဃော၊ အာဟုနေယျော၊ ပါဟုနေယျော၊ ဒက္ခိဏေယျော၊ အဉ္ဇလိကရဏီယော၊ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

၃။ နတ္ထိ မေ သရဏံ အညံ၊ သံဃော မေ သရဏံ ဝရံ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝမုန်၊ ဟောတု မေ သုခဝမုန်။

၄။ နမောတေ ဗုဒ္ဓ ဝီရတ္ထု၊ ဝိပ္ပမုတ္တောသိ သဗ္ဗဓိ
သမ္ဗာဓ ပဋိပန္နောသ္မိ၊ တဿမေ သရဏံ ဘဝ။
တထာဂတံ အရဟန္တံ၊ နာရဒေါ သရဏံ ဂတော။
ရာဟု နာရဒံ ပမုဉ္စသု ဗုဒ္ဓါ လောကာနုကမ္ပကာ။
၅။ န ဘိက္ခာအန္တရာယောပိ၊ ကာတုံ ဗုဒ္ဓဿ ကေနစိ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတု မေ သုခဝဍ္ဎနံ။
၆။ န ဇီဝိတန္တရာယောပိ၊ ကာတုံ ဗုဒ္ဓဿ ကေနစိ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတု မေ သုခဝဍ္ဎနံ။
၇။ န ရသ္မိအန္တရာယောပိ၊ ကာတုံ ဗုဒ္ဓဿ ကေနစိ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတု မေ သုခဝဍ္ဎနံ။
၈။ န ဉာဏအန္တရာယောပိ၊ ကာတုံ ဗုဒ္ဓဿ ကေနစိ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတု မေ သုခဝဍ္ဎနံ။
၉။ ဗုဒ္ဓေါ အဘိဇ္ဇကာယောဝ၊ နတ္ထိ လောဟိတသူဒနံ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတု မေ သုခဝဍ္ဎနံ။
၁၀။ တိဒ္ဓေယျာနေကဝဿမ္ပိ၊ သမာပန္နော ဝိနာယကော။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတု မေ သုခဝဍ္ဎနံ။

၁၁။ သဒ္ဓါ မေ ဗုဒ္ဓသေဋ္ဌမှိ၊ သံသယော နတ္ထိ သဗ္ဗဒါ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတု မေ သုခဝဍ္ဎနံ။

၁၂။ သဒ္ဓါ မေ ဓမ္မသေဋ္ဌမှိ၊ သံသယော နတ္ထိ သဗ္ဗဒါ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတု မေ သုခဝဍ္ဎနံ။

၁၃။ သဒ္ဓါ မေ သံဃသေဋ္ဌမှိ၊ သံသယော နတ္ထိ သဗ္ဗဒါ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎနံ၊ ဟောတု မေ သုခဝဍ္ဎနံ။

❃❃❃❃❃

## မဇ္ဈိမတစ်ခွင် ဗုဒ္ဓဂယာခရီးစဉ်
## (၇-ည/၈-ရက်) ဟိုတယ်သီးသန့်

**Day-1** ရန်ကုန်-ဗုဒ္ဓဂယာ (လေယာဉ်) (၂၉-၁၀-၂၀၁၆)

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ( MNA )လေကြောင်းလိုင်းဖြင့် နံနက်(၁၀)နာရီ တွင် စတင်ထွက်ခွာပြီး နေ့လည် (၁၁:၂၀)တွင် အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာသို့ ရောက်ရှိပါမည်။ ဂယာသို့ ရောက်ရှိပြီး ဟိုတယ်တွင် Check in ပြုလုပ်ကာ နေ့လည်စာ သုံးဆောင်ပါမည်။ ညနေပိုင်းတွင် ဂျပန်ကမာကူရဘုရား၊ သုဇာတာ

အိမ်ကုန်းမြေနေရာ၊ ယနာ၌ဆွမ်းကပ်ရာ နေရာ၊ ရွှေခွက်မှောရာ နေရာ၊ မြက်ရှစ်ဆုပ်လှူဒါန်းသောနေရာများကို လိုက်လံပို့ဆောင် ပေးပါမည်။ ပြီးနောက် မဟာဗောဓိစေတီသို့ သွားရောက်၍ အဖွဲ့မှစီစဉ်ပေးသော ကြာသက်န်း ကို ဘုမိဖဿဘုရားတွင် ကပ်လှူ ပူဇော်၍ သတ္တဌာန(၇)ဌာနကို ဖူးမြော်ကြည်ညိုပါမည်။ ပြီးနောက် ဂယာရှိ ဟိုတယ်တွင် ညစာသုံးဆောင်ကာ အိပ်စက်အနားယူပါမည်။

**Day-2** ဗုဒ္ဓဂယာမှ ရာဇဂြိုဟ် (၃၀-၁၀-၂၀၁၆)

ဟိုတယ်တွင် နံနက်စာ သုံးဆောင်ပြီးနောက် ရာဇဂြိုလ်သို့ ဆက်လက် ထွက်ခွါပါမည်။ လမ်းတွင် မြတ်စွာဘုရား ဒုက္ကရစရိယ ကျင့်သော ဥရုဝေလတောသို့ သွားရောက်ဖူးမြော်ပါမည်။

ထို့နောက် ရာဇဂြိုလ်ရှိ ဝေဘူယျတောင်၊ ဂျပန်ငြိမ်းချမ်းရေး စေတီ၊ ဂိဇ္ဈကုဋ်တောင်၊ ဗိမ္ဗိသာရအကျဉ်းထောင်၊ အဇာတသတ်မင်း တည်သော ဓါတ်တော်တိုက်နှင့် ဆေးဆရာဇီဝက ၏ သရက်ဉယျာဉ် နေရာ၊ ဝေဠုဝန်ကျောင်းနေရာ၊ ဘဏ္ဍာတိုက်၊ ဇာတ်နိမ့်ဇာတ်မြင့် ရေချိုးသော နေရာတို့ကို သွားရောက်ပြီးနောက် ရာဇဂြိုလ်ရှိ ဟိုတယ်တွင် နေ့လည်စာ သုံးဆောင်ပါမည်။ ထို့နောက် နာလန္ဒာ တက္ကသိုလ်ဟောင်းသို့ သွားရောက်လေ့လာပါမည်။ ပြီးနောက် ဟိုတယ် တွင် ညစာသုံးဆောင်ကာ အိပ်စက်အနားယူပါမည်။

**Day-3** ရာဇဂြိုဟ်မှ ဝေသာလီမှ ကုသိနာရုံ (၃၁-၁၀-၂၀၁၆)

ဟိုတယ်တွင် နံနက်စာသုံးဆောင်ပြီးနောက် ဝေသာလီသို့ ခရီးဆက်လက် ထွက်ခွာပါမည်။ ဝေသာလီတွင် နေ့လည်စာ

သုံးဆောင်ပြီးနောက် ဝေသာလီရှိ ဒုတိယသင်္ဂါယနာတင် ရာနေရာ၊ လိစ္ဆဝီမင်းများ၏ ဓါတ်တော်တိုက်နှင့် လိစ္ဆဝီမင်းများ ခေါင်းဆေး မင်္ဂလာပြုရာကန်တို့ကို ဖူးမြော်ပြီးနောက် ကုသိနာရုံသို့ ခရီးဆက်လက်ထွက်ခွာပါမည်။ ညနေပိုင်းတွင် ကုသိနာ ရုံသို့ရောက်ရှိကာ မြတ်စွာဘုရားတေဇောဓါတ်လောင်ကျွမ်းရာ အင်္ဂါရစေတီနှင့် နောက်ဆုံး ရေကြည်တော်သောက်သုံးရာနေရာတို့ကို ဖူးမျှော်ကြည်ညို ပါမည်။ ပြီးနောက် ဟိုတယ်သို့ သွားရောက်ကာ ညစာသုံးဆောင်ပြီး အိပ်စက်အနားယူပါမည်။

## Day-4 ကုသိနာမှ လုမ္ဗိနီ (၁-၁၁-၂၀၁၆)

ဟိုတယ်တွင် နံနက်စာသုံးဆောင်ပြီးနောက် အဖွဲ့မှစီစဉ်ပေး သော ကြာသက်န်းဖြင့် ဘုရား ပရိနိဗ္ဗာန်စံရာ ရုပ်ပွားတော်အား ယောဂီတူညီဝတ်စုံများဖြင့် ကြာသက်န်းကပ်လှူပူ ဇော်ပါမည်။ ထို့နောက် လုမ္ဗိနီသို့ ခရီးဆက်လက်ထွက်ခွာပါမည်။ နေ့လည်စာကို လမ်းခရီးတွင် သုံးဆောင်ပါမည်။ နီပေါလ်နယ်စပ်တွင် ပြည်ဝင်ခွင့် ဗီဇာပြုလုပ်ဆောင်ရွက်ပြီး လုမ္ဗနီသို့ ဆက် လက် ခရီးဆက်ပါမည်။ လုမ္ဗိနီသို့ရောက်လျှင် ဗုဒ္ဓဖွားမြင်ရာ အထိမ်းအမှတ်စေတီနေရာ၊ ပြတိုက်ငယ်နှင့် ရေပူရေအေးစီးဝင်ရာ ရေကန်များကို လေ့လာဖူးမြော် ပါမည်။ ထို့နောက် လုမ္ဗိနီရှိဟိုတယ်တွင် ညစာသုံးဆောင်ပြီး အိပ်စက်အနားယူပါမည်။

## Day-5 လုမ္ဗိနီမှ သာဝတ္ထိ (၂-၁၁-၂၀၁၆)

ဟိုတယ်တွင် နံနက်စာသုံးဆောင်ပြီးနောက် သာဝတ္ထိသို့ ခရီးဆက်လက်ထွက်ခွာပါ မည်။ နေ့လည်စာကို သာဝတ္ထိရှိဟိုတယ်တွင်

သုံးဆောင်ပါမည်။ ပြီးနောက် မြတ်စွာဘုရား (၂၅)ဝါ တိုင်တိုင် သီတင်းသုံးခဲ့သော ဇေတဝန်ကျောင်းတော်ရာအတွင်းရှိ (အာနန္ဒာ ဗောဓိပင်) ရေတွင်းနေရာ၊ ဂန္ဓကုဋီကျောင်းတော်ရာ၊ ရှင်သီဝလိ ကျောင်းတော် တို့ကို သွားရောက်ဖူးမြော် ပါမည်။ ကောသလမင်း ကြီး၏ နန်းတော်ရာ၊ အင်္ဂုလိမာလကျောင်းတော်ရာ၊ စိဉ္စမာနမြေမျို ရာ နေရာ၊ ဒေဝဒတ်မြေမျိုရာနေရာ၊ သရက်ဖြူကုန်းနေရာတို့ကို ပို့ဆောင်ပေးပါမည်။ ညပိုင်း တွင် ဟိုတယ်တွင် ညစာသုံးဆောင်ကာ အိပ်စက်အနားယူပါမည်။

**Day-6** သာဝတ္ထိမှ ဗာရာဏသီ (၃-၁၁-၂၀၁၆)

ဟိုတယ်တွင် နံနက်စာသုံးဆောင်ပြီးနောက် ဗာရာဏသီသို့ ခရီး ဆက်လက်ထွက်ခွာ ပါမည်။ လမ်းတွင် နေ့လည်စာသုံးဆောင်ပြီး ညနေပိုင်းတွင် ဗာရာဏသီသို့ရောက်ရှိကာ ဟိုတယ် Check in ပြုလုပ်ကာ အနားယူပြီး ညစာသုံးဆောင်ကာ အိပ်စက်အနားယူပါမည်။

**Day-7** ဗာရာဏသီ (၄-၁၁-၂၀၁၆)

ဟိုတယ်တွင် နံနက်စာသုံးဆောင်ပြီးနောက် ဗာရာဏသီရှိ ဓမ္မေခ်စေတီ၊ မိဂဒါဝုန် ရှိ ဓမ္မစကြာတရားဦးဟောရာ ဓမ္မရာဇိက စေတီနှင့် မူလဂန္ဓကုဋီတိုက်တို့ကို သွားရောက်ဖူးမြော် ပါမည်။ ဈေးဝယ်နိုင်ရန် ပို့ဆောင်ပေးပါမည်။ ပြီးနောက် ဟိုတယ်တွင် နေ့လည်စာသုံးဆောင် ကာ ခေတ္တအနားယူပါမည်။ ညနေပိုင်းတွင် ဗာရာဏသီမြို့အာ လှည့်ပတ်ကြည့်ရှုပါမည်။ ထို့နောက် ဟိုတယ်သို ပြန်ကာ ညစာသုံးဆောင်ပြီးနောက် အိပ်စက်အနားယူပါမည်။

**Day-8** ဗာရာဏသီမှ ရန်ကုန် (၅-၁၁-၂၀၁၆)

ဟိုတယ်တွင် နံနက်စာသုံးဆောင်ပြီးနောက် ပစ္စည်းများသိမ်းဆည်းကာ နေ့လည်စာ သုံးဆောင်ပြီး လေဆိပ်သို့ ပို့ဆောင်ပေးပါမည်။ နေ့လည်ပိုင်းတွင် မြန်မာနိုင်ငံ အပြည်ပြည် ဆိုင်ရာလေဆိပ်သို့ ရောက်ရှိပြီး ခရီးစဉ်ပြီးဆုံးပါမည်။

ညနေ ၄း၂၀-မိနစ်-ရန်ကုန်

✽✽✽✽✽

## အိန္ဒိယနိုင်ငံ ဝေသာလီမြို့၊ ကူရာဂါရကျောင်း ဗုဒ္ဓမြေတော်ရာ အလှူရှင်များ

| | | | |
|---|---|---|---|
| ၁။ | လှရတနာ ဆရာတော် | ရန်ကုန် | ၃၀၀၀၀ဝိ/ |
| ၂။ | ဦးသုဇာတ | ဝေါ | ၁၀၀၀ဝိ/ |
| ၃။ | ဦးဂုဏသက | ဝေါ | ၁၀၀၀ဝိ/ |
| ၄။ | ဦးငွေအောင် | ဝေါ | ၃၀၀၀၀ဝိ/ |
| ၅။ | ဦးသောင်းရွှေ | ဝေါ | ၃၀၀၀ဝိ/ |
| ၆။ | ဦးမောင်ညွန့် | ဝေါ | ၁၀၀၀၀ဝိ/ |
| ၇။ | ဦးသန်းအောင် | ဝေါ | ၃၀၀၀ဝိ/ |
| ၈။ | ဦးမြင့်လွင် | ဝေါ | ၁၀၀၀၀ဝိ/ |
| ၉။ | ဦးမောင်သိန်း | ဝေါ | ၁၀၀၀၀ဝိ/ |
| ၁၀။ | ဦးမြင့်စိုး | ဝေါ | ၂၀၀၀ဝိ/ |
| ၁၁။ | ဦးမောင်နီ | ဝေါ | ၅၀၀၀ဝိ/ |
| ၁၂။ | ဦးကျင်သန်း | ဝေါ | ၁၀၀၀၀ဝိ/ |
| ၁၃။ | ဦးမြင့်ဦး | ဝေါ | ၃၀၀၀ဝိ/ |
| ၁၄။ | ဦးကျော်ဝင်း | ဝေါ | ၅၀၀၀ဝိ/ |
| ၁၅။ | ဦးအောင်ကိုဦး | ရန်ကုန် | ၃၀၀၀ဝိ/ |
| ၁၆။ | ဒေါ်ခင်တင့် | ရန်ကုန် | ၁၀၀၀၀ဝိ/ |
| ၁၇။ | ဒေါ်သီတာဦး | ရန်ကုန် | ၂၀၀၀၀ဝိ/ |
| ၁၈။ | ဒေါ်ငွေငွေသန်း | ရန်ကုန် | ၁၀၀၀၀ဝိ/ |
| ၁၉။ | အာရှကေရီ တိုးအဖွဲ့ | ရန်ကုန် | ၂၀၀၀၀ဝိ/ |
| ၂၀။ | မောင်လင်း | အမရပူရ | ၅၀၀၀ဝိ/ |

# ရတနသုတ်အစွမ်း အံ့မခန်း

မြတ်စွာဗုဒ္ဓ၏ သင်ကြားပေးချက်အရ အရှင်အာနန္ဒာသည်
ရတနသုတ်ပရိတ်ကို ဝေသာလီပြည် တံတိုင်းသုံးထပ်အတွင်း၌
ညဥ့်သုံးယာမ်ပတ်လုံး ရွတ်ဆိုခဲ့၏။ ဘုရားရှင်သည်လည်း (၇)ရက်ပတ်လုံး
ဆက်တိုက် ဟောကြားခဲ့၏။
သင်္ဂါယတနာတင် ရဟန္တာတို့ကလည်း နေရာ(၂)ဌာန၌ ပြဆိုထားကြ၏။
ရတနာသုတ် ပရိတ်တွင် ဘုရားရှင်သည် ဘုရားရတနာဖြင့်(၃)ကြိမ်၊
တရားရတနာဖြင့်(၂)ကြိမ်၊ သံဃာရတနာဖြင့်(၇)ကြိမ်အားဖြင့်
စုစုပေါင်း(၁၂)ကြိမ်တိုင်တိုင် သစ္စာပြုကာ လောကသားတို့အား
မေတ္တာပွားများ ပို့သပေးခဲ့၏။ သို့ဖြစ်၍ ရတနသုတ်ပရိတ်၏ အမိန့်အာဏာကို
စကြာဝဠာကမ္ဘာတစ်သိန်းမှာ ရှိနေကြသည့် နတ်ဗြဟ္မာတွေ ခံယူကြရ၏။
ရတနသုတ် ပရိတ်ကို နာယူရသူ နတ်လူဗြဟ္မာပရိသတ်အပေါင်း
ငါးသိန်းရှစ်သောင်းရှစ်ထောင်(၅၈၈၀၀၀)တို့ မဂ်ဖိုလ်နိဗ္ဗာန်ကို ရရှိသွားကြ၏။

ဝေသာလီပြည်မှာ ဖြစ်ပေါ်နေသော ရောဂါဘေး၊ ဘီလူးဘေး၊
စီးပွားပျက်ကပ်ဘေးဟုဆိုအပ်သော ဘေးအန္တရာယ်ကြီး(၃)မျိုး လျှင်မြန်စွာ
ပျောက်ကင်းသွား၏။ နတ်ကောင်း,နတ်မြတ်တို့၏ စောင့်မကြည့်ရှုခြင်းကို
ခံယူရ၏။ အနှောက်အယှက်ဟူသမျှကို ကျော်လွှားနိုင်၏။
လိုအင်ဆန္ဒဟူသမျှကို ပြည့်ဝနိုင်၏။ သို့ဖြစ်၍ ရတနသုတ်မှာ
ရတနာသုံးပါးဂုဏ်တော်များကို သစ္စာနှင့် မေတ္တာပါ တွဲဖက်ထားသဖြင့်
လွန်စွာအာဏာ အရှိန်အဝါ ကြီးမား ထူးခြားထက်မြက်သော ပရိတ်တော်အပြင်
ရတနာရှိရာ ရတနာစုနေသည့် လိုတရ,ဘက်စုံရသော
သစ္စာမေတ္တာ မန္တန်တော်ကြီးလည်း ဖြစ်ပေသည်။